# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၇၈)


၁၃၈၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက် ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာ ၇ ရက်၊ တနင်္လာနေ့ အတွဲ (၆၀)၊ အမှတ် (၀၆၈)


# ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းနှင့် ဦးအုန်းမောင် ပအိုဝ်းတိုင်းရင်းသားခေါင်းဆောင် ဦးအောင်ခမ်းထီနှင့်အဖွဲ့အား တွေ့ဆုံ

နေပြည်တော် ဒီဇင်ဘာ ၆

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်တို့သည် ပအိုဝ်းတိုင်းရင်းသားခေါင်းဆောင် ဦးအောင်ခမ်းထီနှင့် အဖွဲ့အား ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပတ်ဝန်းကျင်ရှိ တိုင်းရင်းသားကျေးရွာ ၁၄ ရွာတွင် ပါဝင်သော ပအိုဝ်းတိုင်းရင်းသားများနေထိုင်သည့် ကျေးရွာများတွင် လူထုအခြေပြုခရီးသွားလုပ်ငန်း (Community Based Tourism) အပါအဝင် ကျေးရွာအလိုက် သင့်လျော်သည့် ကျေးလက်ဒေသခရီးသွားလုပ်ငန်းများ ဖော်ဆောင်ရေး၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရနယ်မြေ စိုက်ပျိုးရေးကဏ္ဍတွင် နိုင်ငံတကာအဆင့်မီထုတ်ကုန်များ အရည်အသွေးမီ စိုက်ပျိုးထုတ်လုပ်တင်ပို့နိုင်ရေး၊ ပအိုဝ်းတိုင်းရင်းသားဒေသခံများ၏

စာမျက်နှာ ၃ ကော်လံ ၁ ❖



ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းနှင့် ဦးအုန်းမောင်တို့ ပအိုဝ်းတိုင်းရင်းသားခေါင်းဆောင် ဦးအောင်ခမ်းထီနှင့်အဖွဲ့အား တွေ့ဆုံစဉ်။

သတင်းစဉ်

## ပဲခူးမြစ်ကူးတံတား(ကဝ)နှင့် ကျားတက်တံတား(ပိုင်ကျုံ) ကွန်ကရစ်တံတားဖွင့်ပွဲကျင်းပ

ပဲခူး ဒီဇင်ဘာ ၆

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် ကဝမြို့ရှောင်လမ်းပေါ်ရှိ ပဲခူးမြစ်ကူးတံတား(ကဝ)ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၆ ရက် နံနက် ၉ နာရီက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များနှင့်အညီ ကျင်းပသည်။

လက်ရှိအသုံးပြုနေသည့် ပဲခူးမြစ်ကူးတံတား(ကဝ) ဘေလီတံတားသည် တစ်လမ်းသွား ဘေလီတံတားဖြစ်ပြီး ကဝမြို့တွင်းကို ဖြတ်သန်းသွားလာရသည့်အတွက် ယာဉ်ကြောကျပ်တည်းမှုများဖြစ်ပေါ်ကာ ယာဉ်အန္တရာယ်များပြားလာသောကြောင့် ကဝမြို့ရှောင်လမ်းကို တည်ဆောက်

စာမျက်နှာ ၄ ကော်လံ ၁ ●



ပဲခူးမြစ်ကူးတံတား(ကဝ)။

### ရန်ကုန်တက္ကသိုလ် ရာပြည့်သဘင်မှသည်.... နှစ်တစ်ရာပြည့် အမျိုးသားအောင်ပွဲနေ့ဆီသို့

ရာပြည့်အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်ဆောင်းပါး စာ » ၆၊၇

............................

### ရန်ကုန်တက္ကသိုလ် နှစ်(၁၀၀)ခရီး တက္ကသိုလ်အိပ်မက်

ရန်ကုန်တက္ကသိုလ် နှစ်တစ်ရာပြည့် အထိမ်းအမှတ်ဆောင်းပါး စာ » ၈၊ ၉

............................

### အီးယူနှင့် ဗြိတိန်တို့ ကုန်သွယ်ရေးဆွေးနွေးပွဲ ပြန်လည်စတင်

နိုင်ငံတကာသတင်း စာ » ၁၂




# ကိုဗစ်လှိုင်းဂယက်နှင့် အနာဂတ်ခရီး

ကိုဗစ်ရောဂါ၏ အန္တရာယ်ကိုအကြောင်းပြု၍ ၂၀၂၀ ပြည့်နှစ် မည်သို့မည်ပုံ ကုန်ဆုံးသွားသည်ကို လူအများတို့ ဂရုမပြုနိုင်လောက်အောင် ဖြစ်ခဲ့ရသည်။ ကမ္ဘာသုံးပြက္ခဒိန်အရဆိုလျှင် ယခုလသည် ၂၀၂၀ ပြည့်နှစ်၏ နောက်ဆုံးလဖြစ်၏။ နှစ်တစ်နှစ်သည်ပင် တရွေ့ရွေ့ဖြင့် ကုန်ဆုံးတော့မည်တည်း။

ကိုဗစ်–၁၉ ဗိုင်းရပ်စ်ပိုးသည် ကူးစက်လွယ်၏။ အထူးသဖြင့် လူချင်းထိတွေ့ဆက်ဆံမှု နီးကပ်သည်ဆိုလျှင် ရောဂါပိုးကူးစက်ရန် လွယ်ကူ၏။ သည်လိုဖြင့် ကိုဗစ်ရောဂါပိုးကူးစက်ပြန့်ပွားမှုနှုန်းသည် တစ်စတစ်စ အရှိန်မြင့်တက်လာကာ ကမ္ဘာတစ်ဝန်းသို့ ပျံ့နှံ့သွားတော့သည်။

သည်လိုနှင့် တရုတ်နိုင်ငံ ဝူဟန်မြို့ကစသည့် ကိုဗစ်ရောဂါသည် တဖြည်းဖြည်းချင်း အရှိန်မြင့်တက် ကူးစက်ပျံ့နှံ့သွားခဲ့ရာ၊ တစ်နှစ်ဆိုသည့် အချိန်မတိုင်မီမှာ ကမ္ဘာတစ်ခွင်က လူများစွာကို ရောဂါ ဖြစ်ပွားစေခဲ့သည်။ လူ့အသက်များစွာကို ခြွေခဲ့လေသည်။ ယနေ့ဆိုလျှင် ပိုးကူးစက်ကာ ရောဂါဖြစ်သူ ကမ္ဘာတစ်ခွင်၌ ၆၇ သန်းကျော် ရှိသွားပြီ။ ကိုဗစ်ကြောင့် သေဆုံးသူဦးရေ တစ်သန်းခွဲကျော်ခဲ့ပြီ။

မြန်မာနိုင်ငံတွင် ရောဂါပိုးကူးစက်ခံရသူ စုစုပေါင်း တစ်သိန်းနီးပါးရှိလာပြီး သေဆုံးလူနာ ၂၁၀၀ စွန်းစွန်းရှိနေပြီ။

တစ်နှစ်တာကာလပတ်လုံး လူအများ ခရီးသွားလာခြင်းပြုရန် မဖြစ်နိုင်ခဲ့။ ခရီးသွားလုပ်ငန်းတစ်ခုလုံး ရပ်တန့်သွားခဲ့၏။ ဟိုတယ်များအားလုံး ပိတ်ထားရ၏။ အလှကုန်များ၊ ဖက်ရှင်အဝတ်အစား လုပ်ငန်းများ ရပ်တန့်ကုန်၏။ ဆေးဝါးနှင့် စားသောက်ကုန်မှလွဲလျှင် အားလုံးလိုလိုသော ရောင်းဝယ်ဖောက်ကားမှုတို့ဆိုင်းသွား၏။ လေထဲက ဆက်သွယ်မှာယူ၊ အိမ်အရောက်ပို့ ဖြစ်လာ၏။ သွားလာစရာ ရှားပါးသွား၏။ ပွဲလမ်းသဘင်မရှိ။ ရုပ်မြင်သံကြားကို အဖော်ပြု၊ အပြင်ထွက်စရာမလိုသော ပျော်ရွှင်မှုကိုရှာ။

အစားအသောက်မျိုးစုံကို အိမ်မှာ ချက်ပြုတ်စားသောက်ကြ၊ အချုပ်အလုပ် အိမ်တွင်းမှာပင် လုပ်ကြ။ လူမှုဆက်ဆံရေးတစ်ခုလုံး လိုလိုသည် လေထဲမှာ၊ လိုင်းပေါ်မှာ။

အပြင်မထွက်ရ၊ အိမ်တွင်းပုန်းလုပ်ရ၊ ပွဲလမ်းသဘင်ကင်းဝေး။ ခါတိုင်းလို ကြော့ကြော့မော့မော့ သွားလာလှည့်လည် ဈေးဝယ်လျှောက်ကြည့် စသည့် အပန်းဖြေမှုက မရှိသလောက်ဖြစ်ကြ။ သည်လိုထဲတွင် ရင်းနှီးခင်မင်သူများ၊ ဆွေမျိုးမိတ်သင်္ဂဟများထဲက ရောဂါဖြစ်သည့်သတင်းများ၊ သေဆုံးကွယ်လွန်မှုများကလည်း လူကို ပူပင်ထိတ်လန့်ဖြစ်စေ၊ ကိုယ်တိုင် ရောဂါဖြစ်မှာပူရ၊ မိသားစုအတွက် ပူပန်ရ၊ စီးပွားရေးမလုပ်နိုင်၊ အလုပ်အကိုင်တို့ ရပ်တန့်၊ ဝင်ငွေထိခိုက် စသည်ဖြင့် စိတ်ဖိစီးမှုများဖြင့် ရင်ဆိုင်လာကြရသည်။

လူတစ်ဦးချင်း၏ ဘဝများကို ထိခိုက်စေသကဲ့သို့ နိုင်ငံအနေဖြင့်လည်း များစွာနစ်နာခဲ့ပြီ။ နိုင်ငံ၏ ကျန်းမာရေးစရိတ်က မနည်း၊ စီးပွားရေးလုပ်ငန်းများက မရှိသလောက်။ ခရီးသွားနှင့် ဟိုတယ်လုပ်ငန်းများ ရပ်တန့်သွားရခြင်းကပင် နိုင်ငံ၏ ဝင်ငွေများစွာကို လျော့ကျစေခဲ့ပြီဖြစ်၏။ မြန်မာနိုင်ငံက ဓနငွေကြေးပြည့်စုံသည့် နိုင်ငံမဟုတ်သည့်အတွက် ရောဂါပိုးကူးစက်ခံရသူ၊ ရောဂါပိုးကူးစက်ခံရနိုင်သည်ဟု သံသယရှိသူအားလုံးကို သီးသန့်ခွဲခြားထားသည့် နေရာဌာနများကို ပြင်ဆင်ခဲ့ရ၏။ ထိုသူတို့ နေရေးထိုင်ရေးစားရေးသောက်ရေး အသုံးပြုနိုင်မည့် သောက်ရေသုံးရေကအစ စွန့်ပစ်အမှိုက်များကို ရှင်းလင်းရေးအထိ တာဝန်ယူဆောင်ရွက်ပေးရသည်မှာ လွယ်ကူမည်မဟုတ်ကြောင်း ရှင်းပြရန် လိုမည်မထင်။ မချမ်းသာသော နိုင်ငံတစ်ခုအတွက် ကုန်ကျစရိတ်မှန်သမျှသည် ဝန်ထုပ်ဝန်ပိုးသာ သိန်းသန်းချီသော ငွေအလုံးအရင်းကို သုံးခဲ့ရသည်။ လူတစ်ဦးချင်း၏ ရောဂါပိုးကာကွယ်ရေးသည် မည်မျှလောက် တာသွားသည်ဆိုခြင်းကို ရိပ်စားမိနိုင်ပါသည်။

မကြာမီတွင် ကာကွယ်ဆေးများ လှိုင်လှိုင် ထွက်လာမည်ဟု မျှော်လင့်ရ၏။ လှိုင်လှိုင်ဆိုသော်လည်း ကာကွယ်ဆေးထိုးနှံမှုသည် ဈေးပေါပေါ လွယ်လွယ်ကူကူ ဖြစ်နိုင်လိမ့်မည်မဟုတ်။ ကမ္ဘာနှင့်ချီ ခံစားနေရသော ရောဂါ ဖြစ်ခြင်းကြောင့် ကာကွယ်ဆေးရရှိဖို့ကိုပင် မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာတွင် အပြိုင်အဆိုင်ကြိုးစားရ ဦးမည်။ ကျန်းမာရေး ပြဿနာကို ထိန်းချုပ်နိုင်ပြီဆိုလျှင်ပင် စီးပွားရေးပြန်လည်ဦးမော့နိုင်ရေး၊ ခေါင်းထောင်နိုင်ရေး၊ နာလန်ထူနိုင်ရေးကို အင်တိုက်အားတိုက် ပြိုင်ဆိုင်ကြရဦးမည်။

အချုပ်ကိုဆိုရလျှင် နိုင်ငံသားတို့ ကျန်းမာဖို့လို၏၊ ရောဂါပိုးကူးစက်မှုကို အတတ်နိုင်ဆုံး ထိန်းချုပ်ကာကွယ်နိုင်ဖို့လို၏ ဆိုသည်ကို အကြောင်းပြချက်များစွာ ပေးစရာမလိုလောက်။ လူ့စွမ်းအားရင်းမြစ်များ သန်မာအားကောင်း နေဖို့လိုသည်။ အနာဂတ်ကို အင်သစ် အားသစ်ဖြင့် ရင်ဆိုင်နိုင်ကြမှ ဖြစ်မည်။ လက်ဆေး၊ လူစုလူဝေးရှောင်၊ နှာခေါင်းစည်းတပ် စသည့် ရောဂါပိုးကာကွယ်ရေးအခြေခံတို့ကို အရေးကြီးဆုံးသော စောင့်ထိန်းမှုအဖြစ် ခံယူကျင့်ကြံကြရန် လိုပါပြီ။

စိတ်အားတက်ကြွစွာ စည်းကမ်းလိုက်နာရင်း အနာဂတ်ကို ရင်ဆိုင်ကျော်လွှားကြပါစို့။ ။

## ၂၀၂၀ ပြည့်နှစ်၊ နှစ်တစ်ရာပြည့် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များ

★ ကျောင်းနေအရွယ် လူငယ်အားလုံး အခြေခံပညာသင်ယူခွင့် ရရှိရေး၊
★ လူမှုစီးပွားရေးအတွက် လက်တွေ့ကျ အကျိုးပြုသည့် ဘာသာရပ်များ တစ်သက်တာ သင်ယူမှုအခွင့်အလမ်းရရှိရေး၊
★ ပြည်ထောင်စုကြီး ဖက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားဒေသများ၌ ပညာရေးတွင် ပိုမိုပံ့ပိုး ရင်းနှီးမြှုပ်နှံရေး၊
★ ပညာရေးဖွံ့ဖြိုးမှုအတွက် နည်းပညာနှင့် အခြေခံအဆောက်အဦများ ပြည့်ဆည်းရေး၊
★ တိုင်းရင်းသားအားလုံး၏ စုပေါင်းအင်အားဖြင့် ဒီမိုကရေစီ ဖက်ဒရယ် ပြည်ထောင်စု တည်ဆောက်ရေး။

## ၂၀၂၀ ပြည့်နှစ်၊ နှစ်တစ်ရာပြည့် အမျိုးသားအောင်ပွဲနေ့ ဆောင်ပုဒ်

★ ရာပြည့်အမျိုးသားအောင်ပွဲနေ့မှသည် တိုင်းရင်းသားအားလုံး ပူးပေါင်းဆောင်ရွက်လို့ ပြည်ထောင်စု ငြိမ်းချမ်းရေး တည်ဆောက်စို့။

၁၃၈၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀)ရက်
(၉–၁၂–၂၀၂၀)

## ကြည့်မြင်တိုင်မြို့နယ်တွင် ဒုတိယမြောက် ဖျားနာကု ဆေးခန်းထပ်မံဖွင့်လှစ်မည်

**ရန်ကုန် ဒီဇင်ဘာ ၆**

ကြည့်မြင်တိုင်မြို့နယ်တွင် ပထမဆုံး လူထုအခြေပြုဖျားနာကုသအခမဲ့ဆေးခန်းကို ၂၀၂၀ ပြည့်နှစ် မေလတွင် စတင်ဖွင့်လှစ်ခဲ့ပြီးနောက် လာရောက်ပြသသည့် အနံ့ပျောက်လူနာများ ကိုဗစ် – ၁၉ ရောဂါပိုးတွေ့လူနာများပြားလာမှုကြောင့် ကြည့်မြင်တိုင်တစ်ဖက်ကမ်းတွင် ဒုတိယမြောက် လူထုအခြေပြု ဖျားနာကုသအခမဲ့ ဆေးခန်းကို ထပ်မံဖွင့်လှစ်မည်ဖြစ်သည်။ ကြည့်မြင်တိုင်တစ်ဖက်ကမ်းမှ လူနာများဆေးခန်းသို့လာရောက်ပြသရာတွင် အခက်အခဲရှိမှုကြောင့် တာဝန်ရှိသူများ အုပ်ချုပ်ရေးမှူးနှင့် ပူးပေါင်း၍ ကြည့်မြင်တိုင်တစ်ဖက်ကမ်းရှိ အလက ၃ ကျောင်းတွင် ဖွင့်လှစ်ရန် ပြင်ဆင်နေကြောင်း လူထုအခြေပြု ဖျားနာကုသအခမဲ့ဆေးခန်း ကြည့်မြင်တိုင်မြို့နယ် တာဝန်ခံ ဆရာဝန် ဒေါက်တာ အောင်မွန်ကျော်က ပြောသည်။

အဆိုပါဆေးခန်းတွင် ကိုဗစ် – ၁၉ ရောဂါလက္ခဏာဖြစ်သည့် ဖျားနာ၊ ချောင်းဆိုး၊ အနံ့ပျောက်ရောဂါများ အပြင် အထွေထွေရောဂါများကိုပါ ကုသပေးနိုင်ရန် ပြင်ဆင်ထားပြီး ဆရာဝန်၊ သူနာပြုနှင့်စေတနာ့ဝန်ထမ်း အဖွဲ့အင်အား ၁၀ ဦးဖြင့် ကြည့်ရှုကုသပေးရန် စီစဉ်ထားကြောင်း သိရသည်။

တာဝန်ခံဆရာဝန် ဒေါက်တာ အောင်မွန်ကျော်က “ကိုဗစ် – ၁၉ ရောဂါကို ထိန်းချုပ်ချင်တယ်။ လူတွေလာပြလို့ရအောင် အနံ့ပျောက် ကိုဗစ် – ၁၉ ရောဂါတစ်ခုတည်း မဟုတ်ဘဲ တခြားအထွေထွေရောဂါဖြစ်တဲ့ ဖျားနာ၊ နှာစေး၊ ချောင်းဆိုး ရောဂါတွေကိုပါ ကုသပေးဖို့ပြင်ဆင်ထားတယ်” ဟု ပြောသည်။

ယင်းဆေးခန်းကို ဒီဇင်ဘာ ၁၃ ရက်တွင် ဖွင့်လှစ်မည်ဖြစ်ပြီး အပတ်စဉ် တနင်္ဂနွေတစ်ရက်တည်း နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

**အောင်သူရ**

## ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ COVID-19 ရောဂါကုသရန် သွေးရည်ကြည်အလှူရှင်များဖိတ်ခေါ်ခြင်း

❖ COVID–19 ရောဂါပိုးကူးစက်ခံရပြီး ရောဂါပျောက်ကင်းသူများ၏ သွေးရည်ကြည်ထဲတွင် ကိုရိုနာဗိုင်းရပ်(စ်)ပိုး (severe acute respiratory syndrome coronavirus 2– SARS–CoV–2) ကို ခုခံကာကွယ်နိုင်သော ပဋိပစ္စည်း ( Antibody) များ ကျန်ရစ်သည့် ၎င်းတို့၏ သွေးရည်ကြည် (Convalescence Plasma) အား အသုံးပြု၍ COVID–19 ရောဂါ ပြင်းထန်သောလူနာများကို ကုသရာတွင် ရောဂါသက်သာ ပျောက်ကင်းရန် အထောက်အကူပြုကြောင်း တွေ့ရှိရပါသည်။

❖ ကိုရိုနာဗိုင်းရပ်(စ်)ပိုး (SARS–CoV–2) ကူးစက်ခံရပြီး (၂၈) ရက်တိတိ ပကတိ ပြန်လည်နေထိုင်ကောင်းလာသူများအနေနှင့် ၎င်းတို့၏ သွေးရည်ကြည်ကို လှူဒါန်းခြင်းဖြင့် ကိုဗစ်ရောဂါ ပြင်းထန်စွာ ခံစားနေသော လူနာများ၏အသက်ကို ကယ်တင်ပေးနိုင်မည်ဖြစ်သည်။

❖ သွေးရည်ကြည်အလှူရှင်ထံမှ သွေးရည်ကြည်ထုတ်ယူရာတွင် ယခုအခါ သွေးရည်ကြည်ထုတ်စက် (Apheresis machine) ကို အသုံးပြု၍ သွေးရည်ကြည် (၄၀၀) စီစီမှ (၆၀၀)စီစီအထိ ထုတ်ယူနိုင်၍ လူနာ(၂) ဦးမှ (၃)ဦးအတွက် အသုံးပြုနိုင်မည်ဖြစ်သည်။ သွေးရည်ကြည်လှူဒါန်းရာတွင် အလှူရှင်၏ သွေးနီဥများကို အလှူရှင်၏ ကိုယ်ခန္ဓာတွင်းသို့ စက်မှ တစ်ဆင့် ပြန်လည်သွင်းပေးခြင်းဖြင့် သွေးရည်ကြည် အလှူရှင်မှာ သွေးအား လျော့နည်းသွားခြင်းမရှိပါ။

❖ ဤကဲ့သို့ သွေးရည်ကြည်လှူဒါန်းခြင်းကို (၂)ပတ်မှ (၄)ပတ် တစ်ကြိမ် (၃) ကြိမ်ထိ လှူဒါန်းနိုင်၍ သွေးရည်ကြည်လှူဒါန်းသူတစ်ဦးမှ တစ်ဦးထက်မကသော ကိုဗစ်လူနာအသက်များကို ကယ်တင်နိုင်မည် ဖြစ်ပါသည်။

❖ သွေးရည်ကြည်အလှူရှင်သည် ကိုရိုနာဗိုင်းရပ်(စ်)ပိုး ( SARS–CoV–2) ကူးစက်ခံရပြီး (၂၈) ရက်ထက်မနည်း နေကောင်းနေသူ ဖြစ်ရပါမည်။ အသက်(၁၈)နှစ်မှ (၆၀)နှစ် ရှိရမည်။ ကိုယ်အလေးချိန် ပေါင် ၁၂၀ (ကျား) နှင့် ပေါင် ၁၁၀ (မ) အနည်းဆုံးရှိရပါမည်။ ကျန်းမာနေကောင်းရမည်။ သာမန်သွေးလှူရှင်များ၏ ကျန်းမာရေးကို မထိခိုက်စေရန် ဆောင်ရွက်သော စည်းကမ်းများအတိုင်း ဆောင်ရွက်ပေးမည်ဖြစ်သည်။ သွေးရည်ကြည်မလှူဒါန်းမီ ကျန်းမာရေးစစ်ဆေးပေးမည်ဖြစ်သည်။

❖ အမျိုးသားသွေးဌာနမှ COVID–19 ရောဂါမှ ပြန်လည်ကောင်းမွန်သူများ၏ သွေးရည်ကြည် စုဆောင်းသည့်လုပ်ငန်းကို ဆောင်ရွက်နေပြီး ရန်ကုန်မြို့၊ ဦးဝိစာရလမ်း၊ ဇီဝကလမ်းခွဲရှိ ဆေးသုတေသနဦးစီးဌာနတွင် သွေးရည်ကြည် လှူဒါန်းနိုင်ရန် သီးသန့်အခန်း ဖွင့်လှစ်ထားပါသည်။ COVID–19 ရောဂါ ပြင်းထန်သောလူနာများ၏ အသက်ကို ကယ်တင်နိုင်ရန် စေတနာရှင် သွေးရည်ကြည်အလှူရှင်များကို ဖိတ်ခေါ်အပ်ပါသည်။

❖ သွေးရည်ကြည်လှူဒါန်းရန် အောက်ပါဖုန်းနံပါတ်နှင့် Website တို့ကို ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

- ၀၉–၅၁၃၀၄၁၈
- ၀၉–၅၄၀၂၀၉၈
- ၀၉–၉၆၅၁၃၀၄၁၈
- www.donatebloodmyanmar.org

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

## စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်မယ်

**တစ်တိုင်းပြည်လုံး ကြီးပွားစေချင်ရင် လူအား၊ ငွေအား၊ ပစ္စည်းအားနဲ့ စုပေါင်းပြီး အင်တိုက်အားတိုက်လုပ်နိုင်မှ အကျိုးခံစားခွင့် ရှိကြမှာပဲ။ ဗမာကတစ်မျိုး၊ ကရင်က တစ်ဖုံ၊ ရှမ်း၊ ကချင်၊ ချင်းတို့က တခြား၊ အကွဲကွဲအပြားပြား လုပ်နေကြရင် အကျိုးရှိမှာ မဟုတ်ဘူး။ စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်မယ်။ လုပ်ကြည့်မှလည်း အကျိုးရှိကြောင်း သိနိုင်တယ်။**

**(ဗိုလ်ချုပ်အောင်ဆန်း၏ (၁၁-၂-၁၉၄၇) ရက်နေ့တွင် ပင်လုံမြို့ စော်ဘွားများ ထမင်းစားပွဲတွင် ပြောကြားသော မိန့်ခွန်းမှ ကောက်နုတ်ချက်)**



ရွှေကြက်ယက်၊ ရွှေကြက်ကျဘုရား ဓာတ်ပုံ - သန့်ဇော်ဦး

# ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်နှင့် သစ်တောသုတေသနဌာနတို့ရှိ သင်ကြားရေးနှင့် သုတေသနလုပ်ငန်းများ စစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၆**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် ယမန်နေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်အတွင်းရှိ သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်၊ ရေဆင်းဘွဲ့နှင်းသဘင်ခန်းမတွင် တက္ကသိုလ်သင်ကြားရေး ဘာသာရပ်ဆိုင်ရာ ဆရာ ဆရာမများနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ် ပါမောက္ခချုပ်က တက္ကသိုလ်ဆိုင်ရာ အချက်အလက်များ၊ ဆရာ/ဆရာမများ ခန့်ထားနိုင်မှု၊ တက္ကသိုလ်ဝင်ခွင့် လက်ခံနိုင်မည့် ကျောင်းသား ကျောင်းသူအရေအတွက်၊ တက္ကသိုလ်ဝင်ခွင့် သတ်မှတ်ထားသည့် စံအချက်များနှင့် စာသင်နှစ်အလိုက် သင်ကြားမည့် ဘာသာရပ်များကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ဘာသာရပ်ဆိုင်ရာ ဆရာ/ဆရာမများအား ရာထူးတိုးမြှင့်ခန့်ထားရေးနှင့် ဖွဲ့စည်းပုံပါ ခွင့်ပြုအင်အားအတိုင်း ခန့်ထားနိုင်ရေးတို့အတွက် ဝန်ကြီးဌာနမှ “မူ” များ၊ ပညာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသည့် အချက်များနှင့်အညီ ဆောင်ရွက်နိုင်ရေး လိုအပ်သည်များကို မှာကြားသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဘာသာရပ်အလိုက် သင်ကြားရေးဆိုင်ရာ ဆရာ/ ဆရာမများအား ၎င်းတို့၏ စာသင်ကြားမှု အတွေ့အကြုံများ၊ အခက်အခဲများနှင့် ဖြေရှင်းနိုင်မည့် နည်းလမ်းများကို မေးမြန်းခဲ့ပြီး တက္ကသိုလ်သင်ကြားရေးအပိုင်း ပိုမိုအဆင့်မြှင့်တင်နိုင်ရေး ဆရာ/ ဆရာမများအား စဉ်ဆက်မပြတ် လေ့လာသင်ယူရန်နှင့် မိမိ၏ အားနည်းချက် လိုအပ်ချက်များကို အမြဲသုံးသပ်ပြင်ဆင်ရန်၊ မြန်မာနိုင်ငံတွင် သစ်တောပညာရပ်ကို ရန်ကုန်တက္ကသိုလ်၌ ၁၉၂၃ ခုနှစ်တွင် စတင်ဖွင့်လှစ်သင်ကြားပို့ချခဲ့ရာ လာမည့် ၂၀၂၃ ခုနှစ်တွင် နှစ် (၁၀၀) ပြည့်မည်ဖြစ်ပါကြောင်း၊ သစ်တောပညာ ရာပြည့်အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး လိုအပ်သည်များ ကြိုတင်ဆွေးနွေးတိုင်ပင်ထားရန်နှင့် လုပ်ငန်းကော်မတီများ ဖွဲ့စည်းဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် သစ်တောသုတေသနဌာန ရေဆင်းရှိ Chinese Academy of Sciences နှင့် ပူးပေါင်းဆောင်ရွက်သည့် Southeast Asia Biodiversity Research Institute မှ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းကာကွယ်ရေး သုတေသနစီမံကိန်းရလဒ်များကို ကြည့်ရှုစစ်ဆေး၍ စီမံကိန်းရလဒ်များအား အင်္ဂလိပ်/ မြန်မာ နှစ်ဘာသာဖြင့် စာအုပ်ထုတ်ဝေနိုင်ရေး မှာကြားသည်။

ထို့နောက် သစ်တောသုတေသနဌာန တာဝန်ရှိသူများက (၃၂) ကြိမ်မြောက် သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာ သုတေသနစာတမ်းဖတ်ပွဲ အခမ်းအနားအတွက် Virtual Event စနစ်ဖြင့် ကျင်းပမည့်အစီအစဉ် သရုပ်ပြဆောင်ရွက်မှုကို ကြည့်ရှုစစ်ဆေးခဲ့ပြီး စာတမ်းအကျဉ်းချုပ်များအား အင်္ဂလိပ်/မြန်မာ နှစ်ဘာသာဖြင့်ပြုစု၍ အင်တာနက် ဝက်ဘ်ဆိုဒ် နှင့် Facebook Account များတွင် ကြိုတင်ဖြန့်ဝေကြေညာထားရန် မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် အပင်တစ်သျှူးမွေးမြူခြင်းဓာတ်ခွဲခန်း (Plant Tissue Culture Lab) အတွင်း တမလန်းပျိုးပင်များ မွေးမြူထုတ်လုပ်နေမှုနှင့် ပျိုးပင်ပေါက်များ စမ်းသပ်စိုက်ပျိုးထားမှုကို ကြည့်ရှုစစ်ဆေးသည်။ (ဓါတ်ပုံ)

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့အား တာဝန်ရှိသူများက သစ်တောသုတေသနဌာန စုဝေးခန်းမအတွင်း (၃၂) ကြိမ်မြောက် သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာ သုတေသနစာတမ်းဖတ်ပွဲ အခမ်းအနားအတွက် အသေးစိတ် ပြင်ဆင်ထားရှိမှုများ၊ အာရှ-ပစိဖိတ်ဒေသ သစ်တောများ စဉ်ဆက်မပြတ် စီမံအုပ်ချုပ်ခြင်းနှင့် သစ်တောများ ပြန်လည်ထူထောင်ခြင်းကွန်ရက် (Asia Pacific Forest Rehabilitation and Sustainable management Network (APFNet) နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် မဲခေါင်ဒေသ (မြန်မာနိုင်ငံ)တွင် သစ်တောဂေဟစနစ်များကို ဘက်စုံစီမံအုပ်ချုပ်ခြင်းနှင့် သရုပ်ပြခြင်း စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုများနှင့် ထင်းရှူးစိုက်ခင်းများအတွင်း ပင်ကျပ်နုတ်ခြင်းအတွက် သုတေသနတွေ့ရှိချက်များအား ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

❖ *ရှေ့ဖုံးမှ*

လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးမြှင့်ရရှိစေရေး၊ ခရီးသွားလုပ်ငန်းနှင့် ရင်းနှီးမြှုပ်နှံမှုများမှတစ်ဆင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် အခြေအနေများကို သက်ဆိုင်ရာ ကဏ္ဍအလိုက် အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးဗရတ်ဆင်းနှင့် ဦးတင်လတ်၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီအဖွဲ့ဝင် ဦးမင်းသူ၊ ပျဉ်းမနားမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုးအောင်တို့ တက်ရောက်ကြသည်။

သတင်းစဉ်

## တောင်သူ့အားမာန် မျိုးစေ့ထုတ်သမဝါယမအသင်းက ဆင်းသုခမျိုးသန့်စပါးများနှင့် ပဲတီစိမ်းရေဆင်း ၁၄ မျိုး စိုက်ပျိုး

**မကွေး ဒီဇင်ဘာ ၆**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် သမဝါယမအသင်းစုနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်း၍ တောင်သူ့အားမာန် မျိုးစေ့ထုတ်သမဝါယမအသင်းက ကိုဗစ်-၁၉ စီးပွားရေးကုစားမှုအစီအစဉ် (CERP) အထောက်အပံ့ဖြင့် ဆင်းသုခမျိုးသန့်စပါးများကို စိုက်ပျိုးခဲ့ပြီး ယခုအခါ ထွက်ရှိလာသော ဆင်းသုခစပါးမျိုးများကို ဒေသအတွင်းနှင့် အခြားဒေသရှိ တောင်သူဦးကြီးများထံသို့ ဆက်လက်ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်သည်။

ထို့ပြင် ပဲတီစိမ်းရေဆင်း ၁၄ မျိုးကို စိုက်ပျိုးထားရှိပြီး အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်းနှင့် စီပီအစေ့ထုတ်ပြောင်း၊ ကြက်သွန်နီ၊ ကုလားပဲ၊ နှမ်းနှင့် မြေပဲ၊ အခြားသီးနှံများကိုလည်း စိုက်ပျိုးထားရှိကြောင်း သိရသည်။



သတင်းစဉ်

# မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို ပွင့်ဖြူမြို့နယ် ရေကျော်ချောင်းကူးတံတား တည်ဆောက်နေမှုနှင့် မုန်းဇလဲကျေးရွာရှိ ကျေးရွာအုပ်ချုပ်ရေးမှူးရုံး ဆောက်လုပ်နေမှုအား ကွင်းဆင်းစစ်ဆေး

**ပွင့်ဖြူ ဒီဇင်ဘာ ၆**

မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုသည် တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့ မွန်းတည့် ၁၂ နာရီက ပွင့်ဖြူမြို့နယ် ကျေးလက်နေ ဒေသခံပြည်သူများ ရာသီမရွေး အဆင်ပြေစွာ သွားလာနိုင်ရေးအတွက် ပွင့်ဖြူမြို့ - မုန်းဇလဲကျေးရွာ ရေကျော်ချောင်းကူးတံတား တည်ဆောက်နေမှုနှင့် မုန်းဇလဲကျေးရွာတွင် ကျေးရွာအုပ်ချုပ်ရေးမှူးရုံး ဆောက်လုပ်နေမှုတို့ကို ကွင်းဆင်းစစ်ဆေးသည်။

ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ တံတားတည်ဆောက်ရေးအဖွဲ့မှ ၂၀၂၀- ၂၀၂၁ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ်သန်း ၂၅၀ ဖြင့် ပွင့်ဖြူ မြို့ - မုန်းဇလဲကျေးရွာ ရေကျော်ချောင်း အရှည် ပေ ၈၀ အား သံကူကွန်ကရစ်ဘေလီတံတား တာဝန်ယူ တည်ဆောက်နေမှုကို ကွင်းဆင်းစစ်ဆေးရာ တံတားတည်ဆောက်ရေးအဖွဲ့မှ တာဝန်ခံအင်ဂျင်နီယာဦးလွင်အေးက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။



ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကျေးလက်နေ ပြည်သူများ အဆင်ပြေစွာ ဖြတ်သန်းသွားလာနိုင်ရေး အတွက် လုပ်ငန်းအရည်အသွေးပြည့်မီအောင် ကြိုးပမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ တံတားတည်ဆောက်နေမှုကို မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ တံတားတည်ဆောက်ရေးအဖွဲ့က တာဝန်ယူ၍ ၂၀၂၀ ပြည့်နှစ် မတ်လဆန်းပိုင်းက စတင်တည်ဆောက်ခဲ့ပြီး ယခုအခါ ၈၅ ရာခိုင်နှုန်းခန့် ပြီးစီးသွားပြီဖြစ်ကြောင်း၊ အဆိုပါတံတား တည်ဆောက်ပြီးစီးပါက မုန်းဇလဲကျေးရွာနှင့် အနီးဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများ မြို့ပြနှင့် ကျေးလက်ရာသီမရွေး အဆင်ပြေစွာ ကူးလူးဖြတ်သန်း သွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မုန်းဇလဲကျေးရွာတွင် နိုင်ငံတော်အစိုးရမှ အုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်သွားနိုင်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် အလျား ၂၇ ပေ၊ အနံ ၁၈ ပေရှိ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးသစ် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးရာ (ဝဲပုံ) မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်းအောင်နှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများအား ရှင်းလင်းတင်ပြခဲ့သည်။

ထို့နောက် ဝန်ကြီးချုပ်က ကျေးရွာအုပ်ချုပ်ရေးမှူးရုံးသစ် ဆောက်လုပ်နေမှုနှင့် ပတ်သက်ပြီး လုပ်ငန်းအရည်အသွေးပြည့်မီရေးနှင့် အချိန်မီပြီးစီးအောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ပြန်/ဆက်)**

## အများအားဖြင့် သာယာမည်

**နေပြည်တော် ဒီဇင်ဘာ ၆**

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအသင့်အတင့် ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ရှစ်ပေခန့် ရှိနိုင်သည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ အထက်ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်သည်။ **မိုး/ဇလ**

# စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် ရွှေဘိုမြို့နယ်ရှိ အသွားအလာကန့်သတ်ထားသည့် နေရာများသို့ ကြည့်ရှုစစ်ဆေး

**ရွှေဘို ဒီဇင်ဘာ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်သည် တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး ဦးမိုးကျော်သူ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တို့နှင့်အတူ ယနေ့နံနက်ပိုင်းက ရွှေဘိုမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် ညောင်ပင်သာ အခြေခံပညာ အထက်တန်းကျောင်း၊ စိုက်သိပ္ပံကျောင်းနှင့် ဘိုးတော်တောကျေးရွာတို့တွင် ဖွင့်လှစ်ထားရှိသော အသွားအလာကန့်သတ်ထားသည့် နေရာများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် လိုအပ်သော ကျန်းမာရေးသုံးပစ္စည်းများနှင့် စားသောက်ဖွယ်ရာများအဖြစ် ရေသန့်ဘူး၊ ပါးစပ်နှာခေါင်းစည်း၊ ငါး၊ ခေါက်ဆွဲခြောက်၊ ဆန်၊ ဆီနှင့် ဆား တို့ကို တာဝန်ရှိသူများထံသို့ ထောက်ပံ့ပေးအပ်ခဲ့ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့် မိမိတို့ တိုင်းဒေသကြီးအစိုးရအဖွဲ့က အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်ချက်များကို အားလုံးစနစ်တကျ အထူးအလေးထား လိုက်နာကြရန်နှင့် ပူးပေါင်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားခဲ့ကြောင်း သိရသည်။ **ထွန်းကိုကို(ပြန်/ဆက်)**



● *ရှေ့ဖုံးမှ*

ရခြင်းဖြစ်ကြောင်း သိရသည်။

တံတားဖွင့်ပွဲတွင် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းက အမှာစကားပြောကြားရာ ကဝမြို့ရှောင်လမ်းပေါ်ရှိ ကဝတံတားကို အောင်မြင်စွာ ဖွင့်လှစ်ပေးနိုင်ခဲ့သည့်အတွက် မင်္ဂလာအပေါင်းနှင့် ပြည့်စုံသည့် နေ့ထူးနေ့မြတ် အခါသမယဖြစ်ကြောင်း၊ မိမိတို့ တိုင်းဒေသကြီး အတွင်းရှိ ကဝမြို့နယ်သူ မြို့နယ်သားများသာမက ကဝမြို့နယ် အနီးတစ်ဝိုက်ရှိ ကျေးရွာများဖြစ်သော အုန်းနဲ့၊ သက္ကလ၊ ကမာစဲနှင့် ရစ်ကန်ကြီး အစရှိသည့် ကျေးရွာများအတွင်းသို့ နေ့စဉ် ဝင်ထွက်သွားလာနေကြသော လုပ်သားပြည်သူ အားလုံးလည်း ဝမ်းမြောက်ဂုဏ်ယူရမည့် နေ့လည်းဖြစ်ကြောင်း ပြောကြားသည်။

ပဲခူးမြစ်ကူးတံတား (ကဝ) သံကူကွန်ကရစ် တံတားသစ်ကြီးကို ကဝမြို့ရှောင်လမ်းပေါ်တွင် တည်ဆောက်ပေးခဲ့ခြင်း ဖြစ်ကြောင်း၊ ဒေသဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်မှ ယခုလို ငွေကြေးအမြောက်အမြား အကုန်ကျခံ၍ တံတားသစ်ကြီးကို




တည်ဆောက်ပေးပြီးဖြစ်လို့ ဒေသခံပြည်သူများ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စွာဖြင့် လိုရာခရီးကို သွားလာနိုင်ပြီ ဖြစ်သည့်အတွက် တံတားသစ်ကြီး ရေရှည်တည်တံ့ခိုင်မြဲအောင် ဒေသခံပြည်သူများက ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ပေးစေလိုကြောင်း အမှာစကားပြောကြားပြီး ဒေသခံပြည်သူတစ်ဦးက ပဲခူးမြစ်ကူးတံတား (ကဝ)တည်ဆောက်ပေးခြင်းအပေါ် ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် ပဲခူးမြစ်ကူးတံတား (ကဝ)ကို ပဲခူးတိုင်းဒေသကြီး စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးသန်းဝင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးညွန့်ရွှေ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှသန်း၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးခိုင်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပဲခူးတိုင်းဒေသကြီး လမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးတိုးတိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးကာ **(အပေါ်ပုံ)** ကမ္ပည်းမော်ကွန်း ကျောက်စာကို တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့် ပဲခူးတိုင်းဒေသကြီး လွှတ်တော် ဥက္ကဋ္ဌ ဦးခင်မောင်ရင်တို့က စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်း၊ ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်ရင်၊ အစိုးရအဖွဲ့ ဝန်ကြီးများ၊ လွှတ်တော် ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကမ္ပည်းမော်ကွန်း ကျောက်စာကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြပြီး ပဲခူးမြစ်ကူးတံတား(ကဝ) ပေါ်သို့ ဖြတ်သန်းကြည့်ရှုကြသည်။

အဆိုပါ ပဲခူးမြစ်ကူးတံတား (ကဝ)သည် ပဲခူးခရိုင် ကဝမြို့နယ် ကဝမြို့ရှောင်လမ်းပေါ်ရှိ ပဲခူးမြစ်ကို ဖြတ်၍ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ ၂၀၁၈ (၆)လဘဏ္ဍာနှစ်မှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အထိ ငွေလုံးငွေရင်း ရန်ပုံငွေကျပ်သန်း ၂၈၁၆ သန်းဖြင့် အရှည် ပေ ၆၀၀၊ အကျယ် ပေ ၃၀၊ နှစ်လမ်းသွား သံကူကွန်ကရစ်တံတား အဖြစ် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၃)၊ တံတားအထူးအဖွဲ့(၉)မှ တာဝန်ယူကာ ၂၀၁၈ ခုနှစ် မေ ၂၈ ရက်တွင် စတင်တည်ဆောက်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ် စက်တင်ဘာ ၃၀ ရက်တွင် ပြီးစီးခဲ့ကြောင်း သိရသည်။

ပဲခူးမြစ်ကူးတံတား (ကဝ) တည်ဆောက် ပြီးစီးသွားသဖြင့် အင်းတကော်- ထုံးကြီး- ကဝ- အုန်းနဲ့လမ်းကို ဆက်သွယ်ပေးပြီး ရန်ကုန်- ခရမ်း- သုံးခွ- သနပ်ပင်- ပဲခူးလမ်းမကြီးကိုလည်း ချိတ်ဆက်ပေးနိုင်မည်ဖြစ်သဖြင့် ဒေသခံပြည်သူများအတွက် များစွာအရေးပါလှသည့် တံတားတစ်စင်းဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် အစိုးရအဖွဲ့ ဝန်ကြီးများသည် ကျိုက်ပဒိုင်- တာဝ- ပိုင်ကျုံ- ဖလေးလမ်းပေါ်ရှိ ပိုင်ကျုံချောင်းကို ဖြတ်၍ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ ရန်ပုံငွေကျပ် ၃၅၆ ဒသမ ၀၀ သန်းဖြင့် ပဲခူးတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ရွှေမြင့်သော်ကုမ္ပဏီမှ တာဝန်ယူ တည်ဆောက်ခဲ့သော အရှည်ပေ ၂၅၀၊ အကျယ် ပေ ၂၀ ရှိ ကျားတက်တံတား(ပိုင်ကျုံ) ကွန်ကရစ်တံတားအား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး တံတားပေါ် ဖြတ်သန်းကာ ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

# ပြည်သူသာလျှင် အဓိက



မန္တလေးတိုင်းဒေသကြီးအတွင်း ကိုဗစ် - ၁၉ ရောဂါကြိုတင်ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန်အတွက် မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း အသင်းသူ အသင်းသားများက အလှူငွေကျပ်သိန်း ၅၀ နှင့် နှာခေါင်းစည်းခုရေ ၂၀၀၀၀ ကို ဒီဇင်ဘာ ၃ ရက်က မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့သို့ ပေးအပ်လှူဒါန်းစဉ်။ အောင်သူရ




## ကမ္ဘာ့အပူချိန် လျှော့ချဖို့ အိုဇုန်းလွှာကာကွယ်မှုနဲ့အတူ ဆက်လက်ဆောင်ရွက်စို့

# နှစ် (၁၀၀) ပြည့် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် အမျိုးသားရေးကျောက်တိုင် မွမ်းမံပြင်ဆင်ဖွင့်လှစ်

ရန်ကုန် ဒီဇင်ဘာ ၆

**မြို့မကျောင်းသား ကျောင်းသူဟောင်းအသင်းနှင့် ဗဟန်းမြို့နယ် စည်ပင်သာယာရေးကော်မတီက ကြီးမှူး၍ နှစ် (၁၀၀) ပြည့်အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် အမျိုးသားရေးကျောက်တိုင် မွမ်းမံပြင်ဆင်ဖွင့်လှစ်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ ဦးအရိယဝံသကျောင်း၌ ပြုလုပ်သည်။**

ရှေးဦးစွာ ကျောင်းတိုက်ဆရာတော် ဦးစန္ဒိမာအမှူးရှိသော သံဃာတော်များအား ဆွမ်း၊ သင်္ကန်းအစရှိသော လှူဖွယ်ဝတ္ထုအစုစုတို့ လှူဒါန်းပြီး ကွယ်လွန်ပြီး ဖြစ်သော အမျိုးသားရေးအတွက် ဆောင်ရွက်ခဲ့ကြသည့် ကျောင်းသားကြီး ၂၆ ဦးနှင့် တကွကျောင်းသားကျောင်းသူဟောင်းများအတွက် ရေစက်ချ၊ ဆုတောင်းအမျှပေးဝေကြသည်။

အဆိုပါ ကျောက်စာတိုင်တွင် ရန်ကုန်ကောလိပ်နှင့် ယုဒသန်ကောလိပ်ကျောင်းသားများက ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို ဆန့်ကျင်တိုက်ပွဲဝင် စုဝေးရာ ဗဟန်းအောင်မြေဟူ၍လည်းကောင်း၊ ကောလိပ်ကျောင်းသားကြီး မူလ ၁၁ ဦးနှင့် နောက်တိုး ၁၅ ဦး ပေါင်း၂၆ ဦး၏ အမည်စာရင်းကိုလည်းကောင်း ဖော်ပြထားသည်။

ကျောက်တိုင် မွမ်းမံပြင်ဆင်ခဲ့မှုနှင့်ပတ်သက်၍ ဗဟန်းမြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းဗိုလ်က "တစ်နေ့မှာ မက်ဆင်ဂျာကတစ်ဆင့် ကျွန်တော့်မိတ်ဆွေတစ်ဦးက ဦးအရိယ ကျောင်းတိုက်ထဲမှာ ဒီကျောက်တိုင်ရှိတယ်။ နှစ်တွေကြာပြီ။ ချုံနွယ်ပိတ်ပေါင်းတွေ ပိတ်ပြီး ပျက်စီးနေလို့ ပြုပြင်သင့်တဲ့အကြောင်း ပြောလာတယ်။ ဒါနဲ့သွားကြည့်ပြီး မြို့မကျောင်းသား ကျောင်းသူဟောင်းအသင်းက ညီနောင်တွေကို တင်ပြတယ်။ လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းလည်းလာကြည့်တယ်။ ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ကလည်း လာကြည့်တယ်။ ကျောက်တိုင်၊ ရင်ပြင်နဲ့ ရေကန်ကိုတော့ မြို့မကျောင်းသားကျောင်းသူဟောင်းအသင်းရဲ့ရန်ပုံငွေစိုက်ထုတ်မှုနဲ့ မူလလက်ရာမပျက် ပြုပြင်ပေးခဲ့တာပါ။ ကျောက်တိုင်ရဲ့ သက်တမ်းကတော့ ဆရာတော်ရဲ့ပြောပြချက်အရ ၅၅ နှစ်ကနေ ၆၀ အတွင်း ဖြစ်မယ်လို့ ခန့်မှန်းရပါတယ်" ဟု ပြောသည်။



အဆိုပါ အမျိုးသားရေးကျောက်တိုင် မွမ်းမံပြင်ဆင်ဖွင့်လှစ်ခြင်းအခမ်းအနားကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ကိုဗစ် ၁၉ ကျန်းမာရေး လမ်းညွှန်ချက်များနှင့်အညီ ဦးအရိယဝံသကျောင်းတိုက်ဆရာတော် ဦးစန္ဒိမာ၊ ဗဟန်းမြို့နယ်စည်ပင်ဥက္ကဋ္ဌ ဦးဝင်းဗိုလ်၊ မြို့မကျောင်းသား ကျောင်းသူဟောင်းအသင်းမှ ဒုတိယဥက္ကဋ္ဌ (၁) ဒေါက်တာမြင့်တိုး၊ ဒုတိယဥက္ကဋ္ဌ (၂) ဒေါ်ရီရီတင်၊ အထွေထွေအတွင်းရေးမှူး ဦးလှမြင့်သိန်း၊အတွင်းရေးမှူး (၁) ဦးသိန်းနိုင်ဦး၊ အတွင်းရေးမှူး (၂) ဦးဆန်းလင်းအောင်၊ စည်းရုံးရေးမှူး ဦးကျော်ကျော်ဦး၊ အမှုဆောင် ဦးအောင်သူရတို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

ရန်ကုန်ကောလိပ်နှင့် ယုဒသန်ကျောင်းသားကြီးများ ဦးဆောင်၍ ဗြိတိသျှကိုလိုနီလက်ထက် ကျွန်ပညာရေး အစွန့်ရှည်စေသော ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာ ၅ ရက်တွင် ဆန့်ကျင်တိုက်ပွဲဝင်ခဲ့ရာ ယခုနှစ်တန်ဆောင်မုန်းလပြည့်ကျော် ၁၀ရက်နေ့သည်နှစ်ပေါင်း (၁၀၀) ပြည့်မြောက်သည့် အမျိုးသားအောင်ပွဲနေ့ ဖြစ်သည်။

**အာကာစိုး**
**ဓာတ်ပုံ - တင်စိုး**

# ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာသင်္ဘောသားများအား ပြန်လည်ခေါ်ဆောင်ခဲ့

**နေပြည်တော် ဒီဇင်ဘာ ၆**

နိုင်ငံတကာခရီးသည်တင် လေယာဉ်များပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် ပြည်ပနိုင်ငံများ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာသင်္ဘောသား ၁၃၂ ဦးအား မြန်မာသံရုံး၊ ရီယာဒ်မြို့နှင့် မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသားများအဖွဲ့ချုပ် (MSESF) တို့မှ ပူးပေါင်းစီစဉ်သည့် မြန်မာအမျိုးသားလေကြောင်းလိုင်း (MNA) ကယ်ဆယ်ရေးလေယာဉ်ဖြင့် အာရပ်စော်ဘွားများ ပြည်ထောင်စု၊ ဒူဘိုင်းမြို့မှတစ်ဆင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ည ၁၀ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစိစစ်ရေး၊ သီးသန့်စီစဉ်ပေးသည့် နေရာ/သတ်မှတ်ဟိုတယ်များ၌ အသွားအလာကန့်သတ်မှု ခုနစ်ရက်နှင့် နေအိမ်တွင် အသွားအလာကန့်သတ်မှု ခုနစ်ရက် နေထိုင်စေရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာ အခန်းကဏ္ဍအလိုက် တာဝန်ယူ ဆောင်ရွက်ပေးခဲ့သည်။

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာသင်္ဘောသားများအား ပြန်လည်ခေါ်ဆောင်ရန် ကိုဗစ် - ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာန အနေဖြင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများ၊ သင်္ဘောကုမ္ပဏီများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိသည်။

**သတင်းစဉ်**

# စစ်တွေမြို့ မြို့မဈေးကြီးအတွင်း၌ မီးဘေးကြိုတင်ကာကွယ်ရေးသရုပ်ပြ

**စစ်တွေ ဒီဇင်ဘာ ၆**

စစ်တွေမြို့မဈေးကြီးအတွင်း၌ မီးဘေးကြိုတင်ကာကွယ်ရေး၊ မီးဘေးလုံခြုံရေးအတွက် မီးသတ်ဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့၊ စည်ပင်သာယာရေး ကော်မတီဝင်များ၊ ဈေးကော်မတီဝင်များနှင့် ဈေးသူဈေးသားများပူးပေါင်းပြီး ယနေ့နံနက်ပိုင်းက မြို့မဈေးကြီးရှေ့၌ မီးဘေးလုံခြုံရေးသရုပ်ပြ လေ့ကျင့်မှုဆောင်ရွက်ကြသည်။

ရှေးဦးစွာ ဈေးကြီးရှေ့တွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်လင်းက မီးသုံးစွဲသော ဆိုင်ခန်းများတွင် မီးသုံးစွဲမှုစနစ်တကျရှိစေရေး၊ မီးသတ်ဆေးဘူးများ စနစ်တကျထားရှိရေးနှင့် မီးဘေးအန္တရာယ်ဖြစ်ပေါ်လာပါက မိမိတစ်ဦးတည်း မငြိမ်းသတ်ဘဲ ပတ်ဝန်းကျင်ကို အကူအညီတောင်းကြရန် အသိပညာပေး ဟောပြောသည်။ ဆက်လက်၍ မီးလောင်မှု၊ မီးလန့်မှုများ ဖြစ်ပေါ်လာပါက မီးသတ်ဆေးဘူးကို ကျွမ်းကျင်စွာ အသုံးပြုတတ်စေရန် ဈေးကော်မတီများ၊ စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ ဈေးသူ ဈေးသားများအား လက်တွေ့ သရုပ်ပြ မီးငြိမ်းသတ်စေပြီး မီးသတ်ယာဉ်ဖြင့် မီးငြိမ်းသတ်မှုကို သရုပ်ပြကြသည်။

ထို့နောက် စစ်တွေမြို့ မြို့မဈေးကြီးအတွင်း မီးဘေးအန္တရာယ်ဖြစ်ပေါ်လာပါက မီးသတ်ယာဉ်ဝင်ရောက်ငြိမ်းသတ်နိုင်ရန် မီးသတ်ယာဉ်ဖြင့် လှည့်လည်မောင်းနှင်ကြသည်။ ဆက်လက်ပြီး မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်မိုးနှင့် ဝန်ထမ်းများ၊ စည်ပင်သာယာရေးကော်မတီဝင်များ၊ ဈေးကော်မတီဝင်များနှင့် တာဝန်ရှိသူများသည် မြို့ဈေးကြီးအတွင်း မီးသတ်ဆေးဘူးများ၊ မီးသတ်ကတ်များ၊ မီးသတ်ခွင်းများ တပ်ဆင်ထားရှိမှုကို လှည့်လည်ကြည့်ရှုပြီး အရေးပေါ်မီးငြိမ်းသတ်နိုင်ရန် ရေပိုက်များတပ်ဆင်ထားမှု၊ ရေသိုလှောင်ထားရှိမှု၊ ဈေးအတွင်း မီးသတ်ကား ဝင်ရောက်နိုင်မည့် လမ်းကြောင်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# ရန်ကုန်တက္ကသိုလ်ရာပြည့်သဘင်မှသည်.... နှစ်တစ်ရာပြည့်အမျိုးသားအောင်ပွဲနေ့ ဆီသို့

**သန်းဖြိုးနိုင်**

၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၁ ရက်နေ့ ညနေ ၅ နာရီတွင် ရန်ကုန်တက္ကသိုလ် နှစ် (၁၀၀) ပြည့်၊ ရာပြည့်သဘင် အထိမ်းအမှတ် အခမ်းအနားအား Virtual စနစ်ဖြင့် ကျင်းပခဲ့သည်ကို မြန်မာ့ရုပ်မြင်သံကြားတွင် ကြည့်ရှုလိုက်ရပါသည်။ ထို့ပြင် ရာပြည့်သဘင် အခမ်းအနား မတိုင်မီ ရက်သတ္တပတ်ကာလကတည်းက နိုင်ငံပိုင်သတင်းစာများ ၊ ပုဂ္ဂလိကသတင်းစာများတွင် ရန်ကုန်တက္ကသိုလ်ကြီးအတွင်းရှိ အထင်ကရ ဖြစ်ပွားခဲ့သည့် သမိုင်းကြောင်းများ၊ နာမည်ကြီးအဆောင်များအကြောင်းကို ခေတ်အဆက်ဆက်တွင် ကိုယ်တိုင်တက်ရောက်သင်ကြားခဲ့ကြသော ကျောင်းသားကျောင်းသူဟောင်းကြီးများက လွမ်းမောဖွယ် သမိုင်းကြောင်းများကို ပြန်လည်တမ်းတကာ ဂုဏ်ပြုရေးသားခဲ့ကြသည်။ အလားတူ ရုပ်မြင်သံကြားအစီအစဉ်များမှ ရာပြည့်အထိမ်းအမှတ်သီချင်းများ ထုတ်လွှင့်ပြသခြင်း၊ ကျောင်းတော်ကြီး၏ သမိုင်းကြောင်းများ ထုတ်လွှင့်ပြသခြင်းတို့ကိုလည်း ကြည့်ရှုခံစားခဲ့ရပါသည်။

**ရန်ကုန်တက္ကသိုလ်အောင်ပွဲနှင့် ဒွန်တွဲပါလာသည့် ဒုတိယအောင်ပွဲ**

ထိုရန်ကုန်တက္ကသိုလ်ရာပြည့်သဘင်ကြီးနှင့် တစ်ဆက်တည်း ကပ်လျက် ဒွန်တွဲပါလာသည့် ရာပြည့်အခမ်းအနားကြီးတစ်ခုကလည်း အသင့်စောင့်ကြိုလျက် ရှိနေသေးသည်။ ထိုရာပြည့်နေ့အထိမ်းအမှတ်အခမ်းအနားကြီးသည်လည်း ယခုကျင်းပပြီးစီးသွားသည့် ရန်ကုန်တက္ကသိုလ်ကြီး မဖြစ်ပေါ်၊ မပေါ်ပေါက်မီကတည်းက အတူယှဉ်တွဲကာ သန္ဓေတည်မြစ်ဖျားခံခဲ့သည်ဟုလည်း ဆို၍ရသည်။

ဆိုလိုရင်းမှာ ရန်ကုန်တက္ကသိုလ်ကြီး ပေါ်ပေါက်ရန် ကြိုးစားခဲ့ကြပြီး စတင်ဖွင့်လှစ်နိုင်ခဲ့ခြင်းသည် ပထမအဆင့်အောင်ပွဲဖြစ်ကာ နောက်ထပ်မံ၍ ထိုတက္ကသိုလ်ကြီးအတွက် ပြဋ္ဌာန်းသတ်မှတ်ခဲ့သည့် ဖိနှိပ်သော စည်းကမ်းချက်များကို အောင်မြင်အောင် တောင်းဆိုကျော်လွှားပြင်ဆင်နိုင်ခဲ့သည်မှာ ဒုတိယအဆင့် အမျိုးသားအောင်ပွဲအဖြစ် ဒွန်တွဲဖြစ်ပေါ်လာခဲ့ခြင်းကို ပြောလိုရင်းဖြစ်သည်။ သို့အတွက် ရန်ကုန်တက္ကသိုလ်ရာပြည့်သဘင်အခမ်းအနားဟု ဆိုလိုက်လျှင် အမျိုးသားအောင်ပွဲရာပြည့်ကို မေ့ထား၍ မရသလို အမျိုးသားအောင်ပွဲနေ့အကြောင်း ပြောကြမည်ဆိုလျှင်လည်း ရန်ကုန်တက္ကသိုလ်ကြီး ပေါ်ပေါက်လာပုံနှင့် အမျိုးသားပညာရေးအတွက်ကြိုးပမ်းခဲ့ကြပုံများသည် ခွဲခြား၍ မရတတ်ပေ။

ထိုအထိမ်းအမှတ်အခမ်းအနားကြီးနှစ်ခုသည် တစ်ခုနှင့်တစ်ခု ဒွန်တွဲကာ ရှေ့နောက်ဆက်စပ်နေတတ်စမြဲပင်ဖြစ်သည်။ သို့ဖြစ်ရာ ယခုဆောင်းပါးတွင် ရန်ကုန်တက္ကသိုလ်ကြီး ပေါ်ပေါက်လာပုံသမိုင်းနှင့် အမျိုးသားနေ့မှသည် အမျိုးသားအောင်ပွဲပေါ်ပေါက်လာပုံများကို အများသိရှိကြစေခြင်း အကျိုးငှာ လေ့လာတင်ပြသွားမည်ဖြစ်ပါသည်။

ထိုသို့တင်ပြရာတွင် ရန်ကုန်တက္ကသိုလ်ကြီး ပေါ်ပေါက်လာပုံအကြောင်းကို ယခင်ရေးသားဖော်ပြခဲ့ကြသည့် ဆောင်းပါးများတွင် ပါရှိပြီးဖြစ်သော်လည်း ယခုတွင်မူ အကျဉ်းသဘောမျှသာ ဥပဒေပိုင်းဆိုင်ရာကို မီးကာနှစ်ကာလအလိုက် ဆက်စပ်တင်ပြသွားလိုပါသည်။ သို့မှသာ ရှေ့နောက်ညီညွတ်ကာ အကျိုးအကြောင်းသင့်ပြီး အများလည်း အလွယ်တကူ သဘောပေါက်နားလည်ကြလိမ့်မည်ဟုလည်း စာရေးသူ ထင်မိသည်။

**အမျိုးသားအောင်ပွဲနေ့အစ ...**

အမျိုးသားအောင်ပွဲနေ့ ဖြစ်ပေါ်လာမှုကို လေ့လာကြည့်သည့်အခါ ဝိုင်အမ်ဘီအေအသင်းက စတင်၍ ပညာရေးအတွက် အဆိုပြုတောင်းဆိုရာမှ စတင်ခဲ့ကြောင်း သမိုင်းမှတ်တမ်းများတွင် တွေ့ရသည်။ ၁၈၈၆ ခုနှစ်တွင် နိုင်ငံတစ်ခုလုံး ဗြိတိသျှလက်အောက်သို့ ကျရောက်ပြီး နှစ် ၂၀ အကြာတွင် သူရိယသတင်းစာတည်ထောင်သူ ဦးဘဘေက ၁၉၀၆ ခုနှစ်တွင် ဝိုင်အမ်ဘီအေကို စတင်တည်ထောင်ခဲ့ကာ ထိုအထဲတွင် နောင်တွင်ရန်ကုန်တက္ကသိုလ် ဥပဒေပါမောက္ခ



ရန်ကုန်ကောလိပ် အဆောက်အအုံ မှတ်တမ်းဓာတ်ပုံ။

ဖြစ်လာမည့် ဦးမေအောင်လည်း ပါခဲ့သည်။ ဦးမေအောင်သည် ၁၉၀၄ ခုနှစ်တွင် အင်္ဂလန်နိုင်ငံ ကိန်းဘရစ်တက္ကသိုလ်မှ L.L. B ,၊ L.L.M, MA နှင့် လင်ကွန်းအင်းဥပဒေကျောင်းမှ (Barrister-at -Law) ဝတ်လုံဘွဲ့များကို ရရှိခဲ့သော်လည်း မြန်မာစာ စာပေ၊ မြန်မာ့ယဉ်ကျေးမှုကို ဆရာလွန်း (သခင်ကိုယ်တော်မှိုင်း) အား ဆရာတင်၍ လေ့လာခဲ့သည်။ သို့ဖြင့် ၁၉၁၂ ခုနှစ်တွင် ပေ၊ ပုရပိုက်၊ ချေါင်းများ စနစ်တကျလေ့လာပြီး ချေါင်းဟောင်း ၁၂ စောင်တွဲအမည်ဖြင့် ထုတ်ဝေခဲ့သည်။

**တက္ကသိုလ်အဆင့်ရရှိရေး တောင်းဆိုခဲ့ကြ...**

သို့ဖြင့် ၁၉၁၇ ခုနှစ်သို့ ရောက်လာသည့်အခါ မြန်မာပြည်တွင် တက္ကသိုလ်အဆင့် ဟူ၍ မရှိဘဲ အိန္ဒိယနိုင်ငံ ကာလကတ္တားတက္ကသိုလ်၏ လက်အောက်ခံ ရန်ကုန်ကောလိပ်နှင့် ယုဒသန်ကောလိပ်တို့သာ ရှိနေခဲ့သည်။ မက်ထရစ်ကျူလေရှင်း ခေါ် တက္ကသိုလ်ဝင်စာမေးပွဲကိုလည်း ကာလကတ္တားက မေးခွန်းထုတ်ပြီး ရန်ကုန်တွင် ဖြေဆိုကြရသည်။ ထိုစဉ်က ယင်းကောလိပ်နှစ်ခုပေါင်းတွင် ကျောင်းသားပေါင်း ၈၀၀ ခန့် တက်ရောက်ခဲ့ကြကြောင်းလည်း သိရသည်။ ထို့ကြောင့် ဝိုင်အမ်ဘီအေအသင်းကြီးမှ ဦးမေအောင်၊ သခင်ကိုယ်တော်မှိုင်းတို့က ဦးဆောင်ပြီး မြန်မာနိုင်ငံတွင်လည်း တက္ကသိုလ်အဆင့်များ သီးခြားထားရှိပေးဖို့ တောင်းဆိုခဲ့ကြသည်။ ထို့နောက်တွင် ထို ဝိုင်အမ်ဘီအေအသင်းကြီး၏ တောင်းဆိုမှုများ၊ နှိုးဆော်မှုများ၊ ကြွေးကြော်မှုများအင်အား ကောင်းလာခဲ့သည်။

**ပညာရေး အားမကောင်းစေရန် ဖိနှိပ်ထားခဲ့ကြ...**

ထိုအချိန် ၁၉၁၇ ခုနှစ်တွင်လည်း အိန္ဒိယနိုင်ငံ ဘင်္ဂလား၊ ဘုံဘိုင်၊ ပန်ဂျပ်၊ မဒရပ် စသည့် ပြည်နယ်များအား ဒိုင်အာခီအုပ်ချုပ်ရေး ပေးသည့်အခါ မြန်မာနိုင်ငံကိုမူ ဘီအေအောင်သူ ၄၀၀ မပြည့်သေး၍ ဟူသော အကြောင်းပြချက်ဖြင့် ဒိုင်အာခီအုပ်ချုပ်ရေး (အင်္ဂလိပ်-မြန်မာပူးတွဲအုပ်ချုပ်သည့်စနစ်) ကို မပေးဘဲ ချန်လှပ်ထားခဲ့ကြသည်။ ထို့ကြောင့် ထိုစဉ်က အိန္ဒိယသို့ သွားရောက်ကာ အရေးဆိုတောင်းဆိုကြသူများတွင် ဝိုင်အမ်ဘီအေအသင်းမှ ပညာတတ် ဦးမေအောင်ကိုလည်း ရွေးချယ်စေလွှတ်၍ ကာလကတ္တားရှိ အိန္ဒိယနိုင်ငံဆိုင်ရာ အတွင်းဝန် မွန်တေဂူနှင့် သွားရောက်တွေ့ဆုံပြီး ပညာရေးမြှင့်တင်နိုင်ရေးအတွက် တက္ကသိုလ်အဆင့်မြှင့်တင်ပေးရန် တောင်းဆိုခဲ့သည်။

ထို့ကြောင့် ၁၉၁၈ ခုနှစ် ဇွန်လတွင် မြန်မာပြည်ဆိုင်ရာ အင်္ဂလိပ်အစိုးရပညာ မင်းကြီး မစ္စတာ မက်သရူးဟန်းတား (Mr. Mathew Hunter) ဦးစီးပြီး ယူနီဗာစီတီ အက်ဥပဒေရေးဆွဲရေး ကော်မတီတစ်ရပ်ကို ဖွဲ့စည်းပေးခဲ့ရသည်။ တိုးတက်မှုအနေဖြင့် ထိုကော်မတီတွင် ဝိုင်အမ်ဘီအေက ကိုယ်စားလှယ်များ ပါဝင်ခဲ့ကြသည်။

သို့သော်လည်း ထိုဥပဒေကြမ်းထဲတွင် မြန်မာနိုင်ငံ၌ ရန်ကုန်တက္ကသိုလ်တစ်ခုတည်း ဖွင့်လှစ်ရန်သာပါရှိခဲ့ပြီး အခြားမြို့ကြီးများအတွက် မပါရှိခဲ့ခြင်း၊ တက္ကသိုလ်ကောင်စီအဖွဲ့ဝင်များ၊ အုပ်ချုပ်သူများအားလုံးမှာ ဗြိတိသျှအရာရှိများသာဖြစ်ခြင်း၊ ထို့အပြင် တက္ကသိုလ်တက်ရမည့် ကျောင်းသား ကျောင်းသူများ၏ အရည်အချင်းသတ်မှတ်ချက်များတွင် ကျောင်းအိပ်၊ ကျောင်းစားများသာ ဖြစ်ရမည်ဆိုသည့် အချက်များ ပါဝင်ခြင်းများဖြင့် မြန်မာလူမျိုးတို့ကို ပညာတတ်မပေါ်များစေရန် ကန့်သတ်ချက်များစွာ ထည့်သွင်းထားခဲ့ကြသည်။

ထိုကျောင်းအိပ်ကျောင်းစားဖြစ်ရမည်ဟုသည့်အချက်သည် တက္ကသိုလ်တက်မည့် ကျောင်းသား ကျောင်းသူတစ်ဦးအနေဖြင့် တစ်လလျှင် ငွေကျပ် ၅၀ အကုန်အကျခံနိုင်မှသာ တက်ရောက်နိုင်မည့်သဘော သက်ရောက်နေသည့်အတွက် ထိုခေတ်က ငွေရှင်၊ ဓနရှင်လူတန်းစားများနှင့် အင်္ဂလိပ်အစိုးရနှင့် ပတ်သက်သည့် အရာရှိသား၊ သမီးများအတွက်သာဖြစ်နေပြီး နိုင်ငံသားများ ပညာတတ်နည်းပါးသွားစေမည့် ထိုးနှက်ချက်ဖြစ်နေသည့်အတွက် ထိုရန်ကုန်တက္ကသိုလ် အက်ဥပဒေကို ကန့်ကွက်ခဲ့ကြခြင်းဖြစ်သည်။ ဗြိတိသျှတို့၏ ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံတွင် ပညာတတ်နည်းမှသာ ဒိုင်အာခီအုပ်ချုပ်ရေး မပေးဘဲ ဆက်လက်အုပ်စိုးနိုင်မည်ဖြစ်ပြီး ပညာတတ်ပေါ်များလာပါက ၎င်းတို့ လက်လွှတ်ဆုံးရှုံးရမည်ကို သိကြသောကြောင့်ဖြစ်သည်ဆိုသည့် အချက်ကိုလည်း တွေ့ရမည်ဖြစ်သည်။

**အမျိုးသားပညာရေးအတွက် စတင်တောင်းဆိုလာခဲ့ကြ...**

ဥပဒေရေးဆွဲကြစဉ်တွင် ထိုအချက်များကို ဝိုင်အမ်ဘီအေအဖွဲ့နှင့် ကျောင်းသား ကျောင်းသူများ၊ နိုင်ငံအတွင်းမှ ကျန်လူထုများက ကန့်ကွက်ခဲ့ကြသော်လည်း ထိုစဉ်က ဗမာနိုင်ငံဆိုင်ရာ အင်္ဂလိပ် ဒုတိယဘုရင်ခံ ဆာရယ်ဂျီနယ်ကရက်ဒေါက် (Sir Reginald Craddock) က ၁၉၂၀ ပြည့်နှစ် ဩဂုတ်လ ၂၈ ရက်နေ့တွင် အဆိုပါ ယူနီဗာစီတီ အက်ဥပဒေမူကြမ်းကို ကြေညာခဲ့သည်။ ထို့နောက် စက်တင်ဘာလတွင် တက္ကသိုလ်ဥပဒေကို အတည်ပြုခဲ့ပြီး ဒီဇင်ဘာလ ၁ ရက်နေ့တွင် အဆိုပါ ဥပဒေကို ထုတ်ပြန် ကြေညာခဲ့တော့သည်။ ထို့အတွက် ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၂ ရက်နေ့တွင် တက္ကသိုလ်ကျောင်းသားခေါင်းဆောင်ကြီး ၁၁ ဦးတို့သည် ရွှေတိဂုံစေတီတော်ရင်ပြင် စနေထောင့်တွင် ဗြိတိသျှအစိုးရ၏ ကျွန်သက်ရှည်ရေး ပညာရေးဥပဒေသစ်ကို တိုက်ဖျက်ရန် စတင်ဆွေးနွေးခဲ့ကြသည်။

မြန်မာသက္ကရာဇ် ၁၂၈၂ ခုနှစ် တန်ဆောင်မုန်းလဆုတ် ၈ ရက် သောကြာနေ့ (ခရစ်နှစ် ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၃ ရက်) နေ့တွင် ရန်ကုန်ရှိကောလိပ်တို့မှ ကျောင်းသားကြီး ၁၁ ဦးတို့သည် ရန်ကုန်ယူနီဗာစီတီအက်ဥပဒေကို သပိတ်မှောက်ရန် ရွှေတိဂုံစေတီတော်ကြီး၏ ရင်ပြင်တော် စနေထောင့်တွင် သစ္စာအဓိဋ္ဌာန်ပြုခဲ့ကြသည်။ ထိုကျောင်းသားကြီး ၁၁ ဦးမှာ ကိုဘရှင် (သံတွဲ)၊ ကိုဘရှင် (ထားဝယ်)၊

*စာမျက်နှာ ၇ သို့*

**"၁၉၂၀ ပြည့်နှစ် သပိတ် ၁၁ ဦး ကော်မတီတွင် ပါဝင်ခဲ့သော ဦးမြင့်က နယ်ချဲ့ဗြိတိသျှကို ပထမဆုံး ထိထိရောက်ရောက် တော်လှန်သောနေ့ဖြစ်သည့် ကျောင်းသားများ သပိတ်မှောက်သော တန်ဆောင်မုန်းလဆုတ် ၁၀ ရက်နေ့ကို အမျိုးသားနေ့ သတ်မှတ်သင့်ကြောင်း အကြံပေးခဲ့ခြင်းကြောင့် မန္တလေးကွန်ဖရင့်ကြီးမှ အမျိုးသားနေ့ကို တန်ဆောင်မုန်းလဆုတ် ၁၀ ရက်နေ့တွင် ကျင်းပရန် ဆုံးဖြတ်ချက်ချခဲ့ရာ ယနေ့တိုင်အောင် အမျိုးသားနေ့ဟူ၍ ပြည်ထောင်စုမြန်မာနိုင်ငံတွင် နှစ်စဉ်ကျင်းပခဲ့"**

# ရာပြည့်အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်ဆောင်းပါး



*စာမျက်နှာ ၆ မှ*

ကိုညီပိတ်၊ ကိုဘိုးလွန်း၊ ကိုဧ၊ ကိုလှတင်၊ ကိုဖေသိန်း၊ ကိုထွန်းဝင်း၊ ကိုဘခင်၊ ကိုအောင်ဒင်နှင့် ကိုဘဦးတို့ ဖြစ်ကြသည်။

ထိုကျောင်းသားများသည် သပိတ်စတင်ရန် သပိတ်မှောက်ကျောင်းသားကောင်စီဌာနချုပ်ကို ဦးအရိယကျောင်းတိုက်ရှေ့ရှိ ဒေါ်ကြုပ်ဇရပ်တွင် စတင်ခဲ့ကြသည်။ ထို့နောက် သပိတ်မှောက်ကျောင်းသားတို့သည် ရန်ကုန်မြို့ ဗဟန်းမြို့နယ်တစ်ဝိုက် ရွှေတိဂုံဘုရားအနီးတွင် သပိတ်စခန်းများဖွင့်ပြီး ကျောင်းသားသပိတ်ကို စတင်တိုက်ပွဲဝင်ခဲ့ကြသည်။ ပြည်သူများအနေဖြင့်လည်း ကျောင်းသားသပိတ်စခန်းများရှိရာသို့ ချီတက်၊ ထောက်ခံအားပေးခဲ့ကြသည်။ အင်္ဂလိပ်နယ်ချဲ့လက်အောက်တွင် ထိုစဉ်က ဖြစ်ပေါ်ခဲ့သည့် ပထမဆုံး ပညာရေးလှုပ်ရှားမှု ပထမကျောင်းသားသပိတ်ကြီးသည် တစ်မျိုးသားလုံး၏ သခင်စိတ်ဓာတ်ကို ဖော်ပြခဲ့သည်။

ထိုသပိတ်ကို ဆရာကြီး သခင်ကိုယ်တော်မှိုင်း၊ ဆရာကြီး ဒီးဒုတ်ဦးဘချို၊ သခင်ဘသောင်း၊ သခင်မြ၊ သခင်ဖိုးကွန်း (ဗိုလ်ဖိုးကွန်း)၊ သခင် ဗဂွမ်း၊ သခင်ထွန်းရွှေ၊ သခင်ဗသီး၊ သခင်သာဒင်တို့က ဦးဆောင်ပါဝင်ခဲ့ကြကြောင်းလည်း တွေ့ရသည်။ ထို့နောက်တွင် ဗြိတိသျှအစိုးရ၏ တက္ကသိုလ်ပညာရေးဥပဒေသစ်ကို ဆန့်ကျင်သည့်အနေဖြင့် ကောလိပ်သိပ္ပံ ကျောင်းသားများ ဦးဆောင်ကာ မြန်မာပြည်တစ်ဝန်းလုံးရှိ အင်္ဂလိပ်ကျောင်း၊ အင်္ဂလိပ် - မြန်မာနှစ်ဘာသာသင်ကျောင်းများက ကျောင်းသား ကျောင်းသူများ သပိတ်မှောက်ရန် ထွက်ခဲ့ကြသည်။

**အမျိုးသားနေ့အဖြစ် စတင်သတ်မှတ်ခဲ့ကြ..**

ထိုသို့ ထွက်လာသောနေ့မှာ ၁၂၈၂ ခုနှစ် တန်ဆောင်မုန်းလဆုတ် ၁၀ ရက်၊ (၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၅ ရက်) တနင်္လာနေ့ဖြစ်သည်။ ထိုနေ့တွင် ရန်ကုန်မြို့ရှိ ရန်ကုန်ကောလိပ်နှင့် ယုဒသန်ကောလိပ်တို့မှ ကျောင်းသားများ ပေါင်းပြီး ယူနီဗာစီတီအက်ဥပဒေထဲပါ အချက်များကို သပိတ်မှောက်ကြောင်း ကြေညာခဲ့ကြသည်။ နယ်ချဲ့အစိုးရကို ပထမဆုံးအန်တုထိုးနှက်ခဲ့သော၊ မြန်မာတစ်နိုင်ငံလုံး ပျံ့နှံ့သွားသည့် ကျောင်းသား လှုပ်ရှားမှုကြီးကြောင့် အမျိုးသားကျောင်းများ ပေါ်ပေါက်လာခဲ့ရာ တစ်နိုင်ငံလုံးတွင် အမျိုးသားကျောင်း ၁၄၅ ကျောင်းအထိ ရှိလာခဲ့သည်။

နယ်ချဲ့အစိုးရကို ပထမဆုံးဆန့်ကျင်ကန့်ကွက်ခဲ့သည့် ကျောင်းသားသပိတ်မှောက်သည့်နေ့သည် မြန်မာတစ်မျိုးသားလုံးအတွက် အရေးကြီးသဖြင့် အမျိုးသားနေ့အဖြစ်သတ်မှတ်ရန် ၁၉၂၁ ခုနှစ် အောက်တိုဘာလတွင် ကျင်းပသည့် ဂျီစီဘီအေ နဝမကွန်ဖရင့်၌ အဆိုတင်သွင်းခဲ့ပြီးနောက် ၁၉၂၂ ခုနှစ် ဇွန်လ ၁၇ ရက်နေ့တွင် ကျင်းပသည့် ဂျီစီဘီအေအထူးကွန်ဖရင့်က တန်ဆောင်မုန်းလဆုတ် ၁၀ ရက်နေ့ကို အမျိုးသားနေ့အဖြစ် သတ်မှတ်ခဲ့ကြခြင်းဖြစ်သည်။

ထိုနေ့ကို သတ်မှတ်ရေးအတွက် ၁၉၂၁ ခုနှစ် ဒီဇင်ဘာလတွင် မန္တလေးမြို့၌ ကျင်းပသော ဂျီစီဘီအေ ပြည်လုံးကျွတ်ညီလာခံကြီး၌ အမျိုးသားနေ့ သတ်မှတ်ကျင်းပရန် စဉ်းစားကြသောအခါ ၁၉၂၀ ပြည့်နှစ် ကျောင်းသားသပိတ်စတင်သော တန်ဆောင်မုန်းလဆုတ် ၁၀ ရက်နေ့ကို လက်ခံနိုင်ကြခြင်းဖြစ်သည်။ ၁၉၂၀ ပြည့်နှစ် သပိတ် ၁၁ ဦး ကော်မတီတွင် ပါဝင်ခဲ့သော ဦးမြင့်က နယ်ချဲ့ဗြိတိသျှကို ပထမဆုံး ထိထိရောက်ရောက် တော်လှန်သောနေ့ဖြစ်သည့် ကျောင်းသားများ သပိတ်မှောက်သော တန်ဆောင်မုန်းလဆုတ် ၁၀ ရက်နေ့ကို အမျိုးသားနေ့ သတ်မှတ်သင့်ကြောင်း အကြံပေးခဲ့ခြင်းကြောင့် မန္တလေးကွန်ဖရင့်ကြီးမှ အမျိုးသားနေ့ကို တန်ဆောင်မုန်းလဆုတ် ၁၀ ရက်နေ့တွင် ကျင်းပရန် ဆုံးဖြတ်ချက်ချခဲ့ရာ ယနေ့တိုင်အောင် အမျိုးသားနေ့ဟူ၍ ပြည်ထောင်စုမြန်မာနိုင်ငံတွင် နှစ်စဉ်ကျင်းပခဲ့ကြခြင်းဖြစ်သည်။

**အမျိုးသားအောင်ပွဲနေ့အဖြစ်**
**ဖြစ်တည်ပြောင်းလဲကျင်းပလာခဲ့ကြ...**

ကျောင်းသားသပိတ်မှောက်သည့်နေ့ကို အမျိုးသားနေ့အဖြစ် သတ်မှတ်လိုက်ပြီးနောက် ထိုနေ့နီးလာသည်နှင့် ကျောင်းသားဟောင်းကြီးများက အမျိုးသားကျောင်းရှိသော မြို့များတွင် အမျိုးသားလှုပ်ရှားမှုများ ပြုလုပ်ရန် နှိုးဆော်ခဲ့ကြသည်။ ပထမဆုံး အမျိုးသားနေ့ကို ခရစ်နှစ် ၁၉၂၂ ခုနှစ် နိုဝင်ဘာလ ၁၃ ရက်၊ မြန်မာသက္ကရာဇ် ၁၂၈၄ ခုနှစ် တန်ဆောင်မုန်းလဆုတ် ၁၀ ရက်နေ့တွင် ကျင်းပခဲ့သည်။ အမျိုးသားနေ့ စတင်ကျင်းပစဉ်က ကျောင်းပိတ်ရက်၊ ရုံးပိတ်ရက်မဟုတ်။ အမျိုးသားကျောင်းများက အမျိုးသားနေ့ကျင်းပစဉ် အစိုးရကျောင်းများက စာသင်မပျက်ကြချေ။ ၁၉၃၄ ခုနှစ် ဒေါက်တာဘမော် ပညာရေးဝန်ကြီးဖြစ်လာမှ အမျိုးသားနေ့တွင် ကျောင်းများအားလုံး ပိတ်ကာ မျက်နှာမငယ်သော အမျိုးသားနေ့ဖြစ်လာခဲ့သည်။

သို့သော် အစိုးရ လခစားဆရာများ အုပ်ချုပ်မှုအောက်တွင် ကျင်းပသဖြင့် အမျိုးသားကျောင်းများနှင့် မတူကွဲပြားနေသည်။ ၁၉၃၇ ခုနှစ် ဒေါက်တာဘမော်ဝန်ကြီးချုပ်ဖြစ်လာမှ အမျိုးသားနေ့ကို အများပြည်သူ ရုံးပိတ်ရက်သတ်မှတ်ပြီး မြန်မာတစ်မျိုးသားလုံး စုပေါင်းကျင်းပလာနိုင်ခဲ့ခြင်းဖြစ်သည်ကိုလည်း လေ့လာမိသည်။ ထိုမှ အမျိုးသားနေ့ရောက်သည်နှင့် ဇာတ်ပွဲ၊ ရုပ်သေးပွဲ၊ ကျောင်းသားကျောင်းသူများ၏ ပဒေသာကပွဲ၊ ဆရာကြီးဦးရာဇတ်၏ အစီအစဉ်ဖြင့် စက္ကူဒေါင်း အလံလေးများ ရောင်းချရငွေဖြင့် ပြုလုပ်သည့် နိဗ္ဗာန်ဈေးပွဲစသည့် ပျော်ပွဲရွှင်ပွဲများဖြင့် ခြိမ့်ခြိမ့်သဲသဲ တစ်နိုင်ငံလုံး ဆင်နွှဲသည့်အခါ အမျိုးသားအောင်ပွဲနေ့ဖြစ်လာသည်။ ကျွန်ပညာရေးစနစ်၊ ကျွန်အုပ်ချုပ်ရေးစနစ်အောက်မှ လွတ်မြောက်ရေးအတွက် မြို့တွင်း လှည့်လည်ကြွေးကြော်ကြသည့် အမျိုးသားအောင်ပွဲနေ့ အစစ်အမှန် ဖြစ်လာသည်။ ဆိုရလျှင် အမျိုးသားနေ့သည် သာမန် နေ့ထူးတစ်နေ့မဟုတ်၊ မြန်မာတစ်မျိုးသားလုံး၏ အမျိုးသားရေးစိတ်ဓာတ်များ နိုးကြားထက်သန်စေသည့် အနှစ်သာရများ လွှမ်းခြုံထားသော မြန်မာတစ်မျိုးသားလုံး၏ အမျိုးသားအောင်ပွဲနေ့ဖြစ်ကြောင်း တွေ့ရသည်။

**နိုင်ငံရေးအသိ လမ်းဖွင့်ပေးကာ အဆင့်ဆင့်တာဝန်ယူရင်း လွတ်လပ်ရေးကို အရယူခဲ့ကြ...**

သို့အတွက် အထက်တွင် ဖော်ပြခဲ့သည့် သမိုင်းကြောင်းများကို လေ့လာကြည့်လျှင် ကိုလိုနီခေတ်ပညာရေးတွင် နိုင်ငံသားများ ပညာရည်တိုးတက်မှုမရှိစေရန် ဖိနှိပ်ခဲ့သည်။ ဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆန့်ကျင်ခဲ့ကြပြီး အမျိုးသားပညာရေးကို မြှင့်တင်တည်ဆောက်ရန် ကြိုးစားလာကြခြင်း၊ သခင်ကိုယ်တော်မှိုင်း၊ ဒီးဒုတ်ဦးဘချိုတို့ အပါအဝင် ကျန်ကျောင်းသားခေါင်းဆောင်များ၊ ကျောင်းသားများက အမျိုးသားတက္ကသိုလ် ပေါ်ပေါက်လာရန် ကြိုးပမ်းခဲ့ကြသည်ကို တွေ့ရသည်။ ထိုစဉ်က အမျိုးသားပညာရေးလှုပ်ရှားမှုတွင် ပါဝင်ခဲ့ကြသူများကို အင်္ဂလိပ်တို့က ဖိနှိပ်မှုများ ပြုလုပ်ခဲ့ကြသော်လည်း အမျိုးသားပညာရေးကို တည်ဆောက်နိုင်ခဲ့သည့်အတွက် မြန်မာ့စာပေ၊ မြန်မာ့ယဉ်ကျေးမှုတို့ကို ဆက်လက်ထိန်းသိမ်းနိုင်ခဲ့ကြသည်ကို တွေ့ရသည်။

ထိုအဖြစ်များနှင့် တစ်ဆက်တည်း မျိုးချစ်စိတ်များ နိုးကြားပြင်းထန်လာခဲ့ကြ၊ အဆင့်ဆင့် တောင်းဆိုတိုက်ပွဲဝင်လာကြရင်း နောက်ဆုံးတွင် ရန်ကုန်တက္ကသိုလ်ကြီးမှ ကျောင်းသားများဖြစ်သော ဗိုလ်ချုပ်အောင်ဆန်း၊ ဦးနုတို့ကဲ့သို့သော ကိုယ်ကျိုးစွန့်စံပြနိုင်ငံရေး သမားကောင်းကြီးများ ပေါ်ထွက်လာကာ နိုင်ငံလွတ်လပ်ရေးရသည်အထိ ဆက်တိုက် မမိုတ်မသုန် ကြိုးပမ်းခဲ့ကြသည်ကိုလည်း အားကျအတုယူဖွယ်ရာ မြင်တွေ့ကြရမည်ဖြစ်သည်။

ပထမကျောင်းသားသပိတ်သည် ကိုလိုနီခေတ်တွင် ကျောင်းသားများက အင်္ဂလိပ်အစိုးရကို ပထမဆုံး ဆန္ဒပြတောင်းဆိုခဲ့သည့် ပညာရေးတော်လှန်ရေး ဖြစ်လာခဲ့ပြီး လွတ်လပ်ရေးကြိုးပမ်းဖို့အတွက် ကျန်သည့် ကျောင်းသား ကျောင်းသူများနှင့် နိုင်ငံသားများကို နိုင်ငံရေးအသိ လမ်းဖွင့်ပေးခဲ့သည့် သပိတ်အဖြစ်လည်း မြင်တွေ့ရသည်။

သို့အတွက် ထိုအမျိုးသားအောင်ပွဲနေ့သည် မြန်မာ့လွတ်လပ်ရေးရအောင် တွန်းပို့ပေးခဲ့သည့်၊ အရေးပါသည့် နေ့တစ်နေ့အဖြစ်လည်း ဖြစ်ခဲ့ရသည်။

**ရာပြည့်အမျိုးသားနေ့အောင်ပွဲကို**
**ဂုဏ်ပြုကြိုဆို၊ ပါဝင်ထမ်းရွက်ကြရင်းဖြင့်**
**ပညာရေးကို မြှင့်တင်ကြစေလို...**

၁၃၈၂ ခုနှစ် တန်ဆောင်မုန်းလဆုတ် ၁၀ ရက်နေ့၊ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၉ ရက်နေ့ (ဗုဒ္ဓဟူးနေ့)တွင် ကျရောက်မည့် နှစ် (၁၀၀) ပြည့် အမျိုးသားအောင်ပွဲနေ့ကို ကြိုဆိုဂုဏ်ပြုရန်၊ ထိုနေ့တွင် အခမ်းအနားများ ကျင်းပရန် စီစဉ်နေကြခြင်း၊ အမျိုးသားအောင်ပွဲနေ့ နှစ်တစ်ရာပြည့် အထိမ်းအမှတ်အဖြစ် မျိုးဆက်သစ် ကလေးငယ်များအား ကလေးပန်းချီပြိုင်ပွဲများ ကျင်းပခြင်း၊ ဝတ္ထု၊ ဆောင်းပါးပြိုင်ပွဲများကို ကျင်းပရန် စီစဉ်ဆောင်ရွက်နေကြသည့် သတင်းများကိုလည်း တွေ့ကြရမည်။

နှစ် (၁၀၀) ပြည့် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အဖြစ် ပထမကျောင်းသားသပိတ်စတင်ခဲ့ရာ ဦးအရိယကျောင်းတိုက်နှင့် သပိတ်မှောက်ကျောက်တိုင်အား ပြန်လည်ပြုပြင်ထိန်းသိမ်းကာ ရန်ကုန်မြို့ပြ အမွေအနှစ်တစ်ခုအဖြစ် သတ်မှတ်မည့် သတင်းများကိုလည်း ကြားနေရသည့်အတွက် ကျွန်ုပ်တို့အားလုံးအနေဖြင့် မကြာမီ ကျရောက်လာတော့မည့် အမျိုးသားအောင်ပွဲနေ့ရာပြည့်သဘင် အထိမ်းအမှတ်အခမ်းအနားကို ဂုဏ်ပြုကြိုဆိုရင်း နိုင်ငံတော်က ချမှတ်ထားသည့် အမျိုးသားရေးဦးတည်ချက်များနှင့်အညီ ပညာရေးကို ဝိုင်းဝန်းမြှင့်တင်ကာ အနာဂတ်နိုင်ငံတော်ကြီးကို ဖွံ့ဖြိုးတိုးတက်အောင်၊ ငြိမ်းချမ်းသာယာအောင် ပါဝင်ထမ်းရွက်ကြစေလိုပါကြောင်း တိုက်တွန်းရေးသား တင်ပြလိုက်ရပါသည်။ ။



### ဆောင်းပါးရှင်၏ ကိုယ်ရေးအကျဉ်း

- အမည်ရင်း ဦးသန်းဖြိုးနိုင်ဖြစ်သည်။
- ၁၉၇၃ ခုနှစ် ဇန်နဝါရီလ ၁၅ ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ကညင်ကျိုးကျေးရွာတွင် ဖွားမြင်ခဲ့သည်။
- ဖခင် ဦးဉာဏ်တင်၊ မိခင် ဒေါ်သန်းခင်ဖြစ်သည်။
- ၁၉၉၁ ခုနှစ်တွင် မကွေးတိုင်းဒေသကြီး မြို့သစ်မြို့အထက်တန်းကျောင်းမှ တက္ကသိုလ်ဝင်တန်းအောင်မြင်ခဲ့ပြီး ၁၉၉၆ ခုနှစ်တွင် မကွေးတက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့(သမိုင်း)၊ ၂၀၁၅ ခုနှစ်တွင် ရန်ကုန်အဝေးသင်တက္ကသိုလ်မှ ဘွဲ့လွန်ဥပဒေပညာဒီပလိုမာဘွဲ့ကို ရရှိခဲ့သည်။ လက်ရှိတွင် ရန်ကုန်အဝေးသင်တက္ကသိုလ်တွင် Online L.L.B(ဒုတိယနှစ်) တက်ရောက်သင်ကြားလျက်ရှိသည်။
- ၂၀၁၄ ခုနှစ်မှစ၍ မြန်မာ့အလင်း၊ ကြေးမုံနှင့် ပုဂ္ဂလိကသတင်းစာများတွင် သန်းဖြိုးနိုင် (ကညင်ကျိုး)၊ သန်းဖြိုးနိုင်၊ ရန်ကြီးအောင်(ဥပဒေ) ကလောင်အမည်များဖြင့် နိုင်ငံရေး၊ ဥပဒေပြုရေး အသိပညာပေးဆောင်းပါးပုဒ်ရေ ၄၀၀ ခန့် ရေးသားဖော်ပြခဲ့သည်။
- ၁၉၉၁ ခုနှစ်မှစ၍ နိုင်ငံ့ဝန်ထမ်းအဖြစ် စတင် အမှုထမ်းခဲ့ပြီး လက်ရှိတွင် ပြည်ထောင်စုလွှတ်တော်ရုံး၊ ဥပဒေပြုရေးဌာနကြီးတွင် ညွှန်ကြားရေးမှူးအဆင့်ဖြင့် ဥပဒေပြုရေးလုပ်ငန်းများတွင် ပါဝင်ထမ်းဆောင်နေလျက်ရှိသည်။

# Yangon Water Bus ခရီးစဉ်ကို ဒီဇင်ဘာ ၇ ရက်တွင် ပြန်လည်ပြေးဆွဲမည်




ခရီးစဉ်များ ပြန်လည်ပြေးဆွဲတော့မည့် Yangon Water Bus တစ်စီးကို တွေ့ရစဉ်။

**ရန်ကုန် ဒီဇင်ဘာ ၆**

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေမှုကြောင့် ရပ်နားထားသော Yangon Water Bus ခရီးစဉ်ကို ဒီဇင်ဘာ ၇ ရက်တွင် ပြန်လည်ပြေးဆွဲမည်ဖြစ်ကြောင်း Yangon Water Bus ၏ ထုတ်ပြန်ချက်များအရ သိရသည်။

Yangon Water Bus ခရီးစဉ်ကို ဆာပါချောင်နှင့် လမ်းသစ်ဆိပ်ကမ်းတို့ကို အသွားအပြန်ပြေးဆွဲမည်ဖြစ်ပြီး ဆာပါချောင်ဆိပ်ကမ်းမှ နံနက် ၆ နာရီတွင်လည်းကောင်း၊ လမ်းသစ်ဆိပ်ကမ်းမှ နံနက် ၆ နာရီ ၁၅ မိနစ်တွင်လည်းကောင်း စတင်ထွက်ခွာမည်ဖြစ်ကာ ညပိုင်းတွင် လမ်းသစ်ဆိပ်ကမ်းမှ ၇ နာရီတွင်လည်းကောင်း၊ ဆာပါချောင်ဆိပ်ကမ်းမှ ၇ နာရီ ၁၅ မိနစ်တွင် လည်းကောင်း နောက်ဆုံးထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။

သဘော်ပြေးဆွဲပေးမည့် အချိန်ဇယားများကို နံနက်ပိုင်းနှင့် ညပိုင်းခွဲခြားထားပြီး နံနက်ပိုင်းတွင် နံနက် ၆ နာရီမှ ၉ နာရီ ၄၅ မိနစ်အထိ လည်းကောင်း၊ ညနေပိုင်းတွင် ညနေ ၃ နာရီခွဲမှ ည ၇ နာရီ ၁၅ မိနစ်အထိလည်းကောင်း ပြေးဆွဲမည်ဖြစ်ကြောင်း သိရသည်။ Yangon Water Bus ခရီးစဉ်အတွက် လက်မှတ်ဝယ်ယူသူများအား ပါးစပ်နှာခေါင်းစည်းများ အခမဲ့ဝေငှမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် နောက်ပိုင်း၌ ပန်းဆိုးတန်း၊ အံ့ကြီး၊ သမ္မတဆိပ်ကမ်းများသို့လည်း ဆက်လက်ပြေးဆွဲမည်ဖြစ်ကြောင်း သိရသည်။ ဆက်လက်၍ ကျန်းမာရေးဆိုင်ရာစည်းကမ်းချက်များနှင့်အညီ ညနေခင်း နေဝင်ဆည်းဆာအလှကြည့်ရှုသည့်ခရီးစဉ်များကို ပြန်လည်ပြေးဆွဲနိုင်ရန် စီစဉ်လျက်ရှိကြောင်း တင့်တင့်မြန်မာကုမ္ပဏီများအုပ်စု ဥက္ကဋ္ဌ ဒေါ်တင့်တင့်လွင်ထံမှ သိရသည်။

ရန်ကုန်မြို့နေ ပြည်သူများ၏ ခရီးသွားလာမှုကို အထောက်အကူဖြစ်စေမည့် Yangon Water Bus ခရီးစဉ်များကို ၂၀၁၇ ခုနှစ်တွင် စတင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**
**ဓာတ်ပုံ - အာကာစိုး**

# ရန်ကုန်တက္ကသိုလ် နှစ်(၁၀၀)ခရီး တက္ကသိုလ်အိပ်မက်

## လှကွန့်

ရန်ကုန်တက္ကသိုလ်ကို အိပ်မက်စတင်မက်ခဲ့တာက ပညာရေးဆင်ဒီကိတ်ဥက္ကဋ္ဌ ဆာဂျွန်ဂျာဒင်းပါ။ ၁၈၈၂ ခုနှစ်မှာလည်း တက္ကသိုလ်အိပ်မက် မြင်မက်ခဲ့ကြပါသတဲ့။ ကျောက်စာဝန်မစ္စတာတော်စိန်ခိုက ၁၈၉၆ ခုနှစ် ဇူလိုင် ၃၀ ရက် ကျောင်းဆရာများအသင်းမှာ တက္ကသိုလ်တစ်ခုရှိသင့်ကြောင်း ဟောပြောခဲ့ပါတယ်။ ၁၉၀၀-၁၉၀၁ ခုနှစ်မှာ ပညာရေးဆင်ဒီကိတ်က တက္ကသိုလ်တည်ထောင်ပေးသင့်ကြောင်း အဆိုပြုလွှာတင်ပြခဲ့တယ်။ ၁၉၁၀ ပြည့်နှစ် ဇူလိုင် ၁၆ ရက် အက်ဒဝပ်ဘုရင် အထိမ်းအမှတ် တက္ကသိုလ်တစ်ခုတည်ဆောက်ရန် လိုအပ်ချက်ဖြစ်တယ်လို့ ပညာရေးဆိုင်ရာတို့က ယူဆကြတယ်။ အိန္ဒိယအာဏာခွဲဝေပေးရေးကော်မတီကလည်း မြန်မာနိုင်ငံမှာ ကိုယ်ပိုင်တက္ကသိုလ်တစ်ခုရှိရန် လိုအပ်တယ်လို့ ထင်မြင်ချက်ပေးခဲ့တာကို အိန္ဒိယအစိုးရနဲ့ မြန်မာနိုင်ငံအစိုးရတို့က ပယ်ချခဲ့ပါတယ်။

ပညာရေးဆင်ဒီကိတ်က ၁၉၀၁ ခုနှစ်မှာဖွဲ့တဲ့ အိန္ဒိယတက္ကသိုလ်များကော်မရှင်ကို တင်ပြလွှာတစ်စောင်ရေးသားတင်ပြခဲ့တယ်။ ဗြိတိသျှအောက်လွှတ်တော်မှာ "ဆာဂျွန်ဂျာဒင်း"ရဲ့ အမေးကို အိန္ဒိယဆိုင်ရာအတွင်းဝန်က တက္ကသိုလ်တစ်ခု တည်ထောင်ရန် ရည်ရွယ်ကြောင်း ပြောခဲ့တယ်။

ရန်ကုန်တက္ကသိုလ် စတင်တည်ထောင်ရေးအတွက် တက္ကသိုလ်ဖွဲ့စည်းရေး ဥပဒေကြမ်းကို ပညာရေးဆင်ဒီကိတ် ဒုတိယဥက္ကဋ္ဌ "မစ္စတာကိုဗာတန်" ဦးဆောင်တဲ့ အထူးကော်မတီက စတင်ရေးဆွဲခဲ့တယ်။ ဥပဒေကြမ်းကို ပညာရေးအုပ်ချုပ်မှုအဖွဲ့က အတည်ပြုပြီး အစိုးရကို တင်ပြခဲ့သတဲ့။ တက္ကသိုလ်တည်ထောင်ရေး အဆို "အာဏာခွဲဝေပေးရေးဘုရင့်ကော်မရှင်" (Royal Commission on Decentralization) ကြေညာချက်၊ မြန်မာနိုင်ငံ ဒုတိယဘုရင်ခံ ဆာဟားဘတ်သာက ပိုက်နဲ့ ဆင်ဒီကိတ်တို့ရဲ့ ထောက်ခံချက်ကြောင့် တက္ကသိုလ်တည်ထောင်နိုင်ရေးဟာ ခိုင်မာရင့်သန်လာခဲ့တယ်။

ဒါပေမယ့် အိန္ဒိယတက္ကသိုလ်များရဲ့ ပုံစံယူရေးဆွဲထားတဲ့ ဥပဒေဖြစ်တာကြောင့် သတင်းစာများက ဝေဖန်ရှုံ့ချမက ၁၉၁၀ ပြည့်နှစ် ဖေဖော်ဝါရီမှာ ပညာရေးဆင်ဒီကိတ်က ကျင်းပတဲ့ ပညာရေးဆိုင်ရာပုဂ္ဂိုလ်များအစည်းအဝေးကလည်း ဝေဖန်ခဲ့ပါတယ်။

ဒါကြောင့် အိန္ဒိယနဲ့ ဗြိတိသျှကောလိပ် နှစ်မျိုးပေါင်းစနစ်နဲ့ ဒုတိယဥပဒေမူကြမ်းကို ရေးဆွဲကြပြန်ပါတယ်။ ဒီမူကြမ်းကို ကန့်ကွက်သူတစ်ယောက်တည်းရှိတာကြောင့် ပညာရေးဆင်ဒီကိတ်ကလက်ခံပြီး ပညာမင်းကြီးက ၁၉၁၁ ခုနှစ်ထဲမှာ မြန်မာအစိုးရကို တင်သွင်းလိုက်တယ်။

၁၉၁၂ ခုနှစ် မေ ၂၅ ရက် နေ့စွဲနဲ့ ဂျပန်နိုင်ငံ တိုကျိုမြို့မှ မြန်မာသူရိယသတင်းစာသို့ ဂျပန်ပြည်ရောက်ဆရာတော်ဦးဥတ္တမက ပေးပို့တဲ့စာ (၁၉၁၂ ခုနှစ်၊ ဇူလိုင် ၂၃ ရက် သူရိယသတင်းစာမှာဖော်ပြခဲ့) ထဲမှာ အိန္ဒိယပြည် ပန်ဂျပ်နယ်မှာ တက္ကသိုလ်ကျောင်းဖွင့်ပေးသလို မြန်မာပြည်မှာလည်း ဖွင့်ပေးသင့်ကြောင်း မေတ္တာရပ်ခံခဲ့တယ်။

### တက္ကသိုလ်ဥပဒေသားလောင်းပေါ်ပြီ

၁၉၁၃ ခုနှစ် ဧပြီ ၅ ရက် အစည်းအဝေးမှာ ဒုတိယဘုရင်ခံက ပညာရေးဆင်ဒီကိတ်က ရေးဆွဲခဲ့တဲ့ ဥပဒေကြမ်းကို ပညာရှင်များကပြုပြင်ရေးဆွဲစေပြီး အိန္ဒိယအစိုးရထံ တင်သွင်းစေခဲ့တယ်။ ၁၉၁၄-၁၉၁၅ ခုနှစ်မှာ ဥပဒေကြမ်းနဲ့ စတက်ကျူ (Statutes) မူကြမ်းကို လုံးဝပြင်ဆင်ရေးဆွဲစေခဲ့တယ်။

၁၉၁၆ ခုနှစ် မတ်လမှာ ပညာရေးဆင်ဒီကိတ်က ရှိပြီးဖြစ်တဲ့ ကောလိပ်နှစ်ကျောင်းစလုံးမှ ဆရာအဆောက်အအုံပေါင်းစပ်ပြီး တက္ကသိုလ်တစ်ခု တည်ထောင်ရန် တင်ပြခဲ့တယ်။ အစိုးရနဲ့ ဘုရင်ခံက ပယ်ချခဲ့တယ်။

အဲဒီနှစ်မှာပဲ တက္ကသိုလ်မြေနေရာကို တံတားလေးလမ်းဝနားရှိ စိတ်ရောဂါကုဆေးရုံနေရာကို ရွေးခဲ့တယ်။ ကန့်ကွက်သူများလို့ ယခုနေရာကို အစိုးရကသိမ်းယူခဲ့တယ်။ မြေပိုင်ရှင် ဦးဘကျော်ကတရားစွဲလို့ ငွေကျပ်ရှစ်သိန်း လျော်ကြေးပေးပြီး ယူလိုက်ရတယ်။

၁၉၁၇ ခုနှစ် မွန်တေဂူ၊ ချမ်းစ်ဖို့နဲ့တွေ့စဉ်ကလည်း တက္ကသိုလ်ဖွင့်ပေးရန် တောင်းခဲ့တယ်။ ၁၉၁၇ ခုနှစ် ဇန်နဝါရီ ဒေလီမြို့၊ ပညာမင်းကြီးများ ကွန်ဖရင့်မှာ ရန်ကုန်တက္ကသိုလ် ဥပဒေကြမ်းများကို ဆွေးနွေးခဲ့တယ်။ ၁၉၁၈ ခုနှစ် ဩဂုတ်လထဲမှာ မြန်မာနိုင်ငံတက္ကသိုလ်ကော်မတီကို ဖွဲ့လိုက်တယ်။ ကော်မတီမှာ သက်ဆိုင်ရာပုဂ္ဂိုလ်များအပြင် အိန္ဒိယတက္ကသိုလ်များမှ ပညာရှင် ငါးဦးကို ဖိတ်ကြားပါဝင်စေခဲ့တယ်။ အဲ့ဒီကော်မရှင်က ကာလကတ္တားတက္ကသိုလ်ကော်မရှင် အကြံပေးချက်ကို လက်ခံခဲ့တယ်။ အဲ့ဒီအကြံပေးချက်တွေက-

၁။ ကောလိပ်ကျောင်းခွဲမထားတဲ့ ကျောင်းအိပ်ကျောင်းစား တက္ကသိုလ်ဖြစ်ရမယ်။

၂။ ပညာရေးကိစ္စများကို ပညာရေးအဖွဲ့များကသာ ကိုင်တွယ်ဖြေရှင်းရမယ်။

၃။ ပညာရေးနဲ့အုပ်ချုပ်ရေး ဆက်သွယ်ပူးပေါင်းမှုရှိရမယ်။

၄။ တက္ကသိုလ်ကိစ္စများကို အစိုးရအောက်မှာ သီးခြားအဖွဲ့အဖြစ် ဆောင်ရွက်ရန်တို့ဖြစ်တယ်။



ဆောက်လုပ်ပြီးစ ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ မှတ်တမ်းဓာတ်ပုံ။

> "၁၉၁၇ ခုနှစ် မွန်တေဂူ၊ ချမ်းစ်ဖို့နဲ့တွေ့စဉ်ကလည်း တက္ကသိုလ်ဖွင့်ပေးရန် တောင်းခဲ့တယ်။ ၁၉၁၇ ခုနှစ် ဇန်နဝါရီ ဒေလီမြို့၊ ပညာမင်းကြီးများ ကွန်ဖရင့်မှာ ရန်ကုန်တက္ကသိုလ် ဥပဒေကြမ်းများကို ဆွေးနွေးခဲ့တယ်။ ၁၉၁၈ ခုနှစ် ဩဂုတ်လထဲမှာ မြန်မာနိုင်ငံတက္ကသိုလ်ကော်မတီကို ဖွဲ့လိုက်တယ်။ ကော်မတီမှာ သက်ဆိုင်ရာပုဂ္ဂိုလ်များအပြင် အိန္ဒိယတက္ကသိုလ်များမှ ပညာရှင် ၅ ဦးကို ဖိတ်ကြားပါဝင်စေခဲ့တယ်။ အဲ့ဒီကော်မရှင်က ကာလကတ္တားတက္ကသိုလ်ကော်မရှင် အကြံပေးချက်ကို လက်ခံခဲ့"

ပြင်ဆင်ထားတဲ့ ဥပဒေကြမ်းကို ပညာမင်းကြီး မက်ဟန်းတားက ၁၉၂၀ ပြည့်နှစ် ဇူလိုင် ဘုရင်ခံကောင်စီအစည်းအဝေးမှာ တင်သွင်းခဲ့တယ်။ အဲဒီမူကြမ်းကို ပညာမင်းကြီး ကြီးကြပ်မှုနဲ့ မဒရပ်တက္ကသိုလ်မော်ကွန်းထိန်း "မစ္စတာ ဒရူးဘာရီ" က ရေးဆွဲခဲ့တယ်။

၁၉၂၀ ပြည့်နှစ် ဩဂုတ် ၂ရက်ဥပဒေပြုအစည်းအဝေးမှာ ဘုရင်ခံစိတ်ကြိုက်ခန့်ကော်မတီကို ခန့်ပြီး ဥပဒေကြမ်းကို စဉ်းစားစေခဲ့တယ်။ အမတ် ဦးချစ်ဖေ၊ ဦးလှဖေနဲ့ ဦးမြင့်တို့ ကန့်ကွက်ခဲ့ပေမယ့် အတည်ပြုခဲ့တယ်။

၁၉၂၀ ပြည့်နှစ် စက်တင်ဘာ ၂၆ ရက်မှာ မြန်မာပြည်ဘုရင်ခံ၊ အောက်တိုဘာ ၂၄ ရက်မှာ ဘုရင်ခံချုပ်တို့ သဘောတူခဲ့တယ်။ နိုဝင်ဘာ ၂၀ ရက်မှာ ဘားမားဂေဇက်တိုက်က ပုံနှိပ်ထုတ်ခဲ့တယ်။ ရန်ကုန်တက္ကသိုလ်ဥပဒေပုဒ်မကြီး ၂ အရ ဒီဇင်ဘာလ ၁ ရက်နေ့မှာ ဥပဒေကို အာဏာတည်စေခဲ့တယ်။

၁၉၁၉ ခုနှစ်ကတည်းက ဦးပု ဝတ်လုံတော်ရ(ရွှေကျင်)၊ ဘကြီးဘဘေ(သူရိယ)။ ဦးထွန်းရှိန် ဗုဒ္ဓဘာသာကျောင်းအုပ်ကြီး(မန္တလေး)။ ဝတ်လုံတော်ရ ဦးသိန်းမောင်၊ ဝတ်လုံတော်ရ ဦးဘထော်တို့က တက္ကသိုလ်ဥပဒေကို သုံးသပ်စစ်ဆေးပြီး အာဏာပိုင်များကို တင်ပြခဲ့တယ်။ သူတို့ရဲ့အချုပ်သဘောထားက ဒီလိုပါ ... ။

တက္ကသိုလ်ပညာဟာ "ဘွဲ့" ရရန်သာ ရည်ရွယ်ရင်းစွဲမဟုတ်။ ကျောင်းမှရရှိတဲ့ ပညာ (သဘောတရား) နဲ့ လက်တွေ့ပေါင်းစပ်ပြီး အရည်အချင်းပြည့်ဝ တတ်ကျွမ်းနားလည်ရန်ဖြစ်တယ်။ "ဂွတန်း"ထားခြင်းဟာ ပညာရေးကိုအချိန်ဆွဲတာ။ အရည်အချင်း ပြည့်စုံသူများပေါ်ထွက်လာရန် အခြေခံပညာရေး ပြုပြင်သင့်တယ်။ သက်မွေးဝမ်းကျောင်း ပညာရပ်၊ သိပ္ပံပညာ၊ စက်မှုအတတ်တွေကိုသာ သင်ကြားပေးသင့်တယ်။

အချုပ်ဆိုသော် တက္ကသိုလ်ပညာရေးဟာ နှစ်တိုတိုနဲ့ လက်တွေ့အသုံးချနိုင်တဲ့ ပညာရေးမျိုးကိုသာ မြန်မာပြည်သူတွေ လိုလားကြောင်း အကျယ်တဝင့် ရေးသား တင်ပြခဲ့တယ်။

ဦးချစ်လှိုင်က ၁၉၁၉ ခုနှစ် ဇန်နဝါရီ ၂၈ ရက်စွဲနဲ့ အဆိုတင်ခဲ့တယ်။ ဝန်လုံဦးချစ်လှိုင် တင်ပြချက်တွေဟာ ဦးပု၊ ဦးဘဘေတို့ အဆိုပြုလွှာနဲ့ အခြေခံအားဖြင့် တူညီနေတယ်။ သူတို့ အဓိကကန့်ကွက်တာကို စိစစ်ကြည့်လိုက်တဲ့အခါ..... တက္ကသိုလ်တစ်ခုတည်းစနစ် (Unitary System)၊ ကျောင်းအိပ် ကျောင်းစား တက္ကသိုလ်၊ ရန်ကုန်တစ်မြို့တည်းအတွက် ဦးတည်တဲ့တက္ကသိုလ် စတဲ့စနစ်တွေကို ကန့်ကွက်တယ်။ တစ်နိုင်ငံလုံးလွှမ်းခြုံတဲ့ ကောလိပ်တွေနဲ့ ပေါင်းစပ်ပါဝင်ဖွဲ့စည်းတဲ့ (Collegiate System) တက္ကသိုလ်စနစ်ကို တောင်းဆိုတယ်။

တက္ကသိုလ်ပညာရေးစနစ်နဲ့ အခြေခံပညာရေးစနစ် ပေါင်းစပ်ဖွဲ့စည်းပုံစနစ် မှုမမှန်ပုံစံမကျလို့ အခြေခံပညာရေးစနစ်ကို ဦးစွာပြုပြင်ဖို့ တိုက်တွန်းတယ်။ တက္ကသိုလ်အကြို "ဂွတန်း" မထားဖို့ တောင်းဆိုတယ်။

### ရန်ကုန်တက္ကသိုလ်ဥပဒေကြမ်းကို ကန့်ကွက်ကြခြင်း

၁၉၂၀ ပြည့်နှစ် ဇူလိုင် ၃၀ ရက် (စနေနေ့) မှာ ဝိုင်အမ်ဘီအေ အထွေထွေကောင်စီက ဦးဆောင်ပြီး ပြည်သူပြည်သား အစည်းအဝေးကြီးကို ရန်ကုန်မြို့၊ ဂျူဗလီဟောရုံကြီးမှာ ကျင်းပပြုလုပ်ပါတယ်။ အစည်းအဝေးသဘာပတိအဖြစ် ဦးချစ်လှိုင်အစား ဦးဘေ (K.S.M., A.T.M.) က သဘာပတိအဖြစ် ဆောင်ရွက်ပါတယ်။

အစည်းအဝေးကြီးကို အမျိုးသမီး အမျိုးသား စုစုပေါင်း ၅၀၀ ခန့် တက်ရောက်တယ်။ အစည်းအဝေးဖွင့်လှစ်ကြောင်း ကြေညာပြီးတာနဲ့ သဘာပတိဦးဘေက သဘာပတိမိန့်ခွန်းပြောပါတယ်။ ဦးဘေပြောရာမှာ ဒီအစည်းအဝေးကြီးကို ခေါ်ယူကျင်းပရတာဟာ မြန်မာပြည်သူတွေအတွက် အသက်တမျှအရေးကြီးတဲ့ ရန်ကုန်တက္ကသိုလ်ဥပဒေကြမ်းကို ကန့်ကွက်ရန် ပြောကြားတယ်။

သဘာပတိမိန့်ခွန်းပြောပြီးတဲ့အခါ ပုသိမ်မြို့ကိုယ်စားလှယ် ရဟန်းတော် ဦးဝေပုလ္လက... ယူနီဗာစီတီ ဥပဒေကြမ်းကို အတည်ပြုရန် စီမံတဲ့အတွက် ကန့်ကွက်ကြောင်း၊ မြန်မာပြည်အုပ်ချုပ်ရေးသစ်နဲ့ လွှတ်တော်အသစ်ဖွဲ့စည်းတဲ့အထိ ဆိုင်းငံ့ထားသင့်ကြောင်း ပြောကြားရာ ရန်ကုန်ဦးထွန်းဦးက ထောက်ခံပါတယ်။

ဇီးကုန်းမြို့ကိုယ်စားလှယ် ဝတ်လုံဦးဘစီက တစ်နေရာတည်းမှာရှိတဲ့ ယူနီဗာစီတီမျိုး မြန်မာပြည်နှင့် မသင့်တော်။ ကောလိပ်များပါတဲ့ ယူနီဗာစီတီမျိုးသာ သင့်ကြောင်း အဆိုကို ကိုတင်က ထောက်ခံပါတယ်။

ဦးတုတ်ကြီး(B.A)က တက္ကသိုလ်ကောင်စီမှာ ကောင်စီဝင် ၅၆ ဦးပါဝင်ရာ မြန်မာတိုင်းရင်းသား ငါးဦး၊ ဆီးနိတ်မှာ ၂၄ ဦး ထားရာ မြန်မာတိုင်းရင်းသား နှစ်ဦးသာ ပါဝင်နေတာကို ရှင်းပြပါတယ်။

ယူနီဗာစီတီအုပ်ချုပ်မှုဆိုင်ရာအဖွဲ့များတွင် မြန်မာလူမျိုးများကို လုံလောက်စွာ ပါဝင်နိုင်ခွင့်ရရှိစေရန် အဆိုကို နယူးဘားမားသတင်းစာ အယ်ဒီတာ ကိုဘလှိုင်က ထောက်ခံပါတယ်။

အဆိုအမှတ်(၄)ကို သာယာဝတီဦးပုက တင်သွင်းရာ မစ္စတာမက်ဟန်းတား စီမံတဲ့ ရန်ကုန်တက္ကသိုလ်ဥပဒေကြမ်းကို "ဟန်းတားဥပဒေကြမ်း" လို့ ခေါ်သင့်ကြောင်း၊ ဒီဥပဒေကြမ်းကြောင့် မြန်မာအမျိုးသားများတိုးတက်ကြီးပွားရေးမှာ များစွာ အဟန့်အတားဖြစ်ကြောင်း ရှင်းပြပြီး အဆိုတင်ပါတယ်။

ယူနီဗာစီတီသိပ္ပံဝင်ခွင့်ရရန် တစ်နှစ်ထပ်မံသင်ကြားရဦးမယ့် စီမံချက်ကို အလျှင်းမနှစ်သက်၊ ဆယ်တန်းအောင်သူ ဘယ်သူမဆို ဝင်ခွင့်ပြုသင့်ကြောင်း မောင်သင်းမောင်က ထောက်ခံပါတယ်။**စာမျက်နှာ ၉ သို့**



ဘီအိုစီကောလိပ် မှတ်တမ်းဓာတ်ပုံ။

# ရန်ကုန်တက္ကသိုလ် နှစ်တစ်ရာပြည့်အထိမ်းအမှတ်ဆောင်းပါး



*စာမျက်နှာ ၈ မှ*

ရွှေနေကြီး ဦးစိန်လှအောင်က အဆိုအမှတ် (၅) ကို တင်ပြရာမှာ ဘီအေ၊ ဘီအက်စီကို ဂုဏ်ထူးနဲ့ဖြစ်စေ၊ ရိုးရိုးအောင်သူဖြစ်စေ၊ အမ်အေအမ်အက်စီ စာမေးပွဲကို ဝင်ခွင့်ပြုသင့်ကြောင်း ကိုသိန်းအောင် (B.A) က ထောက်ခံပါတယ်။

လက်ပံတန်းမြို့ ဦးလူကြီးက အဆိုအမှတ် (၆) ကို တင်သွင်းသည်မှာ-

ပညာရေးဝန်ကြီး ဟန်းတားသည် ပညာရေးကို တိုးတက်အောင်မလုပ်၊ ယုတ်လျော့အောင် ဖိစီးနှိပ်ကွပ်သည်ဖြစ်၍ မက်ဟန်းတား အား မြန်မာပြည်တွင် အမှုမထမ်းစေသင့်။ ညောင်လေးပင် ဦးဘိုးတေ ထောက်ခံ။

ရွှေတိဂုံဘုရားလမ်းနဲ့ ဦးဝိစာရလမ်းထောင့် (တပ်မတော်ပြခန်းနေရာ)ရှိ ဂျူဗလီဟောရုံကြီးမှာ အသင်းချုပ်ကြီးက ဦးစီးကျင်းပတဲ့ "ရန်ကုန်တက္ကသိုလ် ဥပဒေ ကန့်ကွက်ပွဲကြီး"ရဲ့ ဆုံးဖြတ်ကန့်ကွက်ချက်တွေကို အသင်းချုပ်ကြီး၊ ဒုတိယဘုရင်ခံ၊ ပညာရေးဝန်ကြီး အိန္ဒိယဗဟိုအစိုးရတို့ကို ပေးပို့ခဲ့တယ်။

ဝိုင်အမ်ဘီအေအထွေထွေကောင်စီက ဦးစီးကျင်းပတဲ့ ပြည်သူလူထု အစည်းအဝေးကြီးက ဆုံးဖြတ်ပြဋ္ဌာန်းလိုက်တဲ့ ဆုံးဖြတ်ချက်များနဲ့ ဦးပု၊ ဦးဘဘေတို့ အဆိုပြုလွှာ၊ ဦးချစ်လှိုင်ရဲ့ အဆိုပြုလွှာတွေဟာ အခြေခံအားဖြင့် တစ်ထပ်တည်းနီးပါး တူညီနေတာ တွေ့ရမှာဖြစ်တယ်။

ဦးပု၊ ဦးဘဘေတို့နဲ့ ဦးချစ်လှိုင်ရဲ့ အဆိုပြုလွှာတွေဟာ လျော့ရဲရဲနိုင်တယ်လို့ ပြောနိုင်ပေမယ့် ဝိုင်အမ်ဘီအေရဲ့ ဆုံးဖြတ်ချက်တွေက သူ့ခေတ်နဲ့သူ့အခါ အတော်မာတယ်လို့ ပြောနိုင်တယ်။ ဝိုင်အမ်ဘီအေ ဆုံးဖြတ်ချက်ထဲမှာ ထူးခြားတာက-

ရန်ကုန်တက္ကသိုလ်ဥပဒေကြမ်းကို "ဟန်းတားဥပဒေကြမ်း" လို့ ကင်ပွန်းတပ်လိုက်တာရယ်။ မစ္စတာ မက်ဟန်းတားကို မြန်မာပြည်တွင် ဆက်လက်အမှုမထမ်းစေသင့်ကြောင်းတို့ဖြစ်တယ်။ မြန်မာတွေက ရန်ကုန်တက္ကသိုလ်ဥပဒေကြမ်းကို "ဟန်းတားဥပဒေကြမ်း" လို့ခေါ်ဆိုကြခြင်းဟာ-

၁။ မစ္စတာမက်ဟန်းတား ဦးဆောင်ရေးဆွဲခဲ့တဲ့ ရန်ကုန်တက္ကသိုလ်ဥပဒေကြမ်းဟာ မြန်မာ့တက္ကသိုလ်ပညာရေးကို ကမောက်ကမ ဖြစ်စေတဲ့အပြင် ပြည်သူတို့ လိုအင်နဲ့လည်း ဆန့်ကျင်နေခြင်း၊

၂။ မက်ဟန်းတား ပညာမင်းကြီးဖြစ်တဲ့အချိန်မှစပြီး အခြေခံပညာရေးစနစ် ကမောက်ကမ ဖြစ်ခြင်း၊

၃။ ဆရာများလောကမှာ တစ်ဖက်စောင်းနင်းဖြစ်ပြီး မျှမတ မြန်မာဆရာများကို နှိမ့်ချခြင်း၊ ရန်ကုန်တက္ကသိုလ် ဥပဒေကြမ်းကို မြန်မာတွေက ဘယ်လောက်ပဲ မကျေမနပ်ဖြစ်နေပါစေ၊ ဘယ်လိုပဲခေါ်ခေါ် ခေါ်ချင်သလိုခေါ်ပါစေ ဘယ်လိုနည်းများနဲ့ ကန့်ကွက်ကန့်ကွက်၊ ဘုရင်ခံ ဆာရယ်ဂျီနယ်ကရက်ဒေါက်၊ ပညာမင်းကြီး မက်ဟန်းတားနဲ့ အပေါင်းအပါတစ်စုကတော့ ရန်ကုန်တက္ကသိုလ် ဥပဒေကြမ်း ဖွံ့ဖြိုးရှင်သန်အောင် ပေါင်းသင်ရေလောင်း လုပ်နေကြပါတယ်။

ပြည်သူတွေကလည်း ဖွဲ့နပဲကြီးကြီးနဲ့ ကန့်ကွက်ကြပါတယ်။ သတင်းစာသမားတွေ၊ သတင်းစာတွေ၊ နိုင်ငံရေးသမားတွေ၊ နိုင်ငံရေးပါတီအဖွဲ့အစည်းတွေ တက္ကသိုလ်ကျောင်းသူ ကျောင်းသားတွေအားလုံး မကျေမနပ် ဝိုင်းဝန်းကန့်ကွက်နေကြပါတယ်။

ဗမာပြည်အုပ်ချုပ်ရေး တိုးပေးရေးကလည်း သောင်မတင် ရေမကျဖြစ်နေ၊ မွန်တေဂူချမ်းစဖို့ အစီရင်ခံစာထွက်လာပြီး အိန္ဒိယကိုအုပ်ချုပ်ရေး တိုးပေးတော့လည်း မပါ၊ ဗမာပြည်အုပ်ချုပ်ရေးသစ်အတွက် ဘုရင်ခံ ဆာရယ်ဂျီနယ်ကရက်ဒေါက် ရေးဆွဲတဲ့ စီမံကိန်းကိုလည်း ဗမာတွေ မကျေမနပ်ဖြစ်နေကြတယ်။

၁၉၁၈ ခုနှစ် ဒီဇင်ဘာ ၁၇ ရက်မှာ ဗမာပြည်ဘုရင်ခံ ဆာရယ်ဂျီနယ်ကရက်ဒေါက်က ကရက်ဒေါက်စီမံကိန်းကို ဗမာပြည်သူတွေ မကျေနပ်တဲ့ထဲက ထုတ်ပြန်ကြေညာလိုက်ပြန်ပါတယ်။

ကရက်ဒေါက်စီမံကိန်း ထုတ်ပြန်ကြေညာတာကို မြန်မာပြည်ခေါင်းဆောင်များ၊ တိုင်းသူ ပြည်သားများ မကျေနပ်ကြလို့ ဝိုင်အမ်ဘီအေ ဦးဆောင်မှုဖြင့် ၁၉၁၉ ခုနှစ် ဖေဖော်ဝါရီမှာ လူထုစည်းဝေးပွဲကြီးကျင်းပကာ ကရက်ဒေါက်စီမံကိန်းကို ကန့်ကွက်ခဲ့ကြပါတယ်။

၁၉၁၉ ခုနှစ် မေ ၁၈ ရက် (၁၂၈၁ ကဆုန်လပြည့်ကျော် ၅ ရက်)မှာ ဗဟိုအသင်းချုပ်ကြီးရဲ့အစီအစဉ်နဲ့ မြန်မာနိုင်ငံပြုပြင်ရေးအသင်း (Burma Reform League) ရယ်၊ ဝိုင်အမ်ဘီအေနဲ့ အလားတူအသင်းများ ပူးပေါင်းပြီး ရန်ကုန်မြို့ ဂျူဗလီဟောရုံကြီးမှာ လူထုအစည်းအဝေးကြီး ကျင်းပတယ်။ အစည်းအဝေးကြီးမှာ-



ရန်ကုန်တက္ကသိုလ်စာကြည့်တိုက် မှတ်တမ်းဓာတ်ပုံ။

## ကရက်ဒေါက်စီမံကိန်း ရှင်းလင်းခြင်း

လန်ဒန်လွှတ်ရန် ကိုယ်စားလှယ်ရွေးခြင်း၊ ကိုယ်စားလှယ်များဆောင်ရွက်ရန် လုပ်ငန်းလမ်းညွှန်တို့ ဆွေးနွေးပြီး ဝတ်လုံတော်ရ ဦးပု(ရွှေကျင်)၊ ဘကြီးဘဘေ (သူရိယသတင်းစာ)၊ ဦးထွန်းရှိန် (မန္တလေးဗုဒ္ဓဘာသာ ကျောင်းအုပ်) တို့ကို ရွေးချယ်လိုက်ကြပါတယ်။

ကိုယ်စားလှယ်အဖွဲ့ဟာ ၁၉၁၉ ခုနှစ် ဇူလိုင် ၇ ရက် (၁၂၈၁ ခုနှစ် ဝါဆိုလဆန်း ၁၁ ရက်) မှာ ရန်ကုန်မြို့ ကာလကတ္တား သင်္ဘောဆိပ်(ပန်းဆိုးတန်း)မှ ထွက်ခွာသွားရာ အင်္ဂလန်နိုင်ငံ လန်ဒန်မြို့တော်ကို ၁၉၁၉ ခုနှစ် ဩဂုတ် ၈ ရက် (၁၂၈၁ ခုနှစ် ဝါခေါင်လဆန်း ၁၃ ရက်) မှာ အင်္ဂလန်နိုင်ငံ တယ်လ်ဗြူရီသင်္ဘောဆိပ်ကို ဆိုက်ရောက်ပါတယ်။

မြန်မာများနဲ့ မစ္စတာ ဘားနတ်ဟောက်တန်တို့ စီစဉ်ပေးလို့ လန်ဒန်မြို့ မေရီလ်ဘုန်းရပ်ကွက် ဘီးမောင့်လမ်း အမှတ် ၁၄ မှာ တည်းခိုသတဲ့။ ၁၉၁၉ ခုနှစ် ဩဂုတ် ၁၉ မှာ လော့ဒ်ဆဲလ်ဘုန်း ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်တဲ့ ဗြိတိသျှ ပါလီမန် တွဲဖက်ကော်မတီရှေ့မှာ မြန်မာကိုယ်စားလှယ်အဖွဲ့ စစ်ဆေးခံရပါတယ်။

ကိုယ်စားလှယ်တော်ကြီးတွေဟာ အဓိကလုပ်ငန်းဖြစ်တဲ့ အုပ်ချုပ်ရေးတိုးတက်ရရှိရေးအတွက် တင်ပြတောင်းဆိုတဲ့အပြင် ရန်ကုန်တက္ကသိုလ် ဥပဒေ (ဟန်းတားဥပဒေ)ကို ကန့်ကွက်တဲ့အကြောင်း၊ လက်ရှိ ရန်ကုန်တက္ကသိုလ် ဥပဒေကြမ်းဟာ ယူနီထရီစနစ် (Unitary) ဖြစ်လို့ မနှစ်သက်ကြောင်း။

ပြည်သူအများ လိုလားတောင့်တတဲ့ စနစ်ဟာ လက်အောက်ခံကောလိပ်များနဲ့ ပေါင်းစပ်ပါဝင်တဲ့စနစ် (Collegiate System) သို့မဟုတ် ဖက်ဒရယ်စနစ် (Federal System) သာ ဖြစ်ပါကြောင်း တင်ပြတောင်းဆိုခဲ့ကြပါတယ်။ ဒါပေမယ့် လန်ဒန်အစိုးရက နှုတ်တုံ့ပြန်ခြင်း မပြုခဲ့ပါ။

မြန်မာတိုင်းရင်းသားများက ရန်ကုန်တက္ကသိုလ် ဥပဒေကြမ်းကို နည်းမျိုးစုံနဲ့ ကန့်ကွက်ကြပေမယ့် ဗြိတိသျှကိုလိုနီအစိုးရက ဖွတ်ငြင်းပယ်ခဲ့တယ်။ အဲဒီလို ငြင်းပယ်တဲ့ထဲမှာ ဘုရင်ခံကိုယ်တိုင်ပါဝင်ပါတယ်။ ဘုရင်ခံ ဆာရယ်ဂျီနယ်ကရက်ဒေါက်က ၁၉၂၀ ပြည့်နှစ် ဩဂုတ် ၁၂ ရက်မှာကျင်းပတဲ့ ဒါဘာပွဲမိန့်ခွန်းမှာ-

"ယခုအခါ ဖက်ဒရယ်တက္ကသိုလ် တည်ထောင်ပေးဖို့ တောင်းဆိုနေကြသူများသည် နှစ်ပေါင်း ငါးဆယ်အတွင်း ရရှိလာသည့် အတွေ့အကြုံနှင့် တကယ့်အရည်အချင်းပြည့်ဝသူများပါဝင်သော ကာလကတ္တားတက္ကသိုလ်ကော်မရှင်၏ အကြံပေးချက်များကို ပယ်ပစ်ရန် ကျွန်ုပ်အားတိုက်တွန်းနေကြခြင်းပင်ဖြစ်သည်"လို့ ထည့်သွင်းပြောကြားသွားပါတယ်။ တစ်ဖန် ၁၉၂၀ ပြည့်နှစ် ဩဂုတ် ၂၈ ရက်နေ့မှာ ကျင်းပတဲ့ ဥပဒေပြုကောင်စီတွင် မြန်မာပြည် ဘုရင်ခံက-

ရန်ကုန်တက္ကသိုလ်အက်ဥပဒေအရ ပညာရေးကို နှေးကွေးကြန့်ကြာအောင် ပြုလုပ်ထားခြင်းဟူသော မြန်မာတိုင်းရင်းသားတို့ ယူဆထားချက်ကို မြန်မာပြည် ဘုရင်ခံက ချေပပြောဆိုရာတွင်-

"၁၉၁၈-၁၉၁၉ ခုနှစ်အတွက် ဟိုက်စကူးကျောင်းများတွင် သင်ကြားကြသော တပည့်ပေါင်းမှာ မဒရပ်ပြည်နယ်တွင် ၃၅၀၀၀၊ ဘင်္ဂလားပြည်နယ်တွင် ၁၁၂၀၀၀၊ ဘုံဘိုင်ပြည်နယ်တွင် ၂၉၀၀၀ ဖြစ်သော်လည်း မြန်မာပြည်တွင် ၂၆၀၀ မျှသာဖြစ်သည်။ မဒရပ်ပြည်နယ် စသောပြည်နယ်များတွင်ရှိ တပည့်ဦးရေနှင့် နှိုင်းယှဉ်ကြည့်သော် မြန်မာပြည်တွင် တပည့်ဦးရေ များစွာနည်းသည်" လို့ ထည့်သွင်းပြောဆိုခဲ့တယ်။ ဆိုလိုတာက ရန်ကုန်မြို့မှအပ အခြားမြို့ကြီးများတွင် ကောလိပ်ကျောင်းများတည်ထောင်နိုင်ရန် အချိန်များစွာလိုသေးတယ်လို့ အဓိပ္ပာယ်ရပါတယ်။

မြန်မာကိုယ်စားလှယ်တွေကကန့်ကွက်သလို မြန်မာမင်းတိုင်ပင်အမတ်တချို့ကလည်း ကန့်ကွက်ခဲ့ကြတယ်။ ဒါပေမယ့် ၁၉၂၀ ပြည့်နှစ် ဇူလိုင် ၁၂ ရက်မှာ ကျင်းပတဲ့ ဥပဒေပြုကောင်စီအစည်းအဝေးမှာ မက်ဟန်းတားက ရန်ကုန်တက္ကသိုလ် ဥပဒေကြမ်းကို တင်သွင်းပါတယ်။ မက်ဟန်းတားက ပြောရာမှာ-

"တက္ကသိုလ်မှာ ဗဟိုသင်ကြားမှုနဲ့ ကျောင်းအိပ်ကျောင်းစားနေထိုင်မှု (Centralized Teaching and Residential Institution) ကို မူအားဖြင့် ထားမယ်လို့ ဆိုပါတယ်။ ဆိုလိုတာက တက္ကသိုလ်ကို ရန်ကုန်တစ်မြို့တည်းမှာထားပြီး အခြားမြို့များမှာဖွင့်တဲ့ ကောလိပ်များနဲ့ ဆက်ဆံခွင့်မရှိလို့ဆိုရာ ရောက်ပါတယ်။ အမတ် ဦးမေအောင် တစ်ဦးတည်းက ထောက်ခံပါတယ်။ ။

ဒါပေမယ့် နယ်ချဲ့အစိုးရဟာ ရန်ကုန်တက္ကသိုလ် ဥပဒေ ကို ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာ ၁ ရက်နေ့မှာ ပြဋ္ဌာန်းအတည်ပြုပြီး ရန်ကုန်တက္ကသိုလ်ကို ဂျပ်ဆင်ကောလိပ်နဲ့ ရန်ကုန်ကောလိပ်ပေါင်းပြီး ဒီဇင်ဘာ ၃ ရက်နေ့မှာ ဖွင့်လှစ်ရန် ပြင်ဆင်ပါတယ်။ ဒီဇင်ဘာ ၆ ရက်မှာ အခမ်းအနားနဲ့ ဖွင့်လှစ်မှာဖြစ်တယ်။

ဒါပေမယ့် ကောလိပ် နှစ်ကျောင်းပေါင်းက ဒီဇင်ဘာ ၅ ရက် ညနေမှာ သပိတ်မှောက်လိုက်ကြပါတော့တယ်။ ။



ရန်ကုန်တက္ကသိုလ် ဆေးရုံ မှတ်တမ်းဓာတ်ပုံ။



### ဆောင်းပါးရှင်၏ ကိုယ်ရေးအကျဉ်း

- အမည်ရင်း လေးမြင့်ဖြစ်ပါသည်။
- အဖ ဦးသိန်းမောင်- အမိ ဒေါ်ရွှေတင်တို့မှ ၁၉-၃-၁၉၃၄ ခုနှစ်တွင် မွေးဖွားသည်။ ပဲခူးခရိုင်၊ ညောင်လေးပင်မြို့နယ် ပုဇွန်မြောင်းရွာ ဇာတိဖြစ်သည်။
- ပုဇွန်မြောင်း အလယ်တန်းကျောင်း၊ ရန်ကုန် ကျူရှင်ကျောင်း (အထက-၄ အလုံ)တွင် တက်ရောက်ခဲ့ပြီး ၁၉၅၃-၁၉၆၂ အထိ တက္ကသိုလ်တက်ရောက်ခဲ့သည်။ ၁၉၆၀-၆၁ တွင် သတင်းစာပညာဒီပလိုမာ တက်ခဲ့သည်။
- ၁၉၅၃-၅၄ တွင် လူထုသတင်းစာနှင့် ဂျာနယ် ရန်ကုန်တိုက်ခွဲ သတင်းထောက်၊ အလုပ်သင် အယ်ဒီတာ၊ ၁၉၅၄ တွင် အိုးဝေသတင်းစာ အယ်ဒီတာ တာဝန်များဆောင်ရွက်ပြီး သတင်းစာနှင့် မဂ္ဂဇင်းများစွာတို့တွင် အယ်ဒီတာမှ အယ်ဒီတာချုပ်အထိ တာဝန်ယူလုပ်ကိုင်ခဲ့သည်။
- မြန်မာ့လွတ်မြောက်ရေး ကြိုးပမ်းမှုဆိုင်ရာ နိုင်ငံရေးစာပေများနှင့်ဝတ္ထုများ ရေးသားထုတ်ဝေခဲ့သည်။
- ကျောင်းသားများသမဂ္ဂ၊ လူငယ်များသမဂ္ဂနှင့် အလုပ်သမားများသမဂ္ဂတို့တွင် တက်ကြွစွာပါဝင် ဆောင်ရွက်ခဲ့ပြီး လက်ရှိတွင် စာရေးဆရာသမဂ္ဂ၌ နာယကအဖြစ် လုပ်ကိုင်လျက်ရှိသည်။
- သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက် ဦးစီးဌာနက စာရေးသူ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဘဝဖြတ်သန်းမှု သမိုင်းမှတ်တမ်းရယူခြင်း ခံရပါသည်။
- ယခုလက်ရှိတွင် ဆောင်းပါးနှင့် ဝတ္ထုများ ရေးသားဆဲဖြစ်ပါသည်။

# အပင်မျိုးသစ် အကာအကွယ်ပေးရေးစနစ် အသိပညာပေးခြင်းဆိုင်ရာ အွန်လိုင်းဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၆**

စိုက်ပျိုးရေးသုတေသနဦးစီးဌာနနှင့် Syngenta Foundation for Sustainable Agriculture တို့ ပူးပေါင်းဆောင်ရွက်သည့် အပင်မျိုးသစ်အကာအကွယ်ပေးရေးစနစ် အသိပညာပေးခြင်းဆိုင်ရာ အွန်လိုင်းဆွေးနွေးပွဲ အခမ်းအနားကို ယမန်နေ့က Virtual Meeting စနစ်ဖြင့် ကျင်းပသည်။

အဆိုပါ အွန်လိုင်းဆွေးနွေးပွဲသို့ အပြည်ပြည်ဆိုင်ရာ အပင်မျိုးသစ် အကာအကွယ်ပေးရေး ကွန်ဗင်းရှင်းကောင်စီ (UPOV) မှ Ms. Yolanda Huerta၊ Naktuinbouw Plant Variety Testing Department မှ Ms.Laura Pinan Gonzalez၊ ဗီယက်နမ်နိုင်ငံနှင့် မလေးရှားနိုင်ငံတို့မှ သက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် စီမံကိန်းဦးစီးဌာနတို့မှ စိုက်ပျိုးရေးပညာရှင်များ၊ စိုက်ပျိုးရေးသုတေသနခြံများမှ ဌာနစုတာဝန်ခံများ၊ ဧရာဝတီမျိုးစေ့ထုတ်ကုမ္ပဏီ၊ Syngenta Foundation for Sustainable Agriculture နှင့် ပုဂ္ဂလိကမျိုးစေ့ထုတ် ကုမ္ပဏီများမှ တာဝန်ရှိသူများက Video Conferencing ဖြင့် တက်ရောက်ခဲ့ကြသည်။

ညွှန်ကြားရေးမှူးချုပ် ဒေါက်တာနိုင်ကြည်ဝင်းက ဖွံ့ဖြိုးဆဲနိုင်ငံများ၏ စိုက်ပျိုးထုတ်လုပ်စွမ်းအားနည်းရခြင်း၏ အခြေခံအကြောင်းအရင်းများထဲမှ တစ်ခုမှာ ဒေသမျိုးများ၏ အထွက်နှုန်းစွမ်းရည် တိုးတက်ရေးအတွက် ဆောင်ရွက်ချက်များ နှောင့်နှေးခြင်းဖြစ်ပါကြောင်း၊ စိုက်ပျိုးထုတ်လုပ်မှုစွမ်းအား တိုးတက်ရေးနှင့် ဒေသတွင်း စားနပ်ရိက္ခာဖူလုံရေးအတွက် မြန်မာနိုင်ငံအနေဖြင့် ပုဂ္ဂလိက-အစိုးရပူးပေါင်းဆောင်ရွက်သော ရေရှည်တည်တံ့သည့် မျိုးစေ့ထုတ်လုပ်ငန်းများ ဖော်ဆောင်ရန်သည် အရေးပါသည့် ကဏ္ဍတစ်ရပ်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အနေဖြင့်လည်း ပုဂ္ဂလိက- အစိုးရ ပူးပေါင်းဆောင်ရွက်သည့် မျိုးစေ့ထုတ်လုပ်ငန်းများဖော်ဆောင်ရေးအတွက် အားပေးဆောင်ရွက်လျက်ရှိကြောင်း။

၂၀၁၉ ခုနှစ် နိုဝင်ဘာ ၁ ရက်က ဆွစ်ဇာလန်နိုင်ငံ ဂျနီဗာမြို့တွင်ကျင်းပခဲ့သည့်(၅၃) ကြိမ်မြောက်အပြည်ပြည်ဆိုင်ရာ အပင်မျိုးသစ်အကာအကွယ်ပေးရေး ကွန်ဗင်းရှင်းကောင်စီ အစည်းအဝေးတွင် မြန်မာနိုင်ငံ၏ အပင်မျိုးသစ်အကာအကွယ်ပေးရေးဥပဒေကို တင်ပြအစီရင်ခံခဲ့ရာ အပြုသဘောဆောင်သော သဘောထားမှတ်ချက်နှင့် ဆုံးဖြတ်ချက်များ ရရှိခဲ့ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် UPOV အဖွဲ့ဝင်မဟုတ်သေးသော်လည်း EAPVP အဖွဲ့ဝင်ဖြစ်ခဲ့သည်မှာ ၂၀၀၇ ခုနှစ် ကတည်းကဖြစ်ရာ အရှေ့အာရှဒေသတွင်း လိုက်လျောညီထွေရှိသည့်အပင်မျိုးသစ်အကာအကွယ်ပေးရေးစနစ် ဖော်ဆောင်ရေးအတွက် ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်း၊ ယနေ့ပြုလုပ်သည့် အွန်းလိုင်းဗဟုသုတစုံညီဆွေးနွေးပွဲမှ မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ထောင့်တစ်နေရာက အထောက်အပံ့ပေးနိုင်သော အပင်မျိုးသစ်အကာအကွယ်ပေးရေးစနစ်ဖော်ဆောင်နိုင်ရေးနှင့် မိတ်ဖက်အဖွဲ့အစည်းများနှင့် ရည်ရှည်လက်တွဲဆောင်ရွက်နိုင်ရေးအတွက် အဖိုးထိုက်တန်သည့် ဆွေးနွေးတင်ပြချက်များ၊အကြံဉာဏ်များ၊ ရလဒ်ကောင်းများရရှိမည်ဟု ယုံကြည်ပါကြောင်းပြောကြားသည်။

အဆိုပါ ဆွေးနွေးပွဲတွင် သက်ဆိုင်ရာ နိုင်ငံကိုယ်စားပြုစာတမ်းများ ဖတ်ကြားတင်ပြကြရာ တက်ရောက်လာသူများက ဝိုင်းဝန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မေမိုးသဲ**



# ဝမ်းတွင်းမြို့နယ်အတွင်းရှိ ကျေးရွာအားလုံး ၁၀၀ ရာခိုင်နှုန်း လျှပ်စစ်မီးလင်းတော့မည်

**မိတ္ထီလာ ဒီဇင်ဘာ ၆**

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ်၌ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် မြို့နယ်အတွင်းရှိ ကျေးရွာအားလုံး ၁၀၀ ရာခိုင်နှုန်း လျှပ်စစ်မီးလင်းတော့မည်ဖြစ်ကြောင်း မြို့နယ်လျှပ်စစ်မန်နေဂျာရုံးမှ သိရသည်။

ဝမ်းတွင်းမြို့နယ်တွင် ကျေးရွာ ၂၁၈ ရွာရှိသည့်အနက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ကျေးရွာ ၁၄၂ ရွာ လျှပ်စစ်မီး လင်းနိုင်ခဲ့ပြီဖြစ်ရာ မြို့နယ်အတွင်း လျှပ်စစ်မီးလင်းရန် ကျန်ရှိသောကျေးရွာ ၇၆ ရွာရှိသည့်အနက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးရန်ပုံငွေဖြင့် ကျေးရွာ ၁၃ ရွာ၊ အလှူရှင်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့တို့ပူးပေါင်း၍ ကျေးရွာ ၃၀ တို့ကို လျှပ်စစ်မီးလင်းနိုင်ရန် ဧပြီလမှစတင်၍ တင်ဒါအောင်မြင်သည့် ကုမ္ပဏီများက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာမှ ကျေးရွာ ၄၃ ရွာမှာ တည်ဆောက်ခြင်းလုပ်ငန်းများ ပြီးစီးပြီဖြစ်၍ ၎င်းကျေးရွာများ လျှပ်စစ်မီးလင်းနိုင်ရေး ခရိုင်လျှပ်စစ်မန်နေဂျာရုံး၏ ကြီးကြပ်မှုဖြင့် စီတီမီတာများဖြင့် ကျေးရွာ ၁၅ ရွာ လျှပ်စစ်မီးလင်းနိုင်ခဲ့ပြီဖြစ်သည်။

၎င်းအပြင် လျှပ်စစ်မီးလင်းရန် ကျန်ရှိသောကျေးရွာ ၂၈ ရွာတွင်လည်း ကျေးရွာတွင်းလမ်း ၄၀၀ ဗို့အားလိုင်းများ တည်ဆောက်ဆဲဖြစ်၍ အဆိုပါကျေးရွာများ လျှပ်စစ်မီးအမြန်ဆုံးမီးလင်းနိုင်ရေး သက်ဆိုင်ရာ ကျေးရွာမီးလင်းရေးကော်မတီများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ ကျေးရွာများလျှပ်စစ်မီးလင်းနိုင်ရေးဆောင်ရွက်လျက်ရှိရာမှ ၂၀၁၉-၂၀၂၀ဘဏ္ဍာနှစ်တွင် ဝမ်းတွင်းမြို့နယ်အနေဖြင့် ကျေးရွာ ၁၈၅ ရွာ မီးလင်းနိုင်မည်ဖြစ်ပြီး ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် မြို့နယ်အတွင်းရှိ လျှပ်စစ်မီးလင်းရန် ကျန်ရှိသော ကျေးရွာ ၃၃ ရွာကို လျှပ်စစ်မီးလင်းနိုင်ရေး အမျိုးသားလျှပ်စစ်ဓာတ်အား



ရရှိရေးစီမံကိန်း (ဒုတိယအဆင့်)ဖြင့် ဆောင်ရွက်သွားရန် လျာထားပြီးဖြစ်၍ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ဝမ်းတွင်းမြို့နယ်အတွင်းရှိ ကျေးရွာအားလုံး ၁၀၀ ရာခိုင်နှုန်း လျှပ်စစ်မီးလင်းနိုင်တော့မည်ဖြစ်ကြောင်း ဝမ်းတွင်းမြို့နယ် လျှပ်စစ်မန်နေဂျာရုံးမှ လက်ထောက်မန်နေဂျာ ဦးခင်မောင်အေး(အင်ဂျင်နီယာ)က ပြောသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# မြို့သစ်မြို့နယ်အတွင်းရှိ ကျေးရွာလေးရွာအား သောက်သုံးရေဖူလုံစွာရရှိရေး ဆောင်ရွက်ပေးမည်

**မြို့သစ် ဒီဇင်ဘာ ၆**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်အတွင်းရှိ သောက်သုံးရေလိုအပ်ချက်ရှိသည့် ကျေးရွာလေးရွာအား ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေကျပ်သန်း ၁၀၀ ကျော်ဖြင့် သောက်သုံးရေဖူလုံစွာရရှိရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့သစ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသန်းဝင်းထံမှ သိရသည်။

အဆိုပါ ကျေးရွာလေးရွာ၌ စက်ရေတွင်းသစ်များတူးဖော်ခြင်း၊ အမြင့်တင်ရေစင်တည်ဆောက်ခြင်း၊ ပါဝါမီတာတပ်ဆင်ခြင်းနှင့် ရေစက်ရုံတည်ဆောက်ခြင်းလုပ်ငန်းတို့ကိုဆောင်ရွက်ပေးမည်ဖြစ်သည်။

“ရာသီဥတုပြောင်းလဲလာတာနဲ့ မြို့နယ်အတွင်းမှာရှိတဲ့ ကျေးရွာအချို့မှာ သောက်သုံးရေလိုအပ်ချက်တွေ ရှိလာပါတယ်။ ယခုဘဏ္ဍာနှစ်အတွင်းမှာတော့ သောက်သုံးရေ လိုအပ်ချက်ရှိတဲ့ အခြားရေရှားပါးနိုင်တဲ့ ကျေးရွာတွေကို ဦးစားပေးအလိုက်ရွေးချယ်ပြီး ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒါကြောင့် ၂၀၂၀-၂၀၂၁ခု ဘဏ္ဍာနှစ်မှာ မြို့နယ်အတွင်းရှိ ကျေးရွာလေးရွာကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေကျပ် ၁၀၃ ဒသမ ၉၅ သန်းနဲ့ သောက်သုံးရေရရှိရေး ဆောင်ရွက်ပေးမှာဖြစ်ပါတယ်” ဟု မြို့သစ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသန်းဝင်းက ပြောသည်။

ယခုဘဏ္ဍာနှစ်အတွင်း ဖိုကြီး၊ မက်လုံစမ်း၊ ချောင်းရိုး(တောင်)၊ ပုလင်းပြားကြီး စသည့်ကျေးရွာလေးရွာ၌ သောက်သုံးရေဖူလုံစွာရရှိရေး စက်ရေတွင်းသစ်တူးဖော်ခြင်းလုပ်ငန်း လေးခု၊ ဂါလန် ၂၄၀၀ ဆံ့ အမြင့်တင်ရေစင် တည်ဆောက်ခြင်းလုပ်ငန်းလေးခု၊ အလျား ၁၀ ပေ၊ အနံ ရှစ်ပေ၊ အမြင့်ရှစ်ပေရှိ ရေစက်ရုံတည်ဆောက်ခြင်းလုပ်ငန်းလေးခုကို အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်သည်။

အဆိုပါ သောက်သုံးရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက ကျေးရွာလေးရွာရှိ အိမ်ခြေ ၁၁၆၈ အိမ်၊ လူဦးရေ ၅၃၄၃ ဦးနှင့် ကျွဲနွား တိရစ္ဆာန်တို့အတွက် သောက်သုံးရေများ ဖူလုံစွာရရှိစေမည်ဖြစ်ကြောင်း မြို့သစ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**သန်းလွင်(မကွေး)**

# ကံမမြို့နယ်အတွင်းရှိ ကျေးရွာ ကိုးရွာ၌ မြေသားရေကန်တူးဖော်ခြင်းနှင့် တိုးချဲ့ပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်မည်

**ကံမ ဒီဇင်ဘာ ၆**

မကွေးတိုင်းဒေသကြီး ကံမမြို့နယ်အတွင်းရှိ ကျေးရွာ ကိုးရွာ၌ နွေရာသီကာလ သောက်သုံးရေဖူလုံစွာ ရရှိရေးအတွက် ရည်ရွယ်၍ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် မူလခွင့်ပြုရန်ပုံငွေ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေများဖြင့် ရေရရှိရေး လုပ်ငန်းများဖြစ်သည့် မြေသားရေကန် တူးဖော်ခြင်းနှင့်တိုးချဲ့ပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သရက်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးကျော်ဆန်းဌေးထံမှ သိရသည်။

အဆိုပါ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပေးမည့် ကျေးရွာများမှာ မုန်းဒါးကြီးကျေးရွာ၊ မုန်းဒါးလေးကျေးရွာ၊ ရွာသာလှကျေးရွာ၊ စမ်းကျေးရွာ၊ အထက်မီးပေါက်ကျေးရွာ၊ ဂုံမင်းမြောင်ကျေးရွာ၊ လဲလူကုန်းကျေးရွာ၊ ပယ်ကျကျေးရွာနှင့် ပေပင်ကျေးရွာတို့ဖြစ်ပြီး ၎င်းကျေးရွာများတွင် မြေသားရေကန်တူးဖော်ခြင်းနှင့် တိုးချဲ့ပြုပြင်ခြင်းများ ဆောင်ရွက်ပေးနိုင်ရေးအတွက် မြေပြင်အခြေအနေကွင်းဆင်းစစ်ဆေးခြင်းများကို ဒီဇင်ဘာ ၅ ရက်က ကံမမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး၊ တာဝန်ခံအင်ဂျင်နီယာဝန်ထမ်းများ၊ သက်ဆိုင်ရာ ကုမ္ပဏီ တာဝန်ရှိသူများနှင့်အတူ ကွင်းဆင်းစစ်ဆေးပြီး ကျေးရွာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သိရသည်။



သရက်ခရိုင်အတွင်းရှိ ကျေးရွာများတွင် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဖြစ်သည့် ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်း၊ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး သက်ဆိုင်ရာ တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေး ဆောင်ရွက်လျက်ရှိကြောင်း သရက်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ဆန်းဌေးထံမှ သိရသည်။

**ဇော်မင်းဌေး**

## အမုန်းစကားမပြောရ။

တစ်ပါးသူ၏ လူမျိုး၊ နိုင်ငံ၊ ဘာသာရေး၊ ဒေသ၊
ကျား/မ လိင်ကွဲပြားမှု၊ လိင်ပိုင်းဆိုင်ရာ ခံယူမှု၊ မသန်စွမ်းသူများနှင့်
နာတာရှည်ရောဂါဖြင့် ကျန်းမာရေးချို့တဲ့နေသူများကို
အကြောင်းမဲ့ဖြစ်စေ၊ ထိခိုက်နာကျင်စေလိုသောကြောင့်ဖြစ်စေ
တိုက်ရိုက်တိုက်ခိုက်သော အမုန်းစကားများကို Facebook မှ ပယ်ဖျက်ပါသည်။



# လောင်းလုံးမြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြား ၆၅၀နှင့် လက်နက်ခဲယမ်းများ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၆**

လောင်းလုံးမြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြားများနှင့် လက်နက်ခဲယမ်းများကို ယမန်နေ့က ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ယင်းထုတ်ပြန်ချက်၌ ထားဝယ်ခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၄ ရက်ညနေ ၆ နာရီခွဲခန့်တွင်လောင်းလုံးမြို့နယ်က ဘူကျေးရွာနေစည်သူထက်(ခ) ညီညီထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၉၅ ပြား ဖမ်းဆီးရမိပြီး စစ်ဆေးပေါ်ပေါက်ချက်အရ ကွင်းဆက်တရားခံ ဂေါ့အင်းကျေးရွာနေ စည်သူစိုးသန့်(ခ) ဇင်ကို၏ နေအိမ်ကို ဒီဇင်ဘာ ၅ ရက်တွင် ဆက်လက်ဝင်ရောက်ရှာဖွေရာ ဩစတြေးလျနိုင်ငံထုတ် Glock 19 အမျိုးအစားပစ္စတိုသေနတ် တစ်လက်၊ ကျည် ၁၀ တောင့်၊ ကျည်အိမ် တစ်ခု၊ အရှည် သုံးပေခွဲခန့် ခါးချိုးလေသေနတ် တစ်လက်၊ ခဲသီး ၃၅ လုံး၊ အရှည်သုံးပေခွဲခန့် ဂက်စ်သေနတ်တစ်လက်၊ ဖန်ဂေါ်လီလုံး ၅၀၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၅ ပြား၊ လက်ကိုင်ဖုန်းနှစ်လုံး၊ မော်တော်ဆိုင်ကယ်တစ်စီးတို့ကို လည်းကောင်း၊ သတင်းကွင်းဆက်အရ ယင်းနေ့နံနက် ၁၁ နာရီခွဲခန့်တွင် ကဒက်ကြီးကျေးရွာနေ ဝေလွင်ဦး၏ နေအိမ်ကို ရှာဖွေရာ နေအိမ်နောက်ရှိ ဆိုင်ကယ်မှ ပွိုင့် ၂၂ ကျည်ထည့်လျက် လက်လုပ်ခါးချိုးသေနတ်အတိုတစ်လက်တို့ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် စည်သူထက်(ခ)ညီညီ၊ စည်သူစိုးသန့်(ခ)ဇင်ကိုနှင့် ဝေလွင်ဦးတို့အား ဥပဒေအရ အမှုဖွင့်အရေးယူထားရှိကြောင်း သိရသည်။



ပြစ်မှုကျူးလွန်သူများနှင့် သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများ၊ လက်နက်ခဲယမ်းများ။

**သတင်းစဉ်**

❏ *ကျောဖုံးမှ*

ထောက်ခြေကန်ချက်များက ထွန်းထွန်းမင်းကို ထိသလို တတိယအချီတွင်လည်း ထွန်းထွန်းမင်း ဘယ်လက်သီးအချို့က ရာမဉ်၏ မျက်နှာကို ထိခဲ့သည်။ သို့သော် ပွဲအခြေအနေကို အရှုံး/အနိုင် ပြောင်းလဲသည်အထိ မဖြစ်ပေါ်ခဲ့ပေ။ ယနေ့ပွဲစဉ်တွင် ထွန်းထွန်းမင်းနှင့် ရာမဉ်တို့နှစ်ဦးသား ပွဲဝေးနေ၍လား၊ တစ်ဦးနှင့်တစ်ဦး အခြေအနေစောင့်ကြည့်နေမှု လွန်ကဲခြင်းကြောင့်လား ယခင်ပွဲစဉ်များကဲ့သို့ ဖွင့်ထိုးမှုအားနည်းသလို ကောင်တာဖြင့် အဆုံးဖြတ်၊ အဆုံးသတ်တိုက်ကွက်များလည်း ငါးချီ ပွဲပြီးဆုံးသည်အထိ မတွေ့ခဲ့ရပေ။ ရိုးရာလက်ဝှေ့ဝါသနာရှင် ပြည်သူများက သည်းထိတ်ရင်ဖိုဖြစ်လောက်သည်အထိ မြင်တွေ့နိုင်မည်ဟု ယနေ့ပွဲကို မျှော်လင့်ခဲ့ကြသော်လည်း မျှော်လင့်သည်အတိုင်း ဖြစ်မလာကြောင်း သုံးသပ်မှုများ ရှိခဲ့သည်။

အခြားပွဲစဉ်များတွင် အဓိကပွဲစဉ်ထက် ပရိသတ်နှစ်ခြိုက်သဘောကျခဲ့သော်လည်း ပွဲစဉ်အများစုမှာ အရှုံး/အနိုင်မပေါ်ဘဲ သရေပွဲများဖြင့်သာ အဆုံးသတ်ပြီးဆုံးခဲ့သည်ကို တွေ့ရသည်။ ဒုတိယပွဲဖြစ်သော ဇွဲဌ(ကျားဖြူ)နှင့် စောထိန်လင်း(အဖြူရောင်သွေးသစ်)တို့ပွဲတွင် ငါးချီပြည့်သည်အထိ သူတစ်ပြန်၊ ကိုယ်တစ်ပြန် အစွမ်းကုန် ယှဉ်ပြိုင်ထိုးသတ်ခဲ့သော်လည်း အရှုံး/အနိုင်မပေါ်ခဲ့ပေ။ အလားတူ ကျားသွေး(TTM)နှင့် သားဒိန်း( ဖိုးရာဇာ)၊ စောရွှေလေး(ဒို့ရိုးရာ)နှင့် အဖိုးသွေး(အဖြူရောင်သွေးသစ်)၊ ကနောင်သွေး (အဖြူရောင်သွေးသစ်)နှင့် ပိုင်သက်အောင် (ကညော့သို) တို့ယှဉ်ပြိုင်ထိုးသတ်ခဲ့သော ပွဲများတွင်လည်း တစ်ဖက်နှင့်တစ်ဖက် အနိုင်ရရှိရေး အပြိုင်ကြဲကြသော်လည်း သရေပွဲများပင် ဖြစ်ခဲ့သည်။ ယနေ့ယှဉ်ပြိုင်ထိုးသတ်ခဲ့သော ပွဲစဉ်ခြောက်ပွဲတွင် အဓိကမြန်မာ့ရိုးရာလက်ဝှေ့ချန်ပီယံ ခါးပတ်လုပွဲဖြစ်သည့် ထွန်းထွန်းမင်းနှင့် ရာမဉ်တို့ အပါအဝင် ငါးပွဲအရှုံး/အနိုင်မပေါ်ဘဲ သရေကျခဲ့ပြီး စောအရိုင်း(သတ္တိ)နှင့် ဓနအောင် (အဖြူရောင်သွေးသစ်) ပွဲတစ်ပွဲသာ သုံးချီမြောက်တွင် ဓနအောင် (အဖြူရောင်သွေးသစ်)က အလဲထိုးဖြင့် အနိုင်ရခဲ့သည်။

**သတင်း- မောင်စိန်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ- တင်စိုး**

❂ *ကျောဖုံးမှ*

မလင်းလတ်အောင်တို့က ကြေးတစ်ခုစီ ဆွတ်ခူးရရှိကြသည်။

အဆိုပါပြိုင်ပွဲကို ကိုရီးယားနိုင်ငံက စီစဉ်ကျင်းပပြီး အာရှနိုင်ငံများမှ ၄၃ နိုင်ငံပါဝင်ပြီး ကစားသမား ၃၀၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

**အာကာစိုး**

# ဝိုင်းမော်နှင့် မြိတ်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၆**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ဒီဇင်ဘာ ၅ ရက် ညနေ ၅ နာရီခွဲတွင် ဝိုင်းမော်မြို့နယ် ဝါးရှောင်ကျေးရွာအုပ်စု ဂေါ်ဆက်ယန်ကျေးရွာအနီးတွင် မသင်္ကာဖွယ်တွေ့ရှိသူ ငွါးလေးအား စစ်ဆေးရှာဖွေရာ ဘိန်းစိမ်း ၇ ဒသမ ၅ ကီလိုကိုလည်းကောင်း၊ ထို့အတူ ယင်းနေ့မွန်းလွဲ ၃ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် မြိတ်မြို့နယ် ပသောင်းကျေးရွာအုပ်စု ပသောင်းကျေးရွာနေ ခင်မောင်ချို(ခ)အာနီ၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၁၇၉ ပြား၊ အိုက်စ် ၀ ဒသမ ၀၀၅ ကီလို၊ ဆေးခြောက် ၀ ဒသမ ၀၁၅ ကီလိုနှင့် ဘိန်းစာမှုန့် ၄၀ ဒသမ ၉ ကီလိုတို့ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

❊ *ကျောဖုံးမှ*

ယူအီးအက်ဖ်အေ ယူရိုပါလိဂ်ဖိုလ်လုပွဲသို့ရောက်ရှိအောင်စွမ်းဆောင်ပေးထားနိုင်ခဲ့သည်။ သို့သော်လည်း ဖိုလ်လုပွဲတွင် ဆီဗီလာအသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည့်အတွက် ယူရိုပါလိဂ်ဖလားနှင့် လွဲချော်ခဲ့ရသည်။

အခြားသတင်းရင်းမြစ်များတွင် လူကာကူသည် ၎င်း၏ ပရော်ဖက်ရှင်နယ်ကစားသမားဘဝအဆုံးမသတ်မီတွင် ဘယ်လ်ဂျီယံကလပ် အန်ဒါလက်ချ်အသင်းသို့ ပြန်လည်ပြောင်းရွှေ့ကစားလိုကြောင်း ထုတ်ဖော်ပြောကြားထားကြောင်း ဖော်ပြထားသည်။ ၎င်းသည် အန်ဒါလက်ချ်အသင်းတွင် ၂၀၀၈ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ ကစားခဲ့သူဖြစ်ပြီး ပြိုင်ပွဲအရပ်ရပ် ၉၈ ပွဲပါဝင်ကစားထားကာ ၄၁ ဂိုးအထိ သွင်းယူပေးထားနိုင်သူဖြစ်သည်။

အင်တာမီလန်အသင်းသည် ယခုနှစ်ရာသီ စီးရီးအေပြိုင်ပွဲတွင် ၁၀ ပွဲကစားပြီး ခြောက်ပွဲနိုင်၊ သုံးပွဲသရေ၊ တစ်ပွဲရှုံးနိမ့်ထားသည့်အတွက် အမှတ်ပေးဇယားအဆင့် (၂) နေရာတွင် ရမှတ် ၂၁ မှတ်ဖြင့် ရပ်တည်နေသည့်အသင်းဖြစ်သည်။ သို့သော်လည်း အင်တာမီလန်အသင်းသည် ချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စုအဆင့် အုပ်စု (B) တွင် မိုချန်ဂလာဘတ်၊ ရှက်တာဒိုးနက်၊ ရီးရဲမက်ဒရစ်အသင်းတို့နှင့်အတူ ကျရောက်နေကာ ငါးပွဲကစားပြီးချိန်တွင် ရမှတ် ငါးမှတ်ဖြင့် စတုတ္ထနေရာတွင် ရပ်တည်နေသည့်အသင်းဖြစ်သည်။ အဆိုပါ အုပ်စုကို မိုချန်ဂလာဘတ်အသင်းက ရမှတ် ရှစ်မှတ်ဖြင့် ဦးဆောင်နေပြီး ၎င်းနောက်တွင် ရှက်တာဒိုးနက်အသင်းနှင့် ရီးရဲမက်ဒရစ်အသင်းက ရမှတ် ခုနစ်မှတ်စီဖြင့် အစဉ်လိုက်ရပ်တည်နေသည်။

ထို့ကြောင့် အင်တာမီလန်အသင်းအနေဖြင့် လာမည့်ချန်ပီယံလိဂ်အုပ်စုအဆင့် ပွဲစဉ် (၆) တွင် ရှက်တာဒိုးနက်အသင်းနှင့် ရင်ဆိုင်သွားရမည်ဖြစ်ပြီး နောက်တစ်ဆင့်တက်ရောက်ရန် အမှတ်လိုအပ်ချက်ရှိနေသည့်အတွက် ယခုပွဲစဉ်ကို မဖြစ်မနေအနိုင်ကစားရန် လိုအပ်နေသည်။

**အောင်ဇော်**

# ဘားအံမြို့တွင် ထမင်းပေါင်းအိုးအပူလွန်ကဲရာမှ နေအိမ်ငါးလုံး မီးလောင်မှုဖြစ်ပွား

**ဘားအံ ဒီဇင်ဘာ ၆**

ကရင်ပြည်နယ် ဘားအံမြို့ အမှတ်(၅) ရပ်ကွက် ရော်ဘာခြံ (၄)လမ်းရှိ ဦးကျော်အေး၏နေအိမ်တွင် ဒီဇင်ဘာ ၆ ရက် နံနက် ၈ နာရီခွဲခန့်က ထမင်းပေါင်းအိုးအပူလွန်ကဲပြီး မီးလောင်ရာမှ နေအိမ်ငါးလုံးမီးလောင်ခဲ့ကြောင်း မီးသတ်ဦးစီးဌာနမှ သိရသည်။

အဆိုပါမီးလောင်ရာသို့ ပြည်နယ်မီးသတ်ဦးစီးမှူး ဦးဆောင်ကာ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်နေပြည်သူများက ပူးပေါင်းပြီး မီးသတ်ယာဉ်ကိုးစီး၊ ရေသယ်ယာဉ်လေးစီးဖြင့် သွားရောက်ငြိမ်းသတ်ခဲ့ရာ နံနက် ၉ နာရီခွဲခန့်တွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း၊ မီးလောင်မှုကြောင့် လူနှင့်တိရစ္ဆာန်များ ထိခိုက်ပျက်စီးမှုမရှိခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ မီးပေါ့ဆစွာအသုံးပြုသူ ဦးကျော်အေး (၅၈ နှစ်) ကို ဘားအံမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

**ဥပဒေဘောင်အတွင်းနေထိုင်ခြင်း ဘေးကင်းရန်ကွာစိတ်ချမ်းသာ**

# ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့၌ ဘိန်းစိုက်ခင်း ၃၅၅ ဒသမ ၅ ကေခန့် ဖျက်ဆီး

**နေပြည်တော် ဒီဇင်ဘာ ၆**

ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့၌ ဒီဇင်ဘာ ၅ ရက်တွင် ရဲတပ်ဖွဲ့ဝင်များနှင့် တပ်မတော်စစ်ကြောင်းများက ဘိန်းစိုက်ခင်း ၃၅၅ ဒသမ ၅ ကေခန့်ကို ဖျက်ဆီးခဲ့ကြောင်း သိရသည်။

ဒီဇင်ဘာ ၅ ရက်တွင် ရှမ်းပြည်နယ် ဒုတိယပြည်နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးကြီး ဇော်မင်းအောင် ဦးစီးပူးပေါင်းအဖွဲ့သည် ဟိုပုံးမြို့နယ် ကျောက္ကချားကျေးရွာ၏ တောင်ဘက် နှစ်ဖာလုံခန့်အကွာ၌ အမြင့်တစ်ပေခွဲမှ သုံးပေခွဲခန့်ထိ သီးပွင့်ဆဲဘိန်းစိုက်ခင်းဧက ၃၀ ခန့်ကို လည်းကောင်း၊ တောင်ကြီးခရိုင် ရဲတပ်ဖွဲ့မှူး ယာယီဒုတိယရဲမှူးကြီး ဇော်ဌေးဦး ဦးစီးပူးပေါင်းအဖွဲ့သည် ပင်လောင်းမြို့နယ် ထီသရကျေးရွာ၏ အနောက်ဘက်တစ်မိုင်ခန့်အကွာ၌ အမြင့်တစ်ပေခွဲခန့် သီးပွင့်ဆဲဘိန်းစိုက်ခင်း ၁၁၅ ဧကခန့်ကိုလည်းကောင်း၊ လွိုင်လင်ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဇေယျာကျော် ဦးစီးပူးပေါင်းအဖွဲ့သည် လွိုင်လင်မြို့နယ် ကျူးပေါ်ကျေးရွာအနီး၌ အမြင့်နှစ်ပေခန့် သီးပွင့်ဆဲဘိန်းစိုက်ခင်း ၄၆ ဧကခန့်ကို လည်းကောင်း၊ မိုင်းဆတ်ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ရန်နိုင်ထွန်း ဦးစီးပူးပေါင်းအဖွဲ့သည် မိုင်းတုံမြို့နယ် မိုင်းကန်ကျေးရွာအနီး၌ အမြင့်ခုနစ်ပေခန့် သီးပွင့်ဆဲဘိန်းစိုက်ခင်း ခုနစ်ဧကခန့်ကိုလည်းကောင်း၊ ကလောမြို့မရဲစခန်းမှူး ဒုတိယရဲမှူးလှနိုင် ဦးစီးပူးပေါင်းအဖွဲ့သည် ကလောမြို့နယ် ကျောက်ဆုပ်ကျေးရွာ၏အနောက်ဘက် နှစ်မိုင်ခန့်အကွာ၌ အမြင့်နှစ်ပေခန့် သီးပွင့်ဆဲဘိန်းစိုက်ခင်း ၁၀ ဒသမ ၅ ဧကခန့်ကို လည်းကောင်း၊ ဖယ်ခုံမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးလင်းနိုင် ဦးစီးပူးပေါင်းအဖွဲ့သည် ဖယ်ခုံမြို့နယ် လတိန်ကျေးရွာ၏ တောင်ဘက်နှစ်မိုင်ခန့်အကွာ၌ အမြင့်နှစ်ပေခန့် သီးပွင့်ဆဲဘိန်းစိုက်ခင်းဧက ၁၀၀ ခန့်ကို လည်းကောင်း၊ ဆီဆိုင်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးသီဟန် ဦးစီးပူးပေါင်းအဖွဲ့သည် ဆီဆိုင်မြို့နယ် နားခိုက်ကျေးရွာ၏ အရှေ့တောင်ဘက် တစ်မိုင်ခန့်အကွာ၌ အမြင့်နှစ်ပေခန့် သီးပွင့်ဆဲဘိန်းစိုက်ခင်းရှစ်ဧကခန့်ကို လည်းကောင်း၊ လဲချားမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအေးနိုင် ဦးစီးပူးပေါင်းအဖွဲ့သည် လဲချားမြို့နယ် နားလွယ်ကျေးရွာ၏ တောင်ဘက်လေးဖာလုံခန့်အကွာ၌ သီးပွင့်ဆဲဘိန်းစိုက်ခင်းသုံးဧကခန့်ကိုလည်းကောင်း ဖျက်ဆီးခဲ့သည်။

အလားတူ ဒီဇင်ဘာ ၅ ရက်က ချင်းပြည်နယ် တွန်းဇံမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး လှစိုး ဦးစီးပူးပေါင်းအဖွဲ့သည် ခွေါင်ခန့်ကျေးရွာ တောင်ဘက်သုံးမိုင်ခန့်အကွာ၌ အမြင့်သုံးလက်မမှ သုံးပေခွဲခန့် သီးပွင့်ဆဲ ဘိန်းစိုက်ခင်းဧက ၂၀ ခန့်ကိုလည်းကောင်း ဖျက်ဆီးခဲ့ကြောင်း သိရသည်။



ထို့အပြင် ဒီဇင်ဘာ ၅ ရက်က တပ်မတော်စစ်ကြောင်းများသည် နမ့်စန်မြို့နယ် လွယ်မကျေးရွာအနီး၌ အမြင့်တစ်ပေခွဲခန့် သီးပွင့်ဆဲဘိန်းစိုက်ခင်း ၁၂ ဧကခန့်ကိုလည်းကောင်း၊ နမ့်စမ်မြို့နယ် မက်မွန်လောင်းကျေးရွာ၏ အရှေ့ဘက် ၁၂ မိုင်ခန့်အကွာ၌ အမြင့်တစ်ပေခွဲခန့် သီးပွင့်ဆဲဘိန်းစိုက်ခင်း ၀ ဒသမ ၅ ဧကခန့်ကိုလည်းကောင်း၊ ကျေးသီးမြို့နယ် ပါတပ်ကျေးရွာ၏တောင်ဘက် သုံးမိုင်ခန့်အကွာ၌ အမြင့်နှစ်ပေခန့် သီးပွင့်ဆဲဘိန်းစိုက်ခင်းသုံးဧကခန့်ကိုလည်းကောင်း၊ မိုင်းပန်မြို့နယ် ပန်ပိကျေးရွာအနီး၌ အမြင့် တစ်ပေခွဲခန့် သီးပွင့်ဆဲဘိန်းစိုက်ခင်း ၀ ဒသမ ၅ ဧကခန့်ကိုလည်းကောင်း ဖျက်ဆီးခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**

# ဂျပန်ဝန်ကြီးချုပ်က ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်မှု လျှော့ချရေး ရန်ပုံငွေအဖြစ် အမေရိကန်ဒေါ်လာ ၁၉ ဘီလီယံ ခွဲဝေသတ်မှတ်

**တိုကျို ဒီဇင်ဘာ ၆**

၂၀၅၀ ပြည့်နှစ်မတိုင်မီ ဂျပန်နိုင်ငံ၏ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုကို ၀ ရာခိုင်နှုန်းအထိ လျှော့ချသွားရန် ဂျပန်ယန်းငွေ ၂ထရီလီယံ(အမေရိကန်ဒေါ်လာ ၁၉ ဘီလီယံ)တန်ကြေးရှိသည့် ရန်ပုံငွေတစ်ရပ်ကို ထူထောင်မည်ဟု ဂျပန်ဝန်ကြီးချုပ် ဆူဂါယိုရှီဟီဒဲက ကြေညာလိုက်ကြောင်း သိရသည်။

အဆိုပါရန်ပုံငွေဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများကို ဖြေရှင်းရာတွင် တီထွင်ဆန်းသစ်သော ချဉ်းကပ်မှုများပြုလုပ်နေသည့် ကုမ္ပဏီများကို ၁၀နှစ်စာ အချိန်အတွင်း လိုအပ်သည့် အကူအညီအထောက်အပံ့များ ပေးအပ်မည်ဖြစ်ကြောင်း ဝန်ကြီးချုပ် မစ္စတာ ဆူဂါက ပြောကြားခဲ့သည်။

ဟိုက်ဒရိုဂျင်ကို စွမ်းအင်အရင်းအမြစ်တစ်ခုအနေဖြင့် ဈေးနှုန်းသက်သာစွာနှင့် အလုံးအရင်းထုတ်လုပ်နိုင်ရေးအတွက် ပစ္စည်းကိရိယာများ ဖန်တီးရန်အတွက်လည်း ဂျပန်အစိုးရက တွန်းအားပေးမည်ဖြစ်ကြောင်း ဂျပန်ဝန်ကြီးချုပ်က ပြောကြားသည်။



ဂျပန်ဝန်ကြီးချုပ် မစ္စတာ ဆူဂါယိုရှီဟီဒဲ

ထို့ပြင် ဂျပန်အစိုးရအနေဖြင့် မော်တော်ယာဉ်များမှ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ထုတ်လွှတ်မှုကို သုညအထိ လျှော့ချနိုင်ရန်နှင့် ဓာတ်ဆီ၊ ဒီဇယ်သုံးကားများအသုံးပြုမှုမှ လျှပ်စစ်စွမ်းအင်သုံး မော်တော်ယာဉ်များ ပြောင်းလဲအသုံးပြုမှုကို ပိုမိုမြှင့်တင်သွားနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန် ရည်ရွယ်ထားကြောင်း ဂျပန်ဝန်ကြီးချုပ် မစ္စတာ ဆူဂါယိုရှီဟီဒဲက ပြောကြားသည်။

အင်န်အိတ်ချ်ကေ

# ဆိုမာလီယာရှိ အမေရိကန်တပ်ဖွဲ့ဝင်များအားလုံးကို ရုပ်သိမ်းရန် သမ္မတထရမ့် အမိန့်ပေး

**ဝါရှင်တန် ဒီဇင်ဘာ ၆**

လာမည့် ဇန်နဝါရီ ၁၅ ရက်မှစတင်ကာ ဆိုမာလီယာနိုင်ငံ၌ ချထားသည့် အမေရိကန်တပ်ဖွဲ့ဝင် အားလုံးနီးပါးကို ရုပ်သိမ်းရန် သမ္မတထရမ့်က အမိန့်ပေးခဲ့ကြောင်း ပင်တဂွန်စစ်ဌာနချုပ်က ပြောကြားသည်။



ပြည်ပ၌ချထားသည့် အမေရိကန်တပ်ဖွဲ့ဝင်အချို့ကို တွေ့ရစဉ်။

ဆိုမာလီယာနိုင်ငံတွင် အယ်လ်ရှာဘတ် စစ်သွေးကြွများနှင့် အစ္စလာမ္မစ် အစွန်းရောက်စစ်သွေးကြွများ၏ ထကြွသောင်းကျန်းမှုကို နှိမ်နင်းနေသည့် ဆိုမာလီယာတပ်ဖွဲ့များကို အကူအညီပေးရန် အမေရိကန်တပ်ဖွဲ့ဝင် ၇၀၀ ခန့်အထိကို အမေရိကန်က ချထားခဲ့သည်။ တပ်ဖွဲ့ဝင်အချို့မှာ နယ်စပ်ဖြတ်ကျော်သည့် စစ်ဆင်ရေးများအတွက် အိမ်နီးချင်းနိုင်ငံများဆီသို့ ဆက်လက်ထွက်ခွာမည်ဖြစ်ကြောင်း အမေရိကန်စစ်တပ်အာဏာပိုင်များက ပြောသည်။

မကြာသေးမီ လများအတွင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် အာဖဂန်နစ္စတန်နှင့် အီရတ်နိုင်ငံတို့တွင်ချထားသည့် အမေရိကန်တပ်ဖွဲ့ဝင်များကို လျှော့ချရန် အလားတူ အမိန့်ထုတ်ပြန်မှုများ ပြုလုပ်ခဲ့သည်။

သမ္မတထရမ့်သည် အမေရိကန်တပ်ဖွဲ့ဝင်များ အမိမြေသို့ ပြန်လာကြရန် အချိန်ကြာမြင့်စွာတိုက်တွန်းလာခဲ့ပြီး အမေရိကန်၏ စစ်ရေးအရကြားဝင်စွက်ဖက်မှုများမှာ ငွေကုန်ကြေးကျများပြီး အကျိုးမရှိဟု ဝေဖန်ခဲ့သည်။ ဒေါ်နယ်ထရမ့် သမ္မတရုံးခန်းမှ နှုတ်ဆက်ထွက်ခွာရန် ရက်အနည်းငယ်အလိုတွင် ဆိုမာလီယာ၌ ချထားသည့်အမေရိကန်တပ်ဖွဲ့ဝင်များကို ရုပ်သိမ်းရန် အမိန့်ထုတ်ပြန်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ အမေရိကန်တပ်ဖွဲ့ဝင်များ၏ ဆုတ်ခွာမှုက အာဖရိကဒေသရှိ စစ်သွေးကြွများ ပြန်လည်ခေါင်းထောင်လာနိုင်အောင် အခွင့်အရေးပေးအပ်ရာရောက်နိုင်ကြောင်း နိုင်ငံရေးကျွမ်းကျင်သူအချို့က သတိပေးခဲ့ကြသည်။

**အေအက်ဖ်ပီ**

# တရုတ်နိုင်ငံ၌ ကျောက်မီးသွေးတွင်း မတော်တဆဖြစ်ပွားမှုကြောင့် ၁၈ ဦး သေဆုံး

**ချုံကင်း ဒီဇင်ဘာ ၆**

တရုတ်နိုင်ငံ ကုန်းတွင်းပိုင်းမြို့ဖြစ်သည့် ချုံကင်း၌ ကျောက်မီးသွေးတွင်းတစ်တွင်း၌ ကာဗွန်မိုနောက်ဆိုက် ဓာတ်ငွေ့လွန်ကဲမှုကြောင့် ဖြစ်ပွားသည့် မတော်တဆမှုတစ်ခုကြောင့် ၁၈ ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ယွန်ချွန်းခရိုင်ရှိ ကျောက်မီးသွေးတွင်းတစ်တွင်း၌ ဒီဇင်ဘာ ၄ ရက် ဒေသ စံတော်ချိန် ညနေ ၅နာရီအချိန်တွင် ကာဗွန်မိုနောက်ဆိုက်ဓာတ်ငွေ့ ပမာဏ အလွန်များပြားလာခဲ့သည်။ မတော်တဆဖြစ်ပွားချိန်တွင် မြေအောက်ကျောက်မီးသွေးတွင်းထဲ၌ လူ ၂၄ ဦး ရှိနေခဲ့ကြကြောင်း နိုင်ငံပိုင် တရုတ်ဗဟိုရုပ်မြင်သံကြားက ထုတ်လွှင့်ဖော်ပြခဲ့သည်။

ကျောက်မီးသွေးတွင်းထဲ၌ ပိတ်မိနေသူများထဲမှ တစ်ဦးကို ကယ်ဆယ်နိုင်ခဲ့သည်။ ၁၈ ဦးမှာ သေဆုံးခဲ့ပြီး ကျန်ငါးဦးကို ကယ်ဆယ်ရှာဖွေရေး ဆက်လက်လုပ်ဆောင်လျက်ရှိသည်။ အဆိုပါကျောက်မီးသွေးတွင်းကို လွန်ခဲ့သော နှစ်လအကြာက ပိတ်ထားခဲ့ကြောင်းသိရသည်။ ယခုမတော်တဆဖြစ်ရပ်တွင် ကျောက်မီးသွေးတွင်းအလုပ်သမားများသည် မြေအောက်တူးဖော်ရေးဆိုင်ရာ စက်ကိရိယာများကို ဖြုတ်နေစဉ်ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

ပြီးခဲ့သည့် စက်တင်ဘာလအတွင်းကလည်း ချုံကင်းရှိ ကျောက်မီးသွေးတွင်းတစ်တွင်း၌ ကာဗွန်မိုနောက်ဆိုက်ဓာတ်ငွေ့ လွန်ကဲမှုကြောင့် ၁၆ ဦး သေဆုံးခဲ့ကြောင်း သိရသည်။

အင်န်အိတ်ချ်ကေ

# လူမှောင်ခိုသမားများနေထိုင်ရာ နေရာကို အီတလီရဲများ ဝင်ရောက်စီးနင်း

**ရောမ ဒီဇင်ဘာ ၆**

အီတလီရဲများသည် တရားမဝင်ရွှေ့ပြောင်းနေထိုင်သူများအား လူမှောင်ခိုသွင်းပေးသည့် ရာဇဝတ်မှုနှင့်ဆက်စပ်သူများကို ဝင်ရောက်ဖမ်းဆီးရာ သံသယရှိသူ ၁၉ ဦးကို ဖမ်းဆီးနိုင်ခဲ့ကြောင်းသိရသည်။

အဆိုပါလူမှောင်ခိုသမားများသည် အာဖဂန်နစ္စတန်၊ အီရန်၊ အီရတ်နှင့် ပါကစ္စတန်နိုင်ငံတို့မှ လူများကို အီတလီနိုင်ငံအတွင်းသို့တရားမဝင်ခိုးသွင်းသူများဖြစ်သည်ဟု ရဲများကဖော်ပြကြသည်။

တရားမဝင် ရွှေ့ပြောင်းနေထိုင်သူများကို လူမှောင်ခိုများက အီတလီနိုင်ငံမှ တစ်ဆင့်ဥရောပ မြောက်ပိုင်းသို့ ခိုးသွင်းကြသည်။ လက်ရှိဖမ်းဆီးရမိထားသူများသည် ရွှေ့ပြောင်းနေထိုင်သူများကို အိမ်အကူအလုပ်သမားစာချုပ် အတုများဖြင့် ညဘက်တွင် သယ်ယူပြီး ဥရောပမြောက်ပိုင်းသို့ရောက်အောင် ပို့ဆောင်ပေးကြသည်ဟု ရဲတပ်ဖွဲ့ဝင်များက ပြောသည်။

ရွှေ့ပြောင်းနေထိုင်သူများသည် အာရှမှတစ်ဆင့် တူရကီ၊ တူရကီမှ တစ်ဆင့် ဂရိနှင့်အီတလီသို့ ဖြတ်ကျော်ဝင်ရောက်လာကြပြီး ခရီးစဉ်အတွက် လူမှောင်ခိုသမားများကို ယူရို ၆၀၀၀ ပေးဆောင်ရသည်ဟု သိရသည်။

စစ္စလီကျွန်းအရှေ့ပိုင်းသို့ ရွှေ့ပြောင်းနေထိုင်သူများ ရောက်ရှိလာသည့် ၂၀၁၈ ခုနှစ်မှစတင်ကာ စုံစမ်းစစ်ဆေးမှုများ စတင်ခဲ့ခြင်းဖြစ်သည်။

**ဆင်ဟွာ**

# အီးယူနှင့် ဗြိတိန်တို့ ကုန်သွယ်ရေးဆွေးနွေးပွဲ ပြန်လည်စတင်

**လန်ဒန် ဒီဇင်ဘာ ၆**

ဗြိတိန်နှင့် ဥရောပသမဂ္ဂ (အီးယူ)မှ ခေါင်းဆောင်များသည် ၎င်းတို့၏ ကုန်သွယ်ရေးဆွေးနွေးပွဲကို ပြန်လည်စတင်မည်ဟု ကြေညာကြသည်။

ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်နှင့် ဥရောပကော်မရှင်ဥက္ကဋ္ဌ အာဆူလာ ဗွန်ဒါလီယန်တို့ ဒီဇင်ဘာ ၅ ရက်တွင် ဖုန်းခေါ်ဆိုပြောကြားခဲ့ကြပြီးနောက် ကုန်သွယ်ရေးဆွေးနွေးပွဲ ပြန်လည်စတင်ရန် ဆုံးဖြတ်ချက်ကို ချမှတ်ခဲ့ခြင်းဖြစ်သည်။ ဥရောပသမဂ္ဂမှ ဗြိတိန် နှုတ်ထွက်သွားပြီးနောက် ဇန်နဝါရီလအတွင်းမှ စတင်ကာ နှစ်ဖက်စလုံးက ဆွေးနွေးပွဲများ စတင်ခဲ့ခြင်းဖြစ်သည်။

ဥရောပသမဂ္ဂမှဗြိတိန် နှုတ်ထွက်ခြင်း အသွင်ကူးပြောင်းရေးကာလမှာ ဒီဇင်ဘာ ၃၁ ရက်တွင် ကုန်ဆုံးတော့မည်ဖြစ်သည်။ ဗြိတိန်ရေပိုင်နက်တွင် ငါးဖမ်းခွင့်အပါအဝင် အခြားသော အရေးကြီးသည့် အပိုင်းများမှာ သဘောတူညီမှု မရသေးပေ။ စေ့စပ်ညှိနှိုင်းရာတွင် သဘောမတူညီမှုများရှိနေသေးကြောင်း ခေါင်းဆောင်နှစ်ဦးစလုံးက ပြောသည်။

နောက်ထပ် ကြိုးပမ်းအားထုတ်မှုများ ဆက်လက် ပြုလုပ်မည်ဖြစ်ပြီး စေ့စပ်ညှိနှိုင်းမှုများကို နိုဝင်ဘာ ၆ရက်နှင့် ၇ ရက်တို့တွင် ဆက်လက်ပြုလုပ်မည်ဟု ပြောကြားကြသည်။

ငါးဖမ်းပိုင်ခွင့်နှင့် ပတ်သက်ပြီး ပြင်သစ်နိုင်ငံက ပြတ်ပြတ်သားသား ငြင်းဆိုနေသော်လည်း ဗြိတိန်နိုင်ငံကမူ ညှိနှိုင်းသွားဖွယ်ရှိသည်ဟု အချို့သော သတင်းအရင်းအမြစ်များက ပြောသည်။

ဗြိတိန် ဥရောပသမဂ္ဂမှ နှုတ်ထွက်ခြင်းအတွက် အသွင်ကူးပြောင်းရေးကာလမှာ ပြီးဆုံးရန် အချိန်နီးကပ်လာနေပြီဖြစ်သည်။ သတ်မှတ်ထားသည့်အချိန်ကာလ မပြီးဆုံးမီ နှစ်ဖက်စလုံးမှ သဘောတူညီမှု ရရှိလာအောင် ကြိုးစားရန် အချိန်အနည်းငယ်သာ ကျန်ရှိတော့သည်။

**အင်န်အိတ်ချ်ကေ**



ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်နှင့် ဥရောပကော်မရှင်ဥက္ကဋ္ဌ အာဆူလာဗွန်ဒါလီယန်။

# ဒီဇင်ဘာ ၈ ရက်တွင် ဗြိတိန်အစိုးရက ပြည်သူများအား ကိုဗစ်-၁၉ ကာကွယ်ဆေး စတင်ထိုးပေးတော့မည်

**လန်ဒန် ဒီဇင်ဘာ ၆**

ဗြိတိန်အစိုးရသည် ဒီဇင်ဘာ ၈ ရက်တွင် ပြည်သူများအား ကိုဗစ်-၁၉ ကာကွယ်ဆေး စတင်ထိုးပေးတော့မည် ဖြစ်သည်။

အမေရိကန်ဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီ ဖိုက်ဇာနှင့် ဂျာမန်ကုမ္ပဏီ ဘိုင်အိုအင်န်တက်ချ်တို့၏ ကိုဗစ်ကာကွယ်ဆေးကို အများအပြား အသုံးပြုခွင့်ပေးခဲ့သည်။

ကိုဗစ်-၁၉ ကာကွယ်ဆေးများကို ဘယ်လ်ဂျီယံနိုင်ငံတွင် ထုတ်လုပ်သောကြောင့် ယင်းနိုင်ငံမှ ပေးပို့မည်ဖြစ်ပြီး အရည်အသွေးကို စစ်ဆေးသွားမည်ဖြစ်ကာ လုံခြုံစိတ်ချသည့်နေရာတွင် ကာကွယ်ဆေးကို သိုလှောင်သိမ်းဆည်းထားကြောင်းလည်း သိရသည်။

အဆိုပါကာကွယ်ဆေးကို ကနဦးအနေဖြင့် အင်္ဂလန်နိုင်ငံရှိ ဆေးရုံပေါင်း ၅၀ တွင် ရရှိနိုင်မည်ဖြစ်သည်။ ကာကွယ်ဆေးကို အနုတ် ၇၀ ဒီဂရီဆဲလ်စီးယက်စ်တွင် သိမ်းဆည်းရန်လိုအပ်ကြောင်း သိရသည်။

ကာကွယ်ဆေးကို သက်ကြီးရွယ်အိုရိပ်သာများတွင် လုပ်ကိုင်ဆောင်ရွက်ပေးနေသူများ၊ အသက် ၈၀ ကျော်ဘိုးဘွားများ၊ ရှေ့တန်းတွင် တာဝန်ထမ်းဆောင်နေသော ကျန်းမာရေးဝန်ထမ်းများကို ပထမဆုံး ထိုးနှံပေးမည်ဖြစ်ကြောင်း အစိုးရက ကြေညာထားသည်။

ကာကွယ်ဆေး လိုအပ်နေသူများထံ ကာကွယ်ဆေး ရောက်ရှိရန်ဆိုသည်မှာ ကြိုးစားပမ်းစားဆောင်ရွက်ရမည့် ကိစ္စဖြစ်ကြောင်း အစိုးရက ဆက်လက်ပြောကြားလိုက်သည်။

**အင်န်အိတ်ချ်ကေ**

အင်္ဂလန်နိုင်ငံ အလယ်ပိုင်းမြို့တစ်မြို့ဖြစ်သည့် ကိုဗင်ထရီရှိ တက္ကသိုလ်ဆေးရုံတွင် ကိုဗစ်-၁၉ ကာကွယ်ဆေး စမ်းသပ်ထိုးနှံမှုလေ့ကျင့်နေသည်ကို တွေ့ရစဉ်။





ဘရူနိုင်းနိုင်ငံ မြို့တော် ဘန်ဒါဆီရီဘီဂါဝမ်ရှိ ဘာသာရေးအဆောက်အအုံတစ်ခုအတွင်း ပိုးသတ်ဆေးဖျန်းနေသူများကို တွေ့ရစဉ်။

# ကိုဗစ်-၁၉ ကူးစက်မှုမရှိသည့် ရက်ပေါင်း ၂၁၄ ရက်ဖြင့် ဘရူနိုင်းနိုင်ငံ စံချိန်တင်

**ဘန်ဒါဆီရီဘီဂါဝမ် ဒီဇင်ဘာ ၆**

ဘရူနိုင်းနိုင်ငံတွင် တစ်နိုင်ငံလုံးအတိုင်းအတာအရ ဒီဇင်ဘာ ၆ ရက်တွင် ကိုဗစ်-၁၉ ထပ်မံ ကူးစက်ဖြစ်ပွားသူမရှိကြောင်း သိရပြီး ယခင်ကရှိခဲ့သော ကိုဗစ်-၁၉ အတည်ပြုလူနာ ၁၅၁ ဦးဖြင့်သာ ဆက်လက်ရပ်တည်နေကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင်ဖော်ပြလိုက်သည်။

လက်ရှိအချိန်အထိ နိုင်ငံအတွင်း ရောဂါပြန်လည်သက်သာကောင်းမွန်လာသူ ၁၄၇ ဦး ရှိခဲ့သည့် အခြေအနေကို ဆက်လက်ထိန်းထားနိုင်ခဲ့ပြီး နောက်ထပ်အသစ်ဖြစ်ပွားသော ကိုဗစ်-၁၉ လူနာ သို့မဟုတ် ရောဂါသက်သာပျောက်ကင်းသူ မရှိကြောင်း သိရသည်။

နိုင်ငံအတွင်းလတ်တလောတွင် ကိုဗစ်-၁၉ ရောဂါဖြစ်နေသူတစ်ဦးရှိပြီး ၎င်းကို သီးသန့်ခွဲခြားစောင့်ကြည့်ကုသရေးစင်တာတွင် ထားရှိ၍ ဆေးကုသမှု ဆက်လက်လုပ်ဆောင်နေကြောင်း သိရသည်။

မေလ ၆ ရက်က ပြည်တွင်းကူးစက်မှု နောက်ဆုံးအတည်ပြုလူနာတွေ့ရှိချိန်မှစတင်ကာ နိုင်ငံအတွင်း ပြည်ပမှ ဝင်ရောက်လာသော အတည်ပြုလူနာစုစုပေါင်း ၁၀ ဦးရှိခဲ့ကြောင်း ဘရူနိုင်းကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ဖော်ပြထားသည်။

ဘရူနိုင်းနိုင်ငံတွင် ၂၁၄ ရက်ဆက်တိုက် ကိုဗစ်-၁၉ ရောဂါ ပြည်တွင်းကူးစက်မှု လုံးဝမရှိခဲ့သေးကြောင်း သိရသည်။ နိုင်ငံအတွင်း အစိုးရအစီအစဉ်ဖြင့် ဖွင့်လှစ်ထားသော သီးသန့်ခွဲခြားစောင့်ကြည့်ရေးစင်တာများတွင် စောင့်ကြပ်ကြည့်ရှုမှု ခံယူနေသူပေါင်း ၄၈၆ ဦးရှိကြောင်း ဖော်ပြထားသည်။ ၎င်းတို့သည် ပြည်ပနိုင်ငံများသို့ သွားရောက်ခဲ့ပြီးနောက် ဘရူနိုင်းနိုင်ငံသို့ ပြန်လည်ရောက်ရှိလာကြသူများဖြစ်ကြောင်း သိရသည်။

ဘရူနိုင်းနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ သုံးဦးရှိကြောင်း သိရသည်။

**ဆင်ဟွာ**

# ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးလှုပ်ရှားမှုကို မော်စကိုတွင် စတင်

**မော်စကို ဒီဇင်ဘာ ၆**

ဆေးဘက်ဆိုင်ရာ လုပ်သားများနှင့် ဆရာများအား ဦးစားပေးသည့် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးလှုပ်ရှားမှုကို မော်စကိုတွင် စတင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

ဒီဇင်ဘာ ၆ ရက်တွင် မော်စကိုရှိ ဆေးဘက်ဆိုင်ရာအင်စတီကျူးရှင်း ၇၀ တွင် အသက်အန္တရာယ်စိုးရိမ်ရသည့်အုပ်စုတွင် ပါဝင်သူများကို ရုရှားလုပ် ကိုဗစ်-၁၉ ကာကွယ်ဆေးဖြင့် ကာကွယ်ဆေး စတင် ထိုးနှံပေးခဲ့ကြောင်း သိရသည်။

အဆိုပါကာကွယ်ဆေးကို ရုရှားအစိုးရက ဩဂုတ်လတွင် အတည်ပြုပေးခဲ့သည်။ ကာကွယ်ဆေးထိုးရန် အင်တာနက်တွင် လျှောက်ထားသူများအား မြို့တော်ဆေးရုံသို့ လာရောက်သည်ကို တွေ့မြင်ရမည်ဖြစ်သည်။

အမျိုးသမီး ဆရာဝန်တစ်ဦးက ကိုယ့်ကိုယ်ကိုယ်လည်း ကာကွယ်ရမည်ဖြစ်ကြောင်းနှင့် ကာကွယ်ဆေးထိုးနှံရသည့်အတွက် ပျော်ရွှင်ကြောင်း ပြောကြားလိုက်သည်။

သမ္မတ ဗလာဒီမာပူတင် အစိုးရအဖွဲ့သည် ရုရှားကိုဗစ်-၁၉ ကာကွယ်ဆေး၏ ထိရောက်မှုကို ဗြိတိန်ထက် အရင် စမ်းသပ်ခဲ့သည်။

တချို့ ရုရှားဝန်ကြီးများကို ကာကွယ်ဆေး ထိုးနှံပေးခဲ့သော်လည်း ပူတင်က ကာကွယ်ဆေးထိုး မခံရသေးကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**



ရုရှားတွင် ကာကွယ်ဆေး ထိုးနှံပေးနေသည်ကို တွေ့ရစဉ်။

# မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို တားဆီးကာကွယ်ရန် တချို့ဒေသများတွင် ကန့်သတ်ပိတ်ဆို့မှုကာလ ထပ်မံတိုးမြှင့်



မလေးရှားနိုင်ငံ ဆီလန်ဂေါပြည်နယ်၌ ကိုဗစ်-၁၉ ကူးစက်မှုမှ ပြန်လည်ကောင်းမွန်လာသူများကို ပို့ဆောင်ရန် စီစဉ်နေစဉ်။

**ကွာလာလမ်ပူ ဒီဇင်ဘာ ၆**

မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို တားဆီးကာကွယ်ရန် သွားလာလှုပ်ရှားမှုအားထိန်းချုပ်ဟန့်တားသည့် အမိန့်ကို ဒီဇင်ဘာ ၂၀ ရက်အထိ ထပ်မံ တိုးမြှင့်မည်ဖြစ်ကြောင်း အစိုးရက ဒီဇင်ဘာ ၅ ရက်တွင် ပြောကြားလိုက်သည်။

ကိုဗစ်-၁၉ ကန့်သတ်ချက်များကို ညှိနှိုင်းအကောင်အထည်ဖော်ဆောင်ရွက်နေသော ကာကွယ်ရေးဝန်ကြီး အစ္စမေးလ်က သတင်းစာရှင်းလင်းပွဲတစ်ခုတွင် ကွာလာလမ်ပူ၊ ယင်းနှင့်ကပ်လျက်ရှိသော ဆီလန်ဂေါပြည်နယ်နှင့် နိုင်ငံအရှေ့ပိုင်း ဆာဘားပြည်နယ်တို့တွင် ကန့်သတ်ပိတ်ဆို့မှုကာလကို တိုးမြှင့်ထားပြီးဖြစ်ကြောင်း ပြောကြားလိုက်သည်။

ဒီဇင်ဘာ ၅ ရက်က နိုင်ငံအတွင်း ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူ ၁၁၂၃ ဦးရှိလာပြီး စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ခံရသူ ၇၁၃၅၉ ဦးရှိလာကြောင်း မလေးရှားကျန်းမာရေးဝန်ကြီးဌာနက ဖော်ပြလိုက်သည်။

ကျန်းမာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် နော်ဟီရှန်အဗ္ဗဒူလာက အသစ်ထပ်မံအတည်ပြုခဲ့သည့် ကိုဗစ်-၁၉ ကူးစက်ခံရသူ ငါးဦးမှာ ပြည်ပကူးစက်ခံရသူဖြစ်ကြောင်းနှင့် ၁၁၁၈ ဦးမှာ ပြည်တွင်းကူးစက်ခံရသူများဖြစ်ကြောင်း ပြောကြားလိုက်သည်။ ကိုဗစ်-၁၉ ကြောင့် ဒီဇင်ဘာ ၅ ရက်က နိုင်ငံအတွင်း နောက်ထပ်သေဆုံးသူ ငါးဦးရှိကြောင်း ဖော်ပြမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၃၈၀ ရှိလာပြီဖြစ်သည်။

ယခုအချိန်အထိ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကောင်းမွန်လာသူ ၁၁၄၃ ဦး အပါအဝင် စုစုပေါင်း ကိုဗစ်-၁၉ မှ ပြန်လည်ကောင်းမွန်လာသူ ၆၀၂၀၄ ဦးရှိ လာခဲ့သည်။

**ဆင်ဟွာ**

နိုင်ငံတကာ သတင်းတိုထွာ

## ဗိုင်းရပ်စ်ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်ရန် လိုအပ်မှုမှန်သမျှ လုပ်ဆောင်မည်ဖြစ်ကြောင်း ဂျပန်ဝန်ကြီးချုပ်ပြော

**တိုကျို ဒီဇင်ဘာ ၆**

ဂျပန်ဝန်ကြီးချုပ် ဆူဂါယိုရှီဟီဒဲက ကိုဗစ်-၁၉ ကူးစက်ပြန့်ပွားမှုကို တားဆီးထိန်းချုပ်ရန် လိုအပ်မှုမှန်သမျှ လုပ်ဆောင်မည်ဖြစ်ကြောင်း မကြာသေးမီက ကတိပေးပြောကြားလိုက်သည်။

ကူးစက်မှုသစ် အရေအတွက်နှင့် အပြင်းအထန် ဖျားနာသည့် လူနာအရေအတွက် မကြာသေးမီက စံချိန်တင် တိုးလာခဲ့သည့်အတွက် မိမိတို့ နိုးနိုးကြားကြားရှိဖို့ လိုအပ်ကြောင်း မစ္စတာ ဆူဂါက ပြောကြားလိုက်သည်။ ထို့အပြင် ရောဂါပြင်းထန်သည့် လူနာအရေအတွက် များပြားလာပြီး အသုံးပြုနိုင်သည့် ခုတင်အရေအတွက် လုံလောက်မှုမရှိဖြစ်လာသည့်အတွက် ဆေးရုံများတွင် အရေးတကြီးအခြေအနေနှင့် ကြုံတွေ့နေကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

မိမိတို့သည်ကပ်ဆိုက်နေသည့် အကျပ်အတည်းနှင့် ရင်ဆိုင်နေရကြောင်း၊ ပြည်သူများ၏ ဘဝနှင့် အသက်မွေးဝမ်းကျောင်းကို ကာကွယ်ရန် မိမိတို့အစိုးရ၏ ထိပ်တန်းဦးစားပေးကိစ္စဖြစ်ကြောင်း မစ္စတာ ဆူဂါက ထပ်လောင်းပြောကြားလိုက်သည်။

စီးပွားရေးကျဆင်းမှုကို ရင်ဆိုင်ဖြေရှင်းနိုင်ရန် ပြည်သူများကို ကူညီရေးအတွက် ဘဏ္ဍာရေးအထောက်အပံ့ အစီအစဉ်သစ်တစ်ခုကို လာမည့်သီတင်းပတ်အစောပိုင်းတွင် အပြီးသတ်ရေးဆွဲသွားရန် ဆူဂါက ကတိပြုခဲ့သည်။

အဆိုပါ အစီအစဉ်တွင် ဝင်ငွေနည်းပြီး မိခင် သို့မဟုတ် ဖခင် တစ်ဦးတည်းရှိသည့် အိမ်ထောင်စုအတွက် အတိုးမဲ့ချေးငွေများနှင့် ထောက်ပံ့ကြေးများလည်း ပါဝင်ကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**

## တရုတ်နိုင်ငံက ကမ္ဘာမြေ လေ့လာရေးဂြိုဟ်တုတစ်စင်း အောင်မြင်စွာ လွှတ်တင်

**ပေကျင်း ဒီဇင်ဘာ ၆**

တရုတ်နိုင်ငံသည် ကမ္ဘာမြေ လေ့လာရေး ဂြိုဟ်တုအသစ်တစ်စင်းကို နိုင်ငံအနောက်တောင်ပိုင်း စီချွမ်ပြည်နယ် ရှီချန်းဂြိုဟ်တု လွှတ်တင်ရေးစင်တာမှ ဒီဇင်ဘာ ၆ ရက်တွင် အောင်မြင်စွာ လွှတ်တင်လိုက်ကြောင်း သိရသည်။

အဆိုပါ ဂြိုဟ်တုကို ပေကျင်းစံတော်ချိန် ၁၁ နာရီ ၅၈ မိနစ်တွင် လွှတ်တင်လိုက်ခြင်းဖြစ်သည်။ ဂိုဖန်-၁၄ ဟု အမည်ပေးထားသော အဆိုပါ ဂြိုဟ်တုကို လောင်းမာ့ချ်-၃ဘီဒုံးပျံဖြင့် ကြိုတင်သတ်မှတ်ထားသော ကမ္ဘာ့ဂြိုဟ်ပတ်လမ်းကြောင်းထဲသို့ ရောက်ရှိအောင် လွှတ်တင်နိုင်ခဲ့သည်။

ယခုဂြိုဟ်တုလွှတ်တင်မှုသည် လောင်းမာ့ချ်စီးရီး ဒုံးပျံ၏ (၃၅၄) ကြိမ်မြောက် ဂြိုဟ်တုလွှတ်တင်ခြင်းဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

# မဖိတ်ခေါ်ဘဲရောက်လာတဲ့ ကိုဗစ်-၁၉ ကြောင့် ကမ္ဘာတစ်ဝန်း သေဆုံးသူ ၁ ဒသမ ၄ သန်း ကျော်လာချိန်မှာ ကိုဗစ်-၁၉ ကာကွယ်ဆေး ပေါ်ထွက်လာပြီ

**…………… ထွန်းသစ်စ ……………**

မဖိတ်ခေါ်ဘဲရောက်ရှိလာတဲ့ ကိုဗစ်-၁၉ ကြောင့် ကမ္ဘာတစ်ဝန်းသေဆုံးသူ ၁ ဒသမ ၄ သန်းကျော်လာချိန်မှာတော့ အရည်အသွေးမြင့်မားပြီး အာမခံချက်ရှိတဲ့ ကိုဗစ်-၁၉ ကာကွယ်ဆေးတွေလည်း အသီးသီးထွက်ပေါ်လာပြီဖြစ်ပါတယ်။ ကျန်းမာရေးအာဏာပိုင်တွေက အဲဒီကာကွယ်ဆေးတွေကို ကိုဗစ်-၁၉ ရောဂါ ကုသတဲ့နေရာမှာ အရေးပေါ်အသုံးပြုဖို့ ခွင့်ပြုပေးလိုက်ပါပြီ။ ဒါဟာ ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားတဲ့ သမိုင်းတစ်လျှောက်မှာ ကာကွယ်ဆေးကို အမြန်ဆုံး တိုးတက်ထုတ်လုပ်လာနိုင်တဲ့အခြေအနေလို့ ပြောရမှာဖြစ်သလို အမြန်ဆုံးအသုံးပြုခွင့်ပေးလိုက်တဲ့ အခြေအနေလို့ ဆိုရင်လည်း မှားမယ်မထင်ပါဘူး။ သို့သော်လည်း ကာကွယ်ဆေးနဲ့ပတ်သက်တဲ့ မေးခွန်းတွေ အများအပြား ကျန်ရှိနေပါသေးတယ်။



ကိုဗစ်-၁၉ ကာကွယ်ဆေးတစ်မျိုးကို စမ်းသပ်ထိုးနှံနေသည်ကို တွေ့ရစဉ်။

**ဘယ်အချိန်ကာကွယ်ဆေးထိုးရမလဲ**

ကိုဗစ်-၁၉ အခြေအနေကို ထိထိရောက်ရောက် ထိုးဖောက်ကျော်လွှားနိုင်မယ့် နည်းလမ်းမသိဘဲ လပေါင်းအတော်ကြာပြီးတဲ့နောက် နိုဝင်ဘာလမှာတော့ အရာအားလုံးဟာ အရှိန်အဟုန်နဲ့ပြောင်းလဲလာပါတော့တယ်။ တကယ့် ဆေးဝါးကုမ္ပဏီကြီးတွေက သူတို့ရဲ့ ကိုဗစ်-၁၉ ကာကွယ်ဆေးတွေ ဘယ်လောက်တောင်ထိရောက်မှုရှိသလဲဆိုတဲ့ ကနဦး ထုတ်ပြန်ချက်တွေကို သူ့ထက်ငါအရင် ထုတ်ပြန်ကြေညာကြပါတော့တယ်။

**ဒီဇင်ဘာလလယ်ထက် နောက်မကျ**

ဥရောပသမဂ္ဂရဲ့ ဆေးဝါးခွင့်ပြုမှုကို ကြီးကြပ်ကွပ်ကဲနေတဲ့ ဥရောပဆေးဝါးအေဂျင်စီ (အီးအမ်အေ) က ပထမဆုံး ကိုဗစ်-၁၉ ကာကွယ်ဆေးကို ၂၀၂၀ ပြည့်နှစ်အကုန် သို့မဟုတ် ၂၀၂၁ အစောပိုင်းမှာ ခွင့်ပြုပေးနိုင်လိမ့်မယ်လို့ အေအက်ဖ်ပီသတင်းဌာနကို ပြောကြားထားပါတယ်။ ပြင်သစ်၊ စပိန်နဲ့ အီတလီနိုင်ငံတွေဟာ အဲဒီအချက်ပေါ်မူတည်ပြီး သူတို့ရဲ့ ကာကွယ်ဆေး ဖြန့်ဖြူးရောင်းချမယ့် အစီအစဉ်ကို အကြမ်းဖျင်းဖော်ပြထားပါတယ်။ အတ္တလန္တိတ်တစ်ဝန်းမှာလည်း ကာကွယ်ဆေးထိုးနှံမှုဆိုင်ရာလှုပ်ရှားမှုတွေကို အမေရိကန်ပြည်ထောင်စုမှာ ဒီဇင်ဘာလလယ်ထက် နောက်မကျဘဲ စတင်တော့မှာ ဖြစ်ပါတယ်။ အမေရိကန်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲမှုဌာနကလည်း ကာကွယ်ဆေးဝါးများ အရှိန်မြှင့်ထုတ်လုပ်နိုင်ဖို့ ခွင့်ပြုပေးလိုက်ပါပြီ။

တရုတ် အာဏာပိုင်တွေကလည်း အသက်အန္တရာယ်ဘေးနဲ့ ကြောက်ခမန်းလိလိ ကြုံတွေ့နေရတဲ့ လူနာတွေကို ကာကွယ်ဆေးတွေ ထိုးပေးခဲ့သလို ရုရှားနိုင်ငံကလည်း နောက်ဆုံးအဆင့်စမ်းသပ်မှု မပြီးဆုံးသေးခင်မှာ ကာကွယ်ဆေး နှစ်မျိုးကို အသုံးပြုခွင့်ပေးလိုက်ပါတယ်။

ကာကွယ်ဆေးသစ်တစ်မျိုးကို သုတေသနလုပ်ဆောင်တာတွေ၊ စမ်းသပ်မှုတွေ၊ သဘောတူခွင့်ပြုမှုတွေ၊ ထုတ်လုပ်မှုတွေနဲ့ ဖြန့်ဖြူးရောင်းချမှု လုပ်ဆောင်တာတွေဟာ ပုံမှန်အားဖြင့်တော့ ဆယ်စုနှစ်တစ်စု နီးပါး သို့မဟုတ် အဲဒီထက် ပိုကြာတတ်ပါတယ်။ ကြောက်စရာကောင်းလောက်တဲ့ အမြန်နှုန်းနဲ့ ကိုဗစ်-၁၉ ကာကွယ်ဆေး တိုးတက်ဖြစ်ထွန်းမှုတွေဟာ ငွေကြေးပမာဏအမြောက်အမြားနဲ့ ကာကွယ်ဆေးသန်းချီ မှာယူမှုတွေရဲ့ ကျားကန်ထောက်ပံ့မှုနဲ့အတူ ပြည်သူလူထုနဲ့ ပုဂ္ဂလိကသုတေသန လုပ်ဆောင်ချက်တွေရဲ့ မမျှော်မှန်းနိုင်လောက်တဲ့ မိုးကြိုးစစ်ဆင်ရေး ပူးပေါင်းဆောင်ရွက်မှုလိုပါပဲ။ အရှိန်အဟုန်နဲ့ တိုးတက်လာတာဖြစ်ပါတယ်။

ကိုဗစ်-၁၉ ကာကွယ်ဆေး ဖော်စပ်ထုတ်လုပ်မှုဟာ အရှိန်အဟုန်နဲ့တိုးတက်လာသော်လည်း သူ့ရဲ့ အရည်အသွေး၊ လုံခြုံစိတ်ချရမှုနှင့် ထိရောက်မှုတွေကို မထိခိုက်စေရေးအတွက် ဥရောပသမဂ္ဂဆေးဝါးအေဂျင်စီက တိုက်တွန်းပြောကြားထားပါတယ်။

**ကာကွယ်ဆေးလုံလောက်ဖို့ မဖြစ်နိုင်သေး**

အခုလို ကိုဗစ်-၁၉ ကာကွယ်ဆေး အတိုင်းထက်အလွန် အောင်မြင်မှုဖြစ်ပေါ်လာခြင်းက ကာကွယ်ဆေးစောင့်ဆိုင်းနေတဲ့ ကမ္ဘာကြီးကို ချက်ချင်းကာကွယ်ဆေး လုံလောက်အောင်ထောက်ပံ့နိုင်ဖို့တော့ မဖြစ်နိုင်သေးပါဘူး။

တစ်ကမ္ဘာလုံး လုံလုံလောက်လောက် မဖြစ်နိုင်သေးတဲ့အခါမှာ ကနဦး ကိုဗစ်-၁၉ ကာကွယ်ဆေးထောက်ပံ့မှုကို ကန့်သတ်ထားပါတယ်။ ကျန်းမာရေးဝန်ထမ်းတွေ၊ အသက်ကြီးသူတွေ၊ တခြား အသက်ဘေးအန္တရာယ်ကြုံတွေ့မှု မြင့်မားနေတဲ့ သူတွေအနေနဲ့သာ ဦးစားပေးအနေနဲ့ ရရှိမှာဖြစ်တယ်လို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အကြီးအကဲ တက်ဒရော့စ်အက်ဒါနွန် ဂီဘရီယက်စ်ဆုစ်က တွစ်တာမှာ ပြောကြားလိုက်ပါတယ်။

ကမ္ဘာ့အဆင်းရဲဆုံး နိုင်ငံတွေအနေနဲ့ ချမ်းသာတဲ့ နိုင်ငံတွေ ကာကွယ်ဆေး ပိုလျှံတဲ့အထိ စောင့်ဆိုင်းစရာမလိုဘူးလို့လည်း သူက ပြောကြားထားပါတယ်။ အရင်ဆုံးထွက်ပေါ်လာတဲ့ ကာကွယ်ဆေးကို မျှမျှတတ ဖြန့်ဝေပေးသွားမယ်လို့လည်း ပြောပါတယ်။ ကာကွယ်ဆေးထိုးနှံတဲ့နေရာမှာ ဆင်းရဲနွမ်းပါးသူတွေကျန်ခဲ့မယ့်အရေးကိုလည်း သူကသတိပေးထားပါတယ်။

**ဘယ်ကာကွယ်ဆေး အကောင်းဆုံးလဲ**

ဘယ်ကာကွယ်ဆေး အကောင်းဆုံးလဲ ဆိုတာတော့ ပြောဖို့စောလွန်းပါသေးတယ်။ နိုဝင်ဘာ ၉ ရက်ကတည်းက ဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီလေးခုဟာ သူတို့ရဲ့ ကိုဗစ်-၁၉ ကာကွယ်ဆေးတွေဟာ အလုပ်ဖြစ်တယ်လို့ ကြေညာခဲ့ပါတယ်။ အများစုကတော့ ၉၀ ရာခိုင်နှုန်းကျော်အထိ အလုပ်ဖြစ်တယ်လို့ ပြောကြပါတယ်။

> **“ဘယ်ကာကွယ်ဆေး အကောင်းဆုံးလဲ ဆိုတာတော့ ပြောဖို့စောလွန်းပါသေးတယ်။ နိုဝင်ဘာ ၉ ရက်ကတည်းက ဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီလေးခုဟာ သူတို့ရဲ့ ကိုဗစ်-၁၉ ကာကွယ်ဆေးတွေဟာ အလုပ်ဖြစ်တယ်လို့ ကြေညာခဲ့တယ်။ အများစုကတော့ ၉၀ ရာခိုင်နှုန်းကျော်အထိ အလုပ်ဖြစ်တယ်လို့ ပြောကြတယ်”**

အဆင့်သုံး စမ်းသပ်ချက်မှာ ရလဒ်ကောင်းတွေထွက်လာတယ်ဆိုပြီး ကြေညာလိုက်တဲ့ ကိုဗစ်-၁၉ ကာကွယ်ဆေးထုတ်လုပ်တဲ့ ဆေးဝါးကုမ္ပဏီတွေကတော့ အမေရိကန်နဲ့ ဂျာမန်ပေါင်းထားတဲ့ ဖိုက်ဇာနဲ့ ဘိုင်အိုအင်န်တက်ချ်၊ ထို့နောက် အမေရိကန် ဆေးဝါးကုမ္ပဏီ မော်ဒါနာ၊ အက်စ်ထရာဇနီကာနဲ့ အောက်စဖို့ဒ်တို့အကြား ပူးပေါင်းဆောင်ရွက်နေတဲ့ ဗြိတိန်အစုစပ်လုပ်ငန်း၊ ရုရှားနိုင်ငံပိုင် ဂါမာလယ်ရာ သုတေသနအင်စတီကျုတို့ ဖြစ်ကြပါတယ်။

မျှော်လင့်စောင့်ဆိုင်းနေတဲ့ ကြီးမားတဲ့ ကမ္ဘာ့ဈေးကွက်ကြီးအတွက် ဆေးဝါးကုမ္ပဏီတွေဟာ သူတို့ရဲ့ ရလဒ်တွေကို အပြိုင်အဆိုင် ကြေညာချက်တွေ ထုတ်ပြန်နေကြပါတယ်။ သို့သော်လည်း ပညာရပ်ဆိုင်ရာ ဂျာနယ်တွေမှာတော့ ထောက်ခံဖော်ပြခြင်း မပြုသေးပါဘူး။

ကိုဗစ်-၁၉ ကာကွယ်ဆေး အတော်များများဟာ အဆင့်သုံး စမ်းသပ်ချက် ပြီးဆုံးတော့မှာ ဖြစ်ပါတယ်။ စမ်းသပ်မှုနောက်ဆုံးအဆင့်မှာ အသက်အရွယ်အမျိုးမျိုး၊ လူမျိုး အမျိုးမျိုးပါဝင်တဲ့ စေတနာ့ရှင်ထောင်ပေါင်းများစွာရဲ့ အပေါ်မှာ ကာကွယ်ဆေးအစွမ်းဟာ ဘေးကင်းလုံခြုံထိရောက်မှုရှိလား ဆိုတာကို စမ်းသပ်တာဖြစ်ပါတယ်။

အခြေခံအားဖြင့် ကာကွယ်ဆေးရဲ့ ထိရောက်မှုစွမ်းအားကို ကာကွယ်ဆေးထိုးနှံပေးတဲ့ စေတနာ့ရှင်အုပ်စုနဲ့ နှိုင်းယှဉ်ရင် ကိုဗစ်-၁၉ တကယ့်ကာကွယ်ဆေး စမ်းသပ်ထိုးနှံထားတဲ့ စေတနာ့ရှင်အုပ်စုမှာ လူဦးရေ ဘယ်လောက်များများ ပါဝင်သလဲ ဆိုတာနဲ့ နှိုင်းယှဉ် ဆုံးဖြတ်လေ့ရှိပါတယ်။

**အစွမ်းထက်မှုအမျိုးမျိုး**

ရှာဖွေတွေ့ရှိချက်ကို ထုတ်ပြန်ဖော်ပြတဲ့ သတ်မှတ်အဆင့်ဟာ အမျိုးမျိုး ကွဲပြားခြားနားမှုရှိပါတယ်။ ကိုဗစ်-၁၉ ကာကွယ်ဆေး တွက်ချက်မှုအဆင့်တွေမှာ ဖိုက်ဇာက အစွမ်းထက်မှု ၉၅ ရာခိုင်နှုန်း၊ မော်ဒါနာက ၉၄ ဒသမ ၅ ရာခိုင်နှုန်း၊ စပွတ်နစ်ဗွီက ၉၁ ဒသမ ၄ ရာခိုင် နှုန်းနဲ့ အက်စ်ထရာဇနီကာရဲ့ တွက်ချက်မှုအဆင့်ကတော့ နည်းနည်းလေးရှုပ်ထွေးပါတယ်။ ဒီဆေးတွေကို မတူညီတဲ့ သိမ်းဆည်းပုံ အမျိုးမျိုးနဲ့ သိမ်းဆည်းရပါတယ်။ ဒီဆေးတွေဟာ ထိရောက်မှုရှိတယ်လို့ ဆိုသော်ငြားလည်း ဘယ်လောက်အထိ ခုခံကာကွယ်ပေးမှာလဲ ဆိုတဲ့အချက်ကတော့ ဆက်လက်ကျန်ရှိနေပါသေးတယ်။

ဘယ်လိုပဲဖြစ်ဖြစ် ကာကွယ်ဆေး ပေါ်ထွက်လာတာတော့ ကောင်းပါတယ်။ ဒါပေမယ့် ခုခံကာကွယ်မှုတွေကိုတော့ မလျှော့ချသင့်သေးပါဘူးလို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အကြီးအကဲက ပြောလိုက်ပါတယ်။ ။

**ကိုးကား - အေအက်ဖ်ပီ**



## အားတင်းထားပါ၊ ဂရုစိုက်ပါ

ကာကွယ်ဆေးတွေ သိုလှောင်ဖို့၊ ဖြန့်ဖြူးဖို့၊ ထိုးပေးဖို့ အစီအစဉ်တွေလည်း စပြီးလုပ်နေပါတယ်။ ဒါကြောင့် ပြည်သူတွေက ဒီကြားထဲမှာ ရောဂါမရအောင်နေပါ။ ကာကွယ်ဆေး ပေါ်ခါနီးမှ ရောဂါရတယ်ဆိုရင် မကောင်းပါဘူး။ ဒါကြောင့် အားတင်းထားပါ။ ဂရုစိုက်ပါ။ တတ်နိုင်သမျှ ခရစ္စမတ်အချိန်၊ နှစ်သစ်ကူးအချိန်မှာ အပြင်မထွက်ကြပါနဲ့။ လူစုလူဝေးဖြစ်အောင် မနေကြပါနဲ့။ မလွှဲမရှောင်သာလို့ အပြင်ထွက်ရမယ်ဆိုရင် Mask တပ်ပါ။ ဖြစ်နိုင်ရင် Mask အပေါ်ကနေ ပလတ်စတစ်အကာ၊ Face Shield လို အကာတပ်စေချင်ပါတယ်။

(Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၂၀–၁၁–၂၀၂၀ ရက်နေ့တွင် ကိုဗစ်–၁၉ ရောဂါဖြစ်ပွားမှု နောက်ဆုံးအခြေအနေနှင့် စပ်လျဉ်း၍ ပြည်သူများသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

## ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်း ကဝမြို့ ပြည်သူ့ဆေးရုံကြီးတွင် ကိုဗစ်လူနာများ ထားရှိကုသမှုအခြေအနေ ကြည့်ရှု

**ပဲခူး ဒီဇင်ဘာ ၆**

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းသည် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်ရင်၊ အစိုးရအဖွဲ့ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက် ၁၁ နာရီက ကဝမြို့နယ် ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ပြီး ကိုဗစ်–၁၉ လူနာများ ထားရှိကုသပေးမှုအခြေအနေများအား ကြည့်ရှုကြသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့အား ကဝမြို့နယ်ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာ မောင်မောင်ချစ်က ဆေးရုံကြီးတွင် ကိုဗစ်–၁၉ လူနာများ ထားရှိကုသပေးမှုအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားပြီး ဆေးရုံကြီးအတွက် ကျန်းမာရေးအထောက်အကူပြုအကာအကွယ်ပစ္စည်းများကို ဆေးရုံအုပ်ကြီးထံသို့ လည်းကောင်း၊ ကိုဗစ်–၁၉ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရေးအတွက် ထောက်ပံ့ငွေကျပ်ငါးသိန်းကို မြို့နယ် ကိုဗစ်–၁၉ ကာကွယ် ထိန်းချုပ်ရေးကော်မတီအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်ထံသို့ လည်းကောင်း၊ ကူညီဆောင်ရွက်ပေးသော လူမှုကရုဏာလူမှုကူညီရေးအသင်းအတွက် အလှူငွေကျပ်သုံးသိန်းကျပ်ကို လည်းကောင်း ထောက်ပံ့ပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပဲခူးမြို့ GTI ကျောင်းဝင်းအတွင်း ပဲခူးစက်မှုဇုန်နယ်မြေရှိ စက်ရုံ အလုပ်ရုံများမှ ကိုဗစ်–၁၉ ပိုးတွေ့လူနာများနှင့် ထိတွေ့ခဲ့သော လူနာများ ထားရှိနိုင်ရေး ပြင်ဆင်ဆောင်ရွက်နေမှုအား ကြည့်ရှုရာ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ပဲခူးခရိုင်ဦးစီးဌာနမှူး ဒေါက်တာသီဟနှင့် ပဲခူးစက်မှုဇုန်အတွင်းရေးမှူး ဦးဟိန်းထက်တို့က လိုက်လံရှင်းလင်းပြသပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားကာ ဖြည့်စွက်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**



■ *ကျောဖုံးမှ*

- ယနေ့ သေဆုံးသူ (၂၉) ဦးမှာ ပြည်သူ့ဆေးရုံများ၊ COVID–19 ရောဂါ ကုသရေးဌာနများနှင့် တပ်မတော်ဆေးရုံများမှဖြစ်ပြီး ၎င်းတို့အနက် ရောဂါအခံရှိသူ (၂၅) ဦးပါဝင်ပါသည်။
- တိုင်းဒေသကြီး/ ပြည်နယ်များရှိ ဆေးရုံများနှင့် ရန်ကုန်မြို့ရှိ COVID–19 ရောဂါ ကုသရေးဌာနများမှ ဆေးရုံဆင်းခွင့်ရရှိသူ စုစုပေါင်း (၁,၂၅၄) ဦးတွင်–
  - ပြည်သူ့ဆေးရုံများ – (၄၄၂) ဦး
  - COVID–19 ရောဂါကုသရေးဌာနများ (ရန်ကုန်မြို့) – (၈၁၂) ဦး ပါဝင်ပါသည်။
- ရန်ကုန်တိုင်းဒေသကြီးအတွင်း အသွားအလာကန့်သတ်ထားရှိရာ နေရာများမှ ခာတ်ခွဲအတည်ပြုလူနာများနှင့် အနီးကပ်ထိတွေ့ခဲ့သူများအနက် Negative အဖြေထွက်ရှိခဲ့ပြီး နေအိမ်များတွင် အသွားအလာကန့်သတ်ထားရှိသူ စုစုပေါင်း (၁,၁၅၃) ဦးတွင်–
  - Hotel Quarantine – (၁၉၅) ဦး
  - Facility Quarantine – (၁၉၉) ဦး
  - Community Based Facility Quarantine – (၆၂၀) ဦး
  - Anosmia Center – (၁၃၉) ဦး

  ပါဝင်ပြီး ၎င်းတို့အား နေအိမ်များတွင် အသွားအလာ ဆက်လက်ကန့်သတ်ထားရှိပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

## မိုးကောင်း၌ ပါးစပ်နှာခေါင်းစည်းတပ်ဆင်ရေး လှုပ်ရှားမှုပြုလုပ်

**မိုးကောင်း ဒီဇင်ဘာ ၆**

ကချင်ပြည်နယ် မိုးကောင်းမြို့၌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှထုတ်ပြန်သော အမိန့်နှင့် ညွှန်ကြားချက်များကို တိကျစွာလိုက်နာဆောင်ရွက်စေရန်ရည်ရွယ်၍ ပါးစပ်နှာခေါင်းစည်းများ စနစ်တကျတပ်ဆင်ရေးနှင့် အသိပညာပေး လက်ကမ်းစာစောင် ဖြန့်ဝေခြင်းကို ယနေ့နံနက်ပိုင်းက မြို့မစည်ပင်သာယာဈေးနှင့် မြို့ပေါ်ရပ်ကွက်ဈေးများတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရန်နှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်သော အမိန့်နှင့် ညွှန်ကြားချက်များကို တိကျစွာလိုက်နာဆောင်ရွက်နိုင်ရန် မြို့နယ်ကိုဗစ်–၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ ဦးရန်နိုင်ထွန်း ဦးဆောင်၍ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်းအဖွဲ့သည် အဖွဲ့လေးဖွဲ့ခွဲကာ မြို့မစည်ပင်သာယာဈေးနှင့် မြို့ပေါ်ရပ်ကွက်ဈေးများရှိ ဈေးသွားဈေးလာများ၊ ဈေးရောင်းချသူများအား ပါးစပ်နှာခေါင်းစည်းနှင့် မျက်နှာအကာများ စနစ်တကျတပ်ဆင်ရန် အသိပညာပေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

### ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် ဒီဇင်ဘာ ၆** – ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ယနေ့နံနက် ၁၁ နာရီခွဲ တိုင်းထွာချက်များအရ ရမ်မန်သာပူရမ် ခရိုင်အနီးကမ်းခြေတွင်ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် အားလျော့သွားပြီဖြစ်သည်။ ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

**မိုး/ဇလ**

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၆-၁၂-၂၀၂၀) ရက်နေ့၊ ညနေ (၅:၃၀)နာရီ

၁။ (၅-၁၂-၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ (၁,၅၂၇) ဦး၏ မြို့နယ်အလိုက် တွေ့ရှိရမှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ နေပြည်တော် | မြို့နယ် | အတည်ပြုလူနာ (ဦးရေ) |
|---|---|---|---|
| ၁။ | ရန်ကုန်တိုင်းဒေသကြီး | မင်္ဂလာဒုံ | ၈၀ |
| | | လှိုင်သာယာ | ၈၀ |
| | | သာကေတ | ၅၄ |
| | | သဃ်န်းကျွန်း | ၄၉ |
| | | ရွှေပြည်သာ | ၄၄ |
| | | ဒဂုံမြို့သစ် (တောင်ပိုင်း) | ၄၃ |
| | | ဒဂုံမြို့သစ် (အရှေ့ပိုင်း) | ၄၂ |
| | | ကမာရွတ် | ၃၃ |
| | | လှိုင် | ၃၂ |
| | | အင်းစိန် | ၃၀ |
| | | မှော်ဘီ | ၂၈ |
| | | စမ်းချောင်း | ၂၈ |
| | | တောင်ဥက္ကလာပ | ၂၇ |
| | | ဒဂုံမြို့သစ် (မြောက်ပိုင်း)* | ၂၅ |
| | | ကျောက်တန်း | ၂၂ |
| | | ဒေါပုံ | ၂၁ |
| | | မြောက်ဥက္ကလာပ | ၁၇ |
| | | လသာ | ၁၇ |
| | | မရမ်းကုန်း | ၁၆ |
| | | ထန်းတပင် | ၁၆ |
| | | သန်လျင် | ၁၅ |
| | | ရန်ကင်း | ၁၅ |
| | | ဗဟန်း | ၁၃ |
| | | တာမွေ | ၁၂ |
| | | တိုက်ကြီး | ၁၁ |
| | | ဗိုလ်တထောင် | ၁၀ |
| | | ပုဇွန်တောင် | ၉ |
| | | ကြည့်မြင်တိုင် | ၉ |
| | | လမ်းမတော် | ၇ |
| | | မင်္ဂလာတောင်ညွန့် | ၆ |
| | | ကော့မှူး | ၅ |
| | | သုံးခွ | ၅ |
| | | ဒဂုံဆိပ်ကမ်း | ၄ |
| | | ကျောက်တံတား | ၄ |
| | | ဆိပ်ကြီးခနောင်တို | ၄ |
| | | အလုံ | ၃ |
| | | ပန်းဘဲတန်း | ၃ |
| | | လှည်းကူး | ၂ |
| | | ဒလ | ၂ |
| | | ဒဂုံ | ၂ |
| | | ကွမ်းခြံကုန်း | ၂ |
| | | ခရမ်း* | ၁ |
| | | စုစုပေါင်း | ၈၄၈ |
| ၂။ | မန္တလေးတိုင်းဒေသကြီး | မဟာအောင်မြေ | ၆၇ |
| | | ချမ်းအေးသာစံ | ၄၅ |
| | | အောင်မြေသာစံ | ၃၆ |
| | | ချမ်းမြသာစည် | ၃၂ |
| | | အမရပူရ | ၂၄ |
| | | ပြည်ကြီးတံခွန် | ၁၅ |
| | | ပုသိမ်ကြီး | ၁၂ |
| | | စဉ့်ကိုင် | ၁၀ |
| | | ပြင်ဦးလွင် | ၄ |
| | | ပျော်ဘွယ်* | ၄ |
| | | မြင်းခြံ* | ၃ |
| | | ကျောက်ဆည် | ၃ |
| | | မိတ္ထီလာ | ၂ |
| | | မြစ်သား | ၂ |
| | | တံတားဦး | ၂ |
| | | မတ္တရာ | ၂ |
| | | နွားထိုးကြီး | ၁ |
| | | ညောင်ဦး | ၁ |
| | | ရမည်းသင်း | ၁ |
| | | သပိတ်ကျင်း | ၁ |
| | | သာစည် | ၁ |
| | | စုစုပေါင်း | ၂၆၈ |
| ၃။ | ပဲခူးတိုင်းဒေသကြီး | ပဲခူး | ၂၉ |
| | | သာယာဝတီ | ၁၉ |
| | | တောင်ငူ | ၆ |
| | | ဖီးကုန်း | ၆ |
| | | ရွှေကျင် | ၅ |
| | | ကျောက်တံခါး | ၅ |
| | | ဖြူး | ၃ |
| | | ဝေါ | ၃ |
| | | အုတ်ဖို | ၂ |
| | | သနပ်ပင် | ၂ |
| | | ရေတာရှည် | ၂ |
| | | လက်ပံတန်း | ၁ |
| | | ကဝ | ၁ |
| | | ပန်းတောင်း* | ၁ |
| | | ပြည် | ၁ |
| | | စုစုပေါင်း | ၈၆ |
| ၄။ | စစ်ကိုင်းတိုင်းဒေသကြီး | စစ်ကိုင်း | ၃၂ |
| | | ရွှေဘို | ၂၂ |
| | | ကလေး | ၁၁ |
| | | တမူး | ၆ |
| | | ကောလင်း | ၄ |
| | | မုံရွာ | ၃ |
| | | ဟုမ္မလင်း | ၂ |
| | | မင်းကင်း | ၂ |
| | | ကနီ | ၁ |
| | | တန့်ဆည် | ၁ |
| | | စုစုပေါင်း | ၈၄ |
| ၅။ | ဧရာဝတီတိုင်းဒေသကြီး | မော်လမြိုင်ကျွန်း | ၁၅ |
| | | ဟင်္သာတ | ၁၄ |
| | | ကျုံပျော် | ၉ |
| | | ဒေးဒရဲ | ၇ |
| | | ဓနုဖြူ | ၅ |
| | | မြောင်းမြ | ၄ |
| | | ပုသိမ် | ၃ |
| | | မအူပင် | ၃ |
| | | မြန်အောင် | ၂ |
| | | ညောင်တုန်း | ၁ |
| | | ဖျာပုံ | ၁ |
| | | သာပေါင်း | ၁ |
| | | ဝါးခယ်မ | ၁ |
| | | ဘိုကလေး | ၁ |
| | | ဇလွန် | ၁ |
| | | လေးမျက်နှာ | ၁ |
| | | စုစုပေါင်း | ၆၉ |
| ၆။ | မွန်ပြည်နယ် | မော်လမြိုင် | ၂၈ |
| | | သထုံ | ၁၅ |
| | | မုဒုံ | ၂ |
| | | ချောင်းဆုံ | ၂ |
| | | သံဖြူဇရပ် | ၁ |
| | | ရေး | ၁ |
| | | ကျိုက်မရော | ၁ |
| | | စုစုပေါင်း | ၅၀ |
| ၇။ | မကွေးတိုင်းဒေသကြီး | မင်းဘူး | ၇ |
| | | အောင်လံ | ၇ |
| | | တောင်တွင်းကြီး | ၅ |
| | | ဆင်ပေါင်ဝဲ | ၃ |
| | | ချောက် | ၃ |
| | | မကွေး | ၂ |
| | | နတ်မောက် | ၁ |
| | | စလင်း | ၁ |
| | | ပခုက္ကူ | ၁ |
| | | သရက် | ၁ |
| | | ရေနံချောင်း | ၁ |
| | | ဂန့်ဂေါ | ၁ |
| | | စုစုပေါင်း | ၃၃ |
| ၈။ | ရခိုင်ပြည်နယ် | သံတွဲ | ၇ |
| | | ကျောက်ဖြူ | ၄ |
| | | မြောက်ဦး | ၄ |
| | | မြေပုံ | ၃ |
| | | တောင်ကုတ် | ၃ |
| | | မာန်အောင် | ၂ |
| | | စစ်တွေ | ၁ |
| | | အမ်း | ၁ |
| | | ရသေ့တောင် | ၁ |
| | | စုစုပေါင်း | ၂၆ |
| ၉။ | တနင်္သာရီတိုင်းဒေသကြီး | မြိတ် | ၇ |
| | | လောင်းလုံ | ၄ |
| | | ရေဖြူ | ၃ |
| | | ထားဝယ် | ၂ |
| | | သရက်ချောင်း | ၁ |
| | | စုစုပေါင်း | ၁၇ |
| ၁၀။ | ကရင်ပြည်နယ် | မြဝတီ | ၁၇ |
| | | စုစုပေါင်း | ၁၇ |
| ၁၁။ | နေပြည်တော် | ဇမ္ဗူသီရိ | ၅ |
| | | ပျဉ်းမနား | ၄ |
| | | ဥတ္တရသီရိ | ၂ |
| | | လယ်ဝေး | ၂ |
| | | ဒက္ခိဏသီရိ | ၁ |
| | | စုစုပေါင်း | ၁၄ |
| ၁၂။ | ကချင်ပြည်နယ် | ဖားကန့် | ၅ |
| | | မြစ်ကြီးနား | ၃ |
| | | စုစုပေါင်း | ၈ |
| ၁၃။ | ရှမ်းပြည်နယ် | မိုင်းယောင်း | ၂ |
| | | တာချီလိတ် | ၂ |
| | | ဆီဆိုင် | ၁ |
| | | ကလော | ၁ |
| | | စုစုပေါင်း | ၆ |
| ၁၄။ | ချင်းပြည်နယ် | ပလက်ဝ | ၁ |
| | | စုစုပေါင်း | ၁ |
| | (၅-၁၂-၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | | (၁,၅၂၇) ဦး |

* ပန်းတောင်းမြို့နယ်မှ (၁) ဦး၊ ပျော်ဘွယ်မြို့နယ်မှ (၁) ဦး၊ မြင်းခြံမြို့နယ်မှ (၁) တစ်ဦး၊ ခရမ်းမြို့နယ်မှ (၁)တစ်ဦးနှင့် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်မှ (၁)ဦးတို့သည် ပြည်ပမှ ပြန်လည်ရောက်ရှိလာပြီး အသွားအလာကန့်သတ်ထားရှိသူများ ဖြစ်ပါသည်။

မှတ်ချက်။ (၅-၁၂-၂၀၂၀) ရက်နေ့တွင် စစ်ဆေးတွေ့ရှိခဲ့သော ဓာတ်ခွဲအတည်ပြုလူနာ (၁,၅၂၇) ဦးတွင် အနံ့မရရှိသူ (၂၁၉) ဦး ပါရှိပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# တွန်းဇံမြို့တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် ပါးစပ်နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေ



**နေပြည်တော် ဒီဇင်ဘာ ၆**

ချင်းပြည်နယ် ဖလမ်းခရိုင် တွန်းဇံမြို့နယ်အတွင်းရှိ လူသွားလူလာများပြားသည့် လမ်းဆုံတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ခြင်းဆိုင်ရာ ကျန်းမာရေးအသိပညာမြှင့်တင်ရေးနှင့် ပါးစပ်နှာခေါင်းစည်းမဖြစ်မနေ တပ်ဆင်ရေးလှုပ်ရှားမှုအဖြစ် ပါးစပ်နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးခြင်းကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ဓာတ်ပုံ)**

မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာထန်ရှန်းခိုင် ဦးဆောင်လျက် ကျန်းမာရေးဦးစီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စေတနာ့ဝန်ထမ်းများပူးပေါင်း၍ ဈေးသည်များနှင့် ဈေးဝယ်သူများ၊ လမ်းသွားလမ်းလာ ဖြတ်သန်းမှုများသည့် လမ်းများတွင် ပါးစပ်နှာခေါင်းစည်းများ အခမဲ့ဝေငှခြင်း၊ ကျန်းမာရေးဦးစီးဌာန၏ ညွှန်ကြားချက်များ သိရှိလိုက်နာစေရန် အသိပညာပေးသည်။

အဆိုပါ ဆောင်ရွက်မှုတွင် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေးသီချင်းများ ဖွင့်လှစ်ပေးပြီး ပါးစပ်နှာခေါင်းစည်း ၅၀၀ ကို အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**လျှန်ပီး(သတင်းစဉ်)**

## ၆-၁၂-၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၁၄၉၈၃၄၂၅ | ၈၇၈၇၇၃၈ | ၂၈၇၈၂၅ |
| ၂။ | အိန္ဒိယ | ၉၆၄၆၈၄၉ | ၉၁၀၂၅၀၁ | ၁၄၀၂၃၆ |
| ၃။ | ဘရာဇီး | ၆၅၇၇၁၇၇ | ၅၇၆၁၃၆၃ | ၁၇၆၆၄၁ |
| ၄။ | ရုရှား | ၂၄၆၀၇၇၀ | ၁၉၃၇၇၃၈ | ၄၃၁၄၁ |
| ၅။ | ပြင်သစ် | ၂၂၈၁၄၇၅ | ၁၆၉၃၅၈ | ၅၄၉၈၁ |
| ၆။ | အီတလီ | ၁၇၀၉၉၉၁ | ၈၉၆၃၀၈ | ၅၉၅၁၄ |
| ၇။ | ဗြိတိန် | ၁၇၀၅၉၇၁ | စိစစ်ဆဲ | ၆၁၀၁၄ |
| ၈။ | စပိန် | ၁၆၉၉၁၄၅ | စိစစ်ဆဲ | ၄၆၂၅၂ |
| ၉။ | အာဂျင်တီးနား | ၁၄၅၉၈၃၂ | ၁၂၈၈၇၈၅ | ၃၉၆၃၂ |
| ၁၀။ | ကိုလံဘီယာ | ၁၃၆၂၂၄၉ | ၁၂၄၉၇၀၂ | ၃၇၆၃၃ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၆-၁၂-၂၀၂၀

| | COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၅၇၅၇၉၆ | ၄၇၄၇၇၁ | ၁၇၇၄၀ |
| ဖိလစ်ပိုင် | ၄၃၉၈၃၄ | ၄၀၈၆၃၄ | ၈၅၅၄ |
| မြန်မာ | ၉၉၁၅၅ | ၇၇၆၃၆ | ၂၁၁၀ |
| မလေးရှား | ၇၂၆၉၄ | ၆၁၂၇၃ | ၃၈၂ |
| စင်ကာပူ | ၅၈၂၆၀ | ၅၈၁၅၈ | ၂၉ |
| ထိုင်း | ၄၀၈၆ | ၃၈၅၃ | ၆၀ |
| ဗီယက်နမ် | ၁၃၆၆ | ၁၂၂၀ | ၃၅ |
| ကမ္ဘောဒီးယား | ၃၄၆ | ၃၀၆ | ၀ |
| ဘရူနိုင်း | ၁၅၁ | ၁၄၇ | ၃ |
| လာအို | ၃၉ | ၂၆ | ၀ |

## ဝိတိုရိယတောင်ပေါ်သို့ မော်တော်ယာဉ်တက်ရောက်မှုများ တားမြစ်ကန့်သတ်တော့မည်

**ကန်ပက်လက် ဒီဇင်ဘာ ၆**

ချင်းပြည်နယ် ကန်ပက်လက်မြို့နယ်ရှိ ဝိတိုရိယတောင်ပေါ်သို့ မော်တော်ကား၊ မော်တော်ဆိုင်ကယ်တက်ရောက်မှုများကို တားမြစ်ကန့်သတ်သွားမည်ဟု ယမန်နေ့က ကျင်းပသည့် ခရီးစဉ်ဒေသဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ (DMO)အစည်းအဝေးမှ သိရသည်။

သဘာဝအခြေခံ ခရီးသွားလုပ်ငန်းများ ပီပီပြင်ပြင်ဖြစ်ပေါ်လာစေရန်ရည်ရွယ်ချက်ဖြင့် ယင်းကဲ့သို့သော ဆိုင်ကယ်၊ ကားသွားလာမှုများကို တားဆီးကန့်သတ်ရခြင်းဖြစ်ကြောင်း၊ အရေးပေါ်ယာဉ်များနှင့် လုပ်ငန်းဆောင်ရွက်ရန် လိုအပ်သည့် ယာဉ်များကိုသာ တောင်ပေါ်သို့ တက်ရောက်ခွင့်ပြုမည်ဖြစ်ကြောင်းနှင့် မော်တော်ကားများအား ၁၀ မိုင်စခန်းဝန်းကျင်၌ လည်းကောင်း၊ မော်တော်ဆိုင်ကယ်များအား ၁၁ မိုင် ၁ ဖာလုံ (ဆမီးလမ်းခွဲ) အထိသာ လည်းကောင်း တက်ရောက်ခွင့်ပြုတော့မည်ဖြစ်ကြောင်း DMO အစည်းအဝေးဆုံးဖြတ်ချက်အရ သိရသည်။

မကြာသေးမီကရှာဖွေတွေ့ရှိထားသည့် လမ်းကြောင်းအသစ်အပါအဝင် လက်ရှိတွင် ဝိတိုရိယတောင်တက်လမ်းသုံးခုရှိရာအနက် ဆမီးလမ်းခွဲမှ နောက်ဆုံးရှာဖွေထားသည့် လမ်းကြောင်းအတိုင်း တက်မည်ဆိုပါက နှစ်မိုင်ဝန်းကျင်သာ ရှိမည်ဖြစ်ပြီး ယင်းလမ်းကြောင်းသစ်သည် အတိုဆုံးလမ်းကြောင်းဖြစ်မည့်အပြင် ဓာတ်ပုံရိုက်ကူးလိုသူများအတွက် သာယာလှပသည့် ရှုခင်းများစွာဖြင့် ပြည့်နှက်နေကြောင်း လမ်းကြောင်းအသစ်ရှာဖွေရေးတွင်ပါဝင်ခဲ့သည့် ဒေသခံညှော် လမ်းညွှန်တစ်ဦးက ပြောသည်။

အဆိုပါ အစည်းအဝေးတွင် ၁၀ မိုင်စခန်း၌ သောက်သုံးရေရရှိရေး၊ ကိုးလောင်း ရေတံခွန်ဆိုင်းဘုတ်၊ လမ်းညွှန်ဆိုင်းဘုတ်နှင့် နားနေရန်ကွပ်ပျစ်များ၊ သဘာဝအခြေခံခရီးသွားလုပ်ငန်းမြှင့်တင်ရေးအတွက် ဆက်လက်အကောင်အထည်ဖော်ရမည့် လိုအပ်သည့် အစီအစဉ်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ကိုလိန်း(ပြန်/ဆက်)**

## COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ဆက်လက်ထိန်းချုပ်နိုင်ရန် ပြည်သူများအား နှိုးဆော်ခြင်း

မိမိတို့နိုင်ငံတွင် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုအား ဆက်လက်ထိန်းချုပ်ထားနိုင်ရန်အတွက် **အနည်းဆုံး အောက်ပါအချက် (၄) ချက်ကို ကိုယ်တိုင်မဖြစ်မနေ လိုက်နာကျင့်သုံးရုံသာမက မိမိ၏မိသားစုဝင်များနှင့် အခြားသူများပါ လိုက်နာကျင့်သုံးစေရန် တိုက်တွန်းပေးပါ။**

(က) တတ်နိုင်သမျှ မိမိတို့၏နေအိမ်တွင်သာနေထိုင်ပြီး လူစုလူဝေးရှိရာနေရာများသို့ မလိုအပ်ဘဲ (လုံးဝ) မသွားကြပါရန်။

(ခ) ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို လူစုလူဝေးရှိရာနေရာများသို့ သွားသည့်အခါတိုင်း မဖြစ်မနေတပ်ဆင်ကြပါရန်။

(ဂ) အခြားသူများနှင့် တတ်နိုင်သမျှ ခပ်ခွာခွာနေထိုင်ပါရန်။ ဖြစ်နိုင်ပါက အနည်းဆုံး (၆) ပေအကွာမှသာ နေထိုင်ပြောဆို ဆက်ဆံကြပါရန်။

(ဃ) လက်ကို ရေနှင့်ဆပ်ပြာအသုံးပြု၍ စက္ကန့် (၂၀) ကြာအောင် စနစ်တကျ မကြာခဏဆေးကြောရန် (သို့မဟုတ်) လက်သန့်စင်ဆေးရည်နှင့် ဆေးကြောကြပါရန်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

## ပင်လောင်းမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး အသိပညာပေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိ



**ပင်လောင်း ဒီဇင်ဘာ ၆**

ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်၊ ထိန်းချုပ်ရေးအတွက် အသိပညာပေးလုပ်ငန်းများကို မြို့မရဲစခန်းရှေ့၌ ယနေ့နံနက်ပိုင်းက ဆောင်ရွက်သည်။

အဆိုပါ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြို့နယ်ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာများပူးပေါင်း၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပြီး ပါးစပ်နှာခေါင်းစည်း တပ်ဆင်ခြင်းမရှိသည့် ပြည်သူများအား ပါးစပ်နှာခေါင်းစည်း တပ်ဆင်စေခြင်း ဆောင်ရွက်ခဲ့သည်။

ဆက်လက်၍ အားကစားနှင့် ကာယပညာဦးစီးဌာနမှ ကပြဖျော်ဖြေတင်ဆက်ရေးအဖွဲ့တို့က မြို့မဈေးတွင် ဈေးရောင်းဈေးဝယ်သူများအား ပါးစပ်နှာခေါင်းစည်းများ ဖြန့်ဝေပေးခဲ့ပြီး ကိုယ်လက်လှုပ်ရှား ဆေးတစ်ပါး အစီအစဉ်ဖြင့် မြို့မရဲစခန်းရှေ့နှင့် မြို့မဈေးရှေ့တို့တွင် ကပြဖျော်ဖြေတင်ဆက်ပေးခဲ့ကြောင်း သိရသည်။

**ခွန်အာကာစိုး (ပင်လောင်း)**

## ခင်ဦးမြို့၌ (A) အဆင့်သတ်မှတ်ထားသည့် စားသောက်ဆိုင်၊ လက်ဖက်ရည်ဆိုင်များကို ရှောင်တခင်စစ်ဆေး

**ခင်ဦး ဒီဇင်ဘာ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့၌ ဆိုင်ထိုင်စားသောက် ဖွင့်လှစ်နိုင်ရန် (A) အဆင့် သတ်မှတ်ထားသည့် စားသောက်ဆိုင်၊ လက်ဖက်ရည်ဆိုင်များကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ယနေ့နံနက်ပိုင်းတွင် ရှောင်တခင်စစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးရာတွင် (A) အဆင့် သတ်မှတ်ထားသည့် စားသောက်ဆိုင်များ၊ လက်ဖက်ရည်ဆိုင်နှင့် အခြားဆိုင်များကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ရေး ညွှန်ကြားချက်များနှင့်အညီ ဆိုင်ထိုင်စားသောက်နိုင်ရန် ဆောင်ရွက်ထားခြင်း ရှိ၊ မရှိတို့ကို ရှောင်တခင်စစ်ဆေးခဲ့သည်။

ခင်ဦးမြို့နယ်တွင် စားသောက်ဆိုင် ရှစ်ဆိုင်၊ လက်ဖက်ရည်ဆိုင် ၂၅ ဆိုင်နှင့် အခြားဆိုင် ၄၁ ဆိုင် စုစုပေါင်း ၇၄ ဆိုင်ရှိရာ (A) အဆင့် သတ်မှတ်ထားသည့် ဆိုင်စုစုပေါင်း ၆၄ ဆိုင် ဖွင့်လှစ်ခွင့်ရပြီဖြစ်ကြောင်း မြို့နယ်အမှုဆောင်အရာရှိ ဒေါ်မာမာအောင်၏ပြောကြားချက်အရ သိရသည်။

**စိုးဝေအောင်(ခင်ဦး)**

## တောင်ကြီးမြို့၌ ကိုဗစ်-၁၉ ရောဂါ တားဆီးကာကွယ်ရေး ကျန်းမာရေးစစ်ဆေးမှုများဆောင်ရွက်

**တောင်ကြီး ဒီဇင်ဘာ ၆**

ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးမြို့နယ်၌ ကိုဗစ်-၁၉ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါကူးစက်ပြန့်ပွားမှု တားဆီးကာကွယ်ထိန်းချုပ်ရေးအတွက် ယနေ့နံနက်ပိုင်းကစတင်၍ တောင်ကြီးမြို့အတွင်းသို့ အဓိကဝင်ရောက်နိုင်သည့်နေရာများဖြစ်သော မြို့အဝင် တောင်လေးလုံး-ခေါင်တိုင်လမ်းဆုံနှင့် ဟိုပုံးတိုးဂိတ်အနီးနေရာတို့တွင် နေ့စဉ်ဝင်ရောက်လာသူများကို ကိုယ်အပူချိန်တိုင်းတာ၍ ကျန်းမာရေးစစ်ဆေးခြင်း၊ ပါးစပ်နှာခေါင်းစည်းများတပ်ဆင်၍ သွားလာကြစေရေးအတွက် ကြီးကြပ်ဆောင်ရွက်ခြင်း၊ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များဖြင့် ဝင်ရောက်လာသူများကို ကိုယ်အပူချိန်တိုင်းတာ၍ ကျန်းမာရေးစစ်ဆေးခြင်း၊ ကျန်းမာရေးအသိပညာပေးခြင်းနှင့် ခရီးသွားရာဇဝင်မှတ်တမ်းစိစစ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် တောင်ကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ ပြည်သူ့ကျန်းမာရေးဌာနမှ ဝန်ထမ်းများ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် စေတနာ့ဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စိုင်းသန်းကျော်(တောင်ကြီး)**

## COVID-19 Call Center ကို နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ထား

**နေပြည်တော် ဒီဇင်ဘာ ၆**

COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြှင့် ဆောင်ရွက်ရန်အတွက် COVID - 19 Call Center ကို ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေး အော်ပရေတာလေးခု၊ Blue Ocean ကုမ္ပဏီတို့ ပူးပေါင်း၍ COVID-19 Call Center (ဖုန်းနံပါတ် ၂၀၁၉) အား ဧပြီ ၈ ရက်မှစ၍ နံနက် ၈ နာရီ မှ ည ၈ နာရီအထိ ဖွင့်လှစ်ခဲ့ပြီး ယခုအခါ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ရန်ကုန် မြို့၊ ဆေးသုတေသန ဦးစီးဌာနတွင် ဆေးသုတေသနဦးစီးဌာနမှ ဝန်ထမ်း ၄၃ ဦး၊ မြန်မာနိုင်ငံ ဆရာဝန်များအသင်းမှ စေတနာ့ဝန်ထမ်း ဆရာဝန် ၁၇ ဦး စုစုပေါင်း ၆၀ ဖြင့် ဖွင့်လှစ်ထားရှိသည်။

**သတင်းစဉ်**

# မန္တလေးမဟာမုနိဘုရားကြီးပရိဝုဏ်အတွင်း၌ ကိုဗစ်-၁၉ ကာလအတွင်း အကြီးစားပြင်ဆင်မှုလုပ်ငန်းများအား ငွေကျပ်သိန်းပေါင်း ၅၀၀၀၀ ကျော်ဖြင့် ဆောင်ရွက်လျက်ရှိရာ ၉၀ ရာခိုင်နှုန်းကျော်ပြီးစီး

**မန္တလေး ဒီဇင်ဘာ ၆**

မန္တလေးမဟာမုနိဘုရားကြီးပရိဝုဏ်အတွင်း၌ ကိုဗစ်-၁၉ ကာလအတွင်း အကြီးစားပြင်ဆင်မှုလုပ်ငန်းများအား ငွေကျပ်သိန်းပေါင်း ၅၀၀၀၀ ကျော်ဖြင့် ဆောင်ရွက်လျက်ရှိရာ ၉၀ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်ကြောင်း မန္တလေးမဟာမုနိဘုရားကြီးဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးစိုးလင်းထံမှ သိရသည်။

### အကြီးစားပြင်ဆင်ဆောင်ရွက်

"ကိုဗစ်-၁၉ ရောဂါကြောင့် ဘုရားဖူးတွေ စတင်ကန့်သတ်လိုက်တဲ့ကာလ မတ် ၂၉ ရက်မှစတင်ကာ အကြီးစားပြင်ဆင်မှုလုပ်ငန်တွေ ဆောင်ရွက်ခဲ့ပါတယ်။ ဘုရားဖူးအများဆုံး ဝင်/ထွက် သွားလာတဲ့ အရှေ့ဘက်စောင်းတန်းနှင့် မြောက်ဘက်စောင်းတန်းတွေကို အကြီးစား မွမ်းမံပြင်ဆင်မှုတွေ ဆောင်ရွက်ခဲ့ပါတယ်။ မဟာဗောဓိပင် စောင်းတန်းကိုလည်း ပြန်လည်ပြင်ဆင်တာက အစအဆုံးနီးပါးပါပဲ။ အဲဒီစောင်းတန်းဘေးမှာရှိတဲ့ ဆိုင်ခန်းတွေကို နောက်ဆုတ်ပြန်ဆောက်ပြီး ကြားကလွတ်သွားတဲ့မြေနေရာမှာ ပန်းဥယျာဉ်တွေ ဆောင်ရွက်လိုက်တယ်။ အနောက် ၄၅ တာမှာရှိတဲ့ ဂိုဒေါင်တွေ၊ ဝန်ထမ်းအိမ်ရာတွေ၊ အဆောက်အအုံဟောင်းတွေနဲ့ ဆိုင်ခန်းတွေကို ပြောင်းသင့်တာပြောင်း၊ ပြင်သင့်တာပြင်ပြီး ကားပါကင်နဲ့ ဥယျာဉ်ငယ်တွေ ပြန်လုပ်လိုက်တယ်၊ ခုချိန်မှာတော့ မြောက်ဘက်စောင်းတန်းအနောက်ဘက်အလှနဲ့ တတိယမဟာရံတံတိုင်းအလှကို ပြန်မြင်ရပါပြီ။ နောက်ပြီး မြောက်စောင်းတန်းအရှေ့ဘက်က အရင်အဆောက်အအုံဟောင်းတွေနဲ့ ပန်းတန်းကို အကုန်ပြန်ဖျက်ပြီး ပြင်လိုက်တယ်။ ပန်းတန်းနှင့် ကားလမ်းကြားမှာ သစ်ပင်တွေ၊ ပန်းပင်တွေစိုက်ပြီး အလှပုံဖော်လိုက်တယ်။ ဘုရားဖူးတွေအနေနဲ့ ဘုရားထဲဝင်ဝင်လာချင်းကို စိတ်ချမ်းသာသွားအောင် ဆောင်ရွက်လိုက်တာပါ။ လိပ်ကန်တွေ၊ ငါးကန်တွေကိုလည်း ပြန်လည်ပြင်ဆင်မှုတွေ ဆောင်ရွက်ခဲ့ပါတယ်။ ကျောင်းဆောင်တော်ကြီးတစ်ခုလုံးကိုလည်း ပြန်လည်မွမ်းမံကာ ရွှေချသွားမှာပါ။ နောက်ပြီး မဟာဗုဒ္ဓဝင်ဗိမာန်တော်ကြီးကိုလည်း အကြီးစားပြင်ဆင်ခဲ့ပါတယ်။ အားလုံးနီးပါး ပြီးစီးနေပါပြီ။ နည်းနည်းပဲကျန်ပါတော့တယ်။ အရှေ့တောင်ထောင့်မှာရှိတဲ့ ဝန်ထမ်းအိမ်ရာတွေကို ပြန်ဖျက်ပြီး စောင်းတန်းတွေနဲ့ ကားပါကင်တွေ ဆောင်ရွက်နေပါတယ်။ မဟာမုနိဘုရားကြီး ပရိဝုဏ်ဝင်းအတွင်းမှာ ဝန်ထမ်းအိမ်ရာ ခြောက်နေရာ ရှိခဲ့ပါတယ်။ အဲဒါတွေအားလုံးကို ရွှေ့ပြောင်းစေပြီး ၈၄ လမ်းနဲ့ အမရပူရမြို့သွားတဲ့လမ်း မဟာမုနိဘုရားကြီးပိုင်မြေနေရာမှာ ဝန်ထမ်းအိမ်ရာတွေ အသစ်တည်ဆောက်ပေးခဲ့ပါတယ်။ ဘုရားဖူးတွေ အခမဲ့အသုံးပြုလို့ရမယ့် အဆင့်မြင့်အိမ်သာတွေလည်း တည်ဆောက်ထားပါတယ်။ နောက်ပြီး လျှပ်စစ်မီးနဲ့ပတ်သက်ပြီး အန္တရာယ်ကင်းရှင်းစေဖို့ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းနဲ့တိုင်ပင်ပြီး အားလုံး ပြန်လည်ပြင်ဆင်ကာ မြို့တစ်မြို့ကို မီးပေးတဲ့စနစ်မျိုး ဆောင်ရွက်နေပါတယ်။ ဒါတွေကတော့ အကြီးစားပြင်ဆင်မှုတွေပါ။ အသေးစားတွေကတော့ အများကြီးပါပဲ" ဟု ၎င်းက ပြောသည်။



### ထောက်ခံချက်ရမှ ငွေထုတ်ပေး

"ကျွန်တော်တို့ ဂေါပကအဖွဲ့အနေနဲ့ အလုပ်တစ်ခုလုပ်တော့မယ်ဆိုရင် အစည်းအဝေးခေါ်ပြီး တိုင်ပင်တယ်၊ ဆုံးဖြတ်တယ်၊ ဘယ်လိုလုပ်မှာလဲ၊ ဘယ်လောက်ကုန်မှာလဲ၊ ကုန်ကျငွေနဲ့ လုပ်တာနဲ့ ပြန်ရတာတန်ရဲ့လား၊ ဒါတွေစစ်ဆေးပါတယ်။ လုပ်ငန်းတွေကို တိုင်းဒေသကြီးအစိုးရအဖွဲ့က ဖွဲ့စည်းပေးတဲ့ Third Party စစ်ဆေးရေးအဖွဲ့ကစစ်ဆေးပြီး ထောက်ခံချက်တွေရမှ ငွေထုတ်ပေးပါတယ်။ အဓိကကတော့ ပြည်သူလူထုလှူဒါန်းထားတဲ့ ငွေတွေနဲ့ ဆောင်ရွက်တာဖြစ်တဲ့အတွက် အများပြည်သူ ဝမ်းမြောက်ဝမ်းသာဖြစ်မယ့်၊ စိတ်ချမ်းသာမယ့် လုပ်သင့်လုပ်ထိုက်တဲ့ ကိစ္စတွေအားလုံး ဆောင်ရွက်သွားမှာပါ"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

မဟာမုနိဘုရားကြီး ပရိဝုဏ်အတွင်း၌ အကြီးစားပြင်ဆင်မှုလုပ်ငန်းများတွင် မဟာဗုဒ္ဓဝင်ဗိမာန်တော်ကြီး၊ စောင်းတန်းများ၊ ဇရပ်များ ၊ဥယျာဉ်ငယ်များ၊ ကားပါကင်များ၊ လိပ်ကန်၊ ငါးကန်၊ ဝန်ထမ်းအိမ်ရာတည်ဆောက်မှုများ၊ တခြားအသေးစား ပြင်ဆင်မှုများနှင့် ပြင်ဆင်မှုအတွက် တခြားအလှူခံရရှိမှုများ အပါအဝင် ငွေကျပ်သိန်းပေါင်း ၅၀၀၀၀ ကျော် အကုန်အကျခံ ဆောင်ရွက်လျက်ရှိကြောင်း သိရပြီး လုပ်ငန်းတော်တော်များများ ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။ **သန်းဇော်မင်း(ပြန်/ဆက်)**

---

# မေမြို့မြို့ပြအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့က ပြင်ဦးလွင်မြို့ရှိ ဘိုမကန်အား ပြန်လည်တူးဖော်ထိန်းသိမ်းထား

**ပြင်ဦးလွင် ဒီဇင်ဘာ ၆**

ပြင်ဦးလွင်မြို့ရှိ မေမြို့ မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့က ဘိုမကန်အား ပြန်လည်တူးဖော်ခဲ့ပြီး မြို့၏သမိုင်းဝင်နေရာတစ်ခုအဖြစ် ထိန်းသိမ်းစောင့်ရှောက်ထားလျက်ရှိကြောင်း သိရသည်။

အင်္ဂလိပ်တို့သည် ၁၈၈၅ ခုနှစ်တွင် မြန်မာတစ်နိုင်ငံလုံးကို သိမ်းပိုက်အပြီး ၁၈၉၆ ခုနှစ်တွင် မေမြို့မြို့ပြစီမံကိန်းကို စတင်အကောင်အထည်ဖော် တည်ဆောက်ခဲ့ကြကာ နွေရာသီဘုရင်ခံရုံးစိုက်ရာမြို့အဖြစ် အသုံးပြုခဲ့ကြသည်။ မြို့အနှံ့အပြားတွင်လည်း အင်္ဂလိပ်စစ်တပ်နှင့် အင်္ဂလိပ်လက်အောက်ခံ စစ်တပ်အများအပြားကို စခန်းချတပ်စွဲ တည်ထောင်ခဲ့ကြလေသည်။ ဤသို့ဖြင့် မေမြို့ခေါ် ပြင်ဦးလွင်၌ အရပ်ဘက်၊ စစ်ဘက်အင်္ဂလိပ်အရာရှိပေါင်းများစွာ အခြေပြုနေထိုင်လျက်ရှိသောအခါ အင်္ဂလိပ်အရာရှိတို့၏ ဇနီးများ (ဗိုလ်ကတော်၊ ဗိုလ်မ)တို့ ရေချိုး၊ ရေကူးရန်အတွက် သီးသန့်ရေချိုးကန်တစ်ခုကို တူးဖော်အသုံးပြုခဲ့ကြသည်။

အဆိုပါရေကန်ကို ၁၉၀၀ ပြည့်နှစ်ဝန်းကျင်က တူးဖော်အသုံးပြုခဲ့ကြပြီး ပြင်ဦးလွင်မြို့သူ မြို့သားများက ဗိုလ်ကတော်၊ ဗိုလ်မများရေကူး၊ ရေချိုးခဲ့ကြသောကြောင့် ဗိုလ်မကန်ဟုခေါ်ခဲ့ကြရာမှ နောင်အခါ ဘိုမကန် ဖြစ်လာခဲ့သည်။ ဘိုမကန်သည် အင်္ဂလိပ်တို့ဆုတ်ခွာသွားအပြီး မြန်မာနိုင်ငံ လွတ်လပ်ရေး ရရှိပြီးသည့်နောက်၌လည်း ဆက်လက်အသုံးပြုခြင်းမရှိတော့သဖြင့် နှစ်ကာလ ကြာရှည်လာသောအခါ ချုံနွယ်ပိတ်ပေါင်းများ၊ နုန်းမြေသဲမြေများ ဖုံးလွှမ်းလျက် တိမ်ကောပျက်စီးခဲ့ရသည်။



အဆိုပါအဖွဲ့၏ အဖွဲ့ခေါင်းဆောင် ဦးလေးမြင့်အောင်က "မြို့သမိုင်းစာအုပ်တွေကို ဖတ်ရှုလေ့လာခဲ့ပြီး ဘိုမကန် ရှိတယ်ဆိုတာကို သိရလို့ လွန်ခဲ့တဲ့ လေးလလောက်ကစပြီး တူးဖော်ထိန်းသိမ်းထားခဲ့တာပါ။ ဒီလိုသမိုင်းဝင်ကန်ကြီးကို အချိန်မီတူးဖော်ထိန်းသိမ်းထားပြီး အတတ်နိုင်ဆုံး ရှေးမူမပျက်အောင် စောင့်ရှောက်ထားပါမယ်။ ဘိုမကန်ကို ရှေးမူမပျက် ထိန်းသိမ်းစောင့်ရှောက်ထားခြင်းအားဖြင့် မြို့ရဲ့ခရီးသွားလုပ်ငန်းတွေ ပိုမိုတိုးတက်ကောင်းမွန်လာပြီး ဒေသခံမြို့သူ မြို့သားတွေအတွက်လည်း အကျိုးရှိသွားသလို ဂုဏ်ယူစရာတစ်ခုလည်း ဖြစ်သွားမှာပါ" ဟု ပြောသည်။

ဘိုမကန်သည် အလျား ပေ ၉၀၊ အနံ ၄၁ ပေ၊ အနက်ဆင်ခြေလျှောလေးပေမှ ၁၀ ပေရှိ ရေကူးကန်အမျိုးအစားဖြစ်ပြီး ပြင်ဦးလွင်မြို့တွင် နှစ်ပေါင်း ၁၀၀ ကျော်ရှိ ကန်တစ်ကန်ဖြစ်ခြင်းကြောင့် မြို့နယ်အဆင့် အပြာရောင် ကမ္ပည်း တပ်ဆင်ထားကြောင်း သိရသည်။

**သက်နိုင်(ပြင်ဦးလွင်)**

---

# တီးတိန်မြို့နယ် အစိုးရဝန်ထမ်းများ ငွေစုငွေချေး သမဝါယမအသင်းလီမိတက် အသင်းသားများ၏ စုဆောင်းငွေအပေါ် အတိုးများ ဒီဇင်ဘာ ၁၅ ရက်မှ စတင်ထုတ်ပေးမည်

**နေပြည်တော် ဒီဇင်ဘာ ၆**

ချင်းပြည်နယ် တီးတိန်မြို့နယ် အစိုးရဝန်ထမ်းများ ငွေစုငွေချေး သမဝါယမအသင်းလီမိတက် အသင်းသားများ၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွက် စုဆောင်းငွေအပေါ် အတိုးများကို ဒီဇင်ဘာ ၁၅ ရက်မှ စတင်ထုတ်ပေးမည်ဖြစ်ကြောင်း သိရသည်။

တီးတိန်မြို့နယ် အစိုးရဝန်ထမ်းများ ငွေစုငွေချေး သမဝါယမအသင်းလီမိတက်တွင် အသင်းသားဦးရေပေါင်း ၁၉၆၉ ဦးရှိပြီး ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် အသင်းသားများ၏ စုငွေအပေါ် အတိုးငွေကျပ် ၄၂၂၀၀၀၀၀ အား စုဆောင်းငွေအတိုင်း အမြတ်အချိုးကျ ခွဲဝေထုတ်ပေးသွားမည်ဖြစ်ကြောင်း ငွေစုငွေချေး သမဝါယမအသင်းလီမိတက် အမှုဆောင်ကော်မတီအဖွဲ့ထံမှ သိရသည်။ **လျှန်ပီး(သတင်းစဉ်)**

---

# သီပေါ၌ နွေစပါးစိုက်ပျိုးမည့်တောင်သူများအား သစ်စိမ်းမြေဩဇာများဖြန့်ဝေ၊ မြေဩဇာကြဲပက်

**သီပေါ ဒီဇင်ဘာ ၆**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် ကျင်သီကျေးရွာအုပ်စု ကြံခင်း(နမ့်အွန်)ကျေးရွာတွင် မိုးစပါးရိတ်သိမ်းပြီး နွေစပါး ၁၀ ဧက စိုက်ပျိုးမည့်တောင်သူ ၁၀ ဦးကို မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးအတွက် ပိုက်ဆံလျှော်သစ်စိမ်းမြေဩဇာပေးအပ်ခြင်းနှင့် သစ်စိမ်းမြေဩဇာကြဲပက်ခြင်း လုပ်ငန်းများကို ယနေ့နံနက်ပိုင်းက အဆိုပါ ကျေးရွာလယ်ကွင်း၌ ကျင်းပသည်။

အဆိုပါ သစ်စိမ်းမြေဩဇာကြဲပက်ခြင်းလုပ်ငန်း ဆောင်ရွက်ရာသို့ ကျောက်မဲခရိုင် မြေအသုံးချရေးတာဝန်ခံနှင့် တာဝန်ရှိသူများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးထွန်းမင်းဦးနှင့် စိုက်ပျိုးရေးဝန်ထမ်းများ၊ ကွင်းတာဝန်ခံများနှင့် နွေစပါးစိုက်ပျိုးမည့် တောင်သူများ တက်ရောက်ကြောင်း သိရသည်။ **စိုင်း(သီပေါ)**

---

## ထူးခြားသည့် ညအပူချိန်များ

**နေပြည်တော် ဒီဇင်ဘာ ၆**

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် ၁ ဒီဂရီစင်တီဂရိတ်၊ ဟဲဟိုးမြို့နှင့် ရမ်ကလောင်းတို့တွင် ၅ ဒီဂရီစင်တီဂရိတ်စီ၊ မင်းတပ်မြို့တွင် ၆ ဒီဂရီစင်တီဂရိတ်နှင့် ပင်လောင်းမြို့နှင့် တီးတိန်မြို့တို့တွင် ၇ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်မှာ ဟိုင်းကြီးကျွန်းမြို့တွင် ၁ ဒသမ ၁၄ လက်မ ဖြစ်သည်။

**မိုး/ဇလ**

# ရန်ကုန်စတော့အိတ်ချိန်း၏ နိုဝင်ဘာလအတွင်း အစုရှယ်ယာရောင်းဝယ်မှု အောက်တိုဘာလထက် ၁၂ ရာခိုင်နှုန်းခန့် ကျဆင်း

**ရန်ကုန် ဒီဇင်ဘာ ၆**

ရန်ကုန်စတော့အိတ်ချိန်း၏ နိုဝင်ဘာလအတွင်း အစုရှယ်ယာ ရောင်းဝယ်မှုမှာ ပြီးခဲ့သော အောက်တိုဘာလနှင့် နှိုင်းယှဉ်ပါက ၁၂ ရာခိုင်နှုန်းခန့် အရောင်းအဝယ် ကျဆင်းခဲ့ကြောင်း သိရသည်။

ရန်ကုန် စတော့အိတ်ချိန်း၌ နိုဝင်ဘာလအတွင်း အစုရှယ်ယာ အရေအတွက် တစ်သိန်းတစ်သောင်းကျော် အရောင်းအဝယ်ဖြစ်ခဲ့ပြီး တန်ဖိုးအားဖြင့် ငွေကျပ် ၅၈၉ သန်းဖိုး အရောင်းအဝယ် ဖြစ်ခဲ့ကြောင်း၊ အောက်တိုဘာလအတွင်းက ငွေကျပ် ၆၇၃ သန်းဖိုး အရောင်းအဝယ်ဖြစ်ခဲ့သည့်အတွက် နိုဝင်ဘာလ၏ ရောင်းဝယ်မှုပမာဏမှာ ၁၂ ရာခိုင်နှုန်းခန့် ကျဆင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာ စတော့အညွှန်းကိန်း MYANPIX မှာ အောက်တိုဘာလတွင် ၄၄၁ ပွိုင့်မှ နိုဝင်ဘာလတွင် ၄၅၃ ပွိုင့်အထိ မြင့်တက်လာခဲ့သည့်အတွက် နိုဝင်ဘာလတွင် အရောင်းအဝယ်ပမာဏ ကျဆင်းခဲ့သော်လည်း စတော့ဈေးနှုန်းများ မြင့်တက်ခဲ့ကြောင်း သိရသည်။ ထိုသို့ဖြစ်ရခြင်းမှာ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ကုမ္ပဏီ တစ်ခု၊ နှစ်ခုခန့်ကိုသာ အာရုံစိုက်ပြီး အစုရှယ်ယာ ဝယ်ယူကြသည့်အတွက် အဆိုပါ ကုမ္ပဏီများ၏ ရှယ်ယာဈေးနှုန်းများ မြင့်တက်သွားပြီး စတော့အညွှန်းကိန်းလည်း မြင့်တက်ခဲ့ခြင်းဖြစ်သည်။

"စတော့ဈေးကွက် တစ်ခု အောင်မြင်တိုးတက်ဖို့ဆိုရာမှာ နိုင်ငံရဲ့ စီးပွားရေး၊ နိုင်ငံရေး စတာတွေ တည်ငြိမ်နေဖို့လိုပါတယ်။ လက်ရှိ ကိုဗစ်ကာလမှာ ရန်ကုန်စတော့အိတ်ချိန်းရဲ့ စာရင်းဝင်ကုမ္ပဏီ ခြောက်ခုစလုံးဟာ ကြံ့ကြံ့ခံ ဖြတ်ကျော်နိုင်ခဲ့လို့ စတော့အရောင်းအဝယ်တွေ ဈေးနှုန်းတွေဟာ သိသာတဲ့ ကျဆင်းမှုမရှိဘဲ ရပ်တည်နိုင်ခဲ့တာ ဖြစ်ပါတယ်။ ကမ္ဘာမှာရော မြန်မာမှာပါ ကိုဗစ်-၁၉ ကြောင့် စီးပွားရေးတွေ ကျဆင်းခဲ့ပေမယ့် စတော့ဈေးကွက်ရဲ့ အရောင်းအဝယ်ကတော့ ကျဆင်းမသွားတာ တွေ့ရပါတယ်"ဟု ရန်ကုန်စတော့အိတ်ချိန်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။




စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ရန်ကုန်စီးပွားရေး တက္ကသိုလ်၊ GIZ, SBFIC, DGRV, JICA နှင့် UNCDF တို့ ပူးပေါင်းကျင်းပခဲ့သော 3rd World Savings Day Event တွင်လည်း ရန်ကုန်စတော့အိတ်ချိန်းအနေဖြင့် "Introduction to Stock Investment" ခေါင်းစဉ်ဖြင့် ပါဝင်ဆွေးနွေးခဲ့သည်။

ထင်ပေါ်ဝင်း(ကမာရွတ်)

ဓာတ်ပုံ - လင်းညွန့်

# တောင်ကုတ်မြို့နယ်၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**တောင်ကုတ် ဒီဇင်ဘာ ၆**

သံတွဲခရိုင် တောင်ကုတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးညီညီ၊ ဒုတိယဦးစီးမှူး ဦးမင်းဦးတို့သည် ယမန်နေ့က တောင်ကုတ်မြို့နယ် ရန်ခေါ်ကျေးရွာအုပ်စု ရန်ကုန်ကျေးရွာတွင် ကျေးရွာမြစိမ်းရောင်ကော်မတီဝင်များနှင့် တွေ့ဆုံကာ မြစိမ်းရောင် စီမံကိန်း စာရင်းဇယားများစစ်ဆေးခြင်းနှင့် မြစိမ်းရောင်ချေးငွေဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေး လုပ်ငန်းများကို ကွင်းဆင်းစစ်ဆေးသည်။ ထို့အပြင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရ ဖြည့်စွက်ရန်ပုံငွေကျပ် ၅ ဒသမ ၈၆ သန်းဖြင့် ဆောင်ရွက်ပြီးစီးသည့် တောင်ကုတ်မြို့နယ် ကမ်းဒေးကျေးရွာ၌ ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန် တည်ဆောက်ခြင်းလုပ်ငန်းပြီးစီးမှုအခြေအနေကို ကွင်းဆင်းစစ်ဆေး၍ မြို့နယ်ကျေးလက်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူတို့အား အုတ်ရေကန် ရေရှည်ခိုင်ခံ့ သုံးစွဲနိုင်ရန် ဝိုင်းဝန်းထိန်းသိမ်းပေးကြရန် ရှင်းလင်းပြောကြားကြောင်း သိရသည်။

၁၅၇

# ယနေ့ဈေးကွက်ပေါက်ဈေးများ

၆ - ၁၂ - ၂၀၂၀

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၃၀၁၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် ၁၂၉၆၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် ၁၂၄၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၃၀၁၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် ၁၂၉၆၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် ၁၂၄၅၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၅၅၀/၅၉၅ | ကျပ် | ၅၈၀/၆၀၅ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၆၀/၆၁၀ | ကျပ် | ၅၉၅/၆၂၀ | ကျပ် |
| အောက်တိန်း ၉၂ | ၅၂၅/၅၅၅ | ကျပ် | ၅၈၀/၅၉၅ | ကျပ် |
| အောက်တိန်း ၉၅ | ၆၄၅/၆၇၀ | ကျပ် | ၇၁၅/၇၃၀ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၃၂၃ . ၆ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၆၀၉ . ၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၉၃ . ၀၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၇၆ . ၀ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၂၇၂ . ၉ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၈၂ . ၃၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၀၂ . ၅၃ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၇ . ၉၄၅ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၂၂ . ၁၄ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၂၆ . ၀၁ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၃ . ၈၉၃ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၉၀၀ | ၉၈၀၀ | ၂၃၇ | ၂၃၃၁၁၀၀ |
| MTSH | ၃၇၀၀ | ၃၇၀၀ | ၁၀၁၆ | ၃၇၅၉၂၀၀ |
| MCB | ၈၄၀၀ | ၈၄၀၀ | ၁၀၁ | ၈၄၈၄၀၀ |
| FPB | ၂၂၀၀၀ | ၀ | ၀ | ၀ |
| TMH | ၂၇၅၀ | ၂၇၅၀ | ၃၅၄ | ၉၇၃၅၀၀ |
| EFR | ၃၈၅၀ | ၃၈၅၀ | ၆၇ | ၂၅၇၉၅၀ |

ခင်ရတနာ - စုစည်းသည်




အမြို့မြို့အနယ်နယ်
ပျံ့နှံ့သည့် သတင်းစာ
မြန်မာ့အလင်း
သတင်းစာတွင်
ကြော်ငြာပါ

**မြန်မာ့အလင်း**

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - ဝင်းကျော် |
| သတင်းထောက်ချုပ် | - မြင့်ဆွေ |
| စာတည်းများ | - ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ မြတ်မွန်ထွေး၊ |
| ဘာသာပြန် စာတည်း | - ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်း သတင်းထောက်များ | - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး၊ မီမီဖြိုး |
| ဓာတ်ပုံ သတင်းထောက် | - တင်စိုး |
| သုတေသန | - အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ-** အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

ဥပဒေအတွေးရေးပါရစေ အပိုင်း(၂၄၄)

# ညှဉ်းပန်းနှိပ်စက်မှု



ဦးဟန်ညွန့် (ဥပဒေ)

**မောင်ပျင်းရိ၏ မေးခွန်း**

"ပြီးခဲ့တဲ့အပတ်က တရားစီရင်ရေး၏အင်အား ဆောင်းပါးကို ဖတ်ရပါတယ်။ တစ်ဆက်တည်းပဲ ညှဉ်းပန်းနှိပ်စက်မှုအကြောင်း သိလိုပါတယ်။ အချို့ တရားခံတွေကို ညှဉ်းပန်းနှိပ်စက်ခံရတယ်လို့ သတင်းဂျာနယ်အချို့မှာ ဖော်ပြထားတာတွေ့ရပါတယ်။ ဒါကြောင့် တရားစီရင်ရေးမှာ ညှဉ်းပန်းနှိပ်စက်မှု ရှိနိုင်ပါသလား။ ဆွေးနွေးပြေပါ ဆရာကြီး" ဟု အလုပ်သင်ရှေ့နေ မောင်ပျင်းရိက ဆွေးနွေးမေးမြန်းလာပါသည်။ ထို့ကြောင့် ဤစာကို ရေးပါသည်။

**တရားစွဲဆိုမတင်ပို့မီ**

တရားရုံးသို့ တရားစွဲဆိုမတင်ပို့မီ ဖြစ်စေ၊ တင်ပို့ပြီးနောက်ဖြစ်စေ စွပ်စွဲခံရသူတစ်ဦးဦးအား တရားစွဲအဖွဲ့အစည်းက ညှဉ်းပန်းနှိပ်စက်လေ့ရှိကြောင်း ကြားသိရပါသည်။ မှန်တာလည်း ရှိမည်။ မှားတာလည်း ရှိမည်။ မှန်၊ မမှန်ကတော့ ကာယကံရှင်များသာ သိကြပါလိမ့်မည်။

**ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း (Universal Declaration of Human Rights)**

အပိုဒ်(၁) တွင် "လူသားအားလုံးသည် လွတ်လပ်သူများအဖြစ် မွေးဖွားလာကြပြီး ဂုဏ်သိက္ခာနှင့် အခွင့်အရေးများ တန်းတူရည်တူရှိကြသည်။ လူတို့၌ ဆင်ခြင်တုံတရားနှင့် အမှားအမှန် ဝေဖန်ပိုင်းခြားနိုင်သော အသိဉာဏ်ရှိကြ၍ တစ်ဦးကိုတစ်ဦး ညီရင်းအစ်ကို စိတ်ဓာတ်ဖြင့် ဆက်ဆံကျင့်သုံးသင့်သည်" ဟု ဖော်ပြထားသည်။

အပိုဒ်(၅)တွင် "မည်သူ့ကိုမျှ ညှဉ်းပန်းနှိပ်စက်ခြင်း သို့မဟုတ် ရက်စက်ကြမ်းကြုတ်သော၊ လူမဆန်သော၊ လူ့သိက္ခာညှိုးနွမ်းစေသော ပြုမူဆက်ဆံခြင်း သို့မဟုတ် အပြစ်ဒဏ်ပေးခြင်းမပြုရ" ဟု ဖော်ပြထားသည်။

အပိုဒ်(၉)တွင် "မည်သူ့မျှမတရား ဖမ်းဆီးခြင်း၊ မတရားချုပ်နှောင်ခြင်း၊ မတရားပြည်နှင်ခြင်း မခံစေရ" ဟု ဖော်ပြထားသည်။

အပိုဒ်(၁၀)တွင် "လူတိုင်းသည် ၎င်း၏အခွင့်အရေးနှင့် တာဝန်ရှိမှုများကို အဆုံးအဖြတ်ခံရာတွင်လည်းကောင်း၊ ၎င်းအပေါ် ပြစ်မှုကြောင်းအရ စွပ်စွဲချက်ကို အဆုံးအဖြတ်ခံရာတွင်လည်းကောင်း လွတ်လပ်၍ ဘက်လိုက်မှုမရှိသော တရားရုံးတစ်ရပ်က အများပြည်သူ ရှေ့မှောက်တွင် တရားမျှတစွာ ကြားနာစစ်ဆေးခြင်းကို တန်းတူရည်တူ အပြည့်အဝ ရပိုင်ခွင့်ရှိသည်" ဟုလည်း ဖော်ပြထားသည်။

**ညှဉ်းပန်းနှိပ်စက်မှုဆိုသည်မှာ**

"The United Nations Convention against Torture, 1984" တွင် " ညှဉ်းပန်းနှိပ်စက်မှု ဆိုသည်မှာ လူတစ်ဦးထံမှဖြစ်စေ၊ သက်ဆိုင်သူ တစ်ဦးထံမှဖြစ်စေ သတင်း သို့မဟုတ် ဖြောင့်ချက်ရယူရန် ရည်ရွယ်ချက်ဖြင့်သော်လည်းကောင်း၊ လူတစ်ဦး သို့မဟုတ် သက်ဆိုင်သူတစ်ဦးက ကျူးလွန်ခဲ့သော သို့မဟုတ် ကျူးလွန်သည်ဟု သံသယရှိသော ပြုလုပ်မှုအတွက် ထိုသူကို ပြစ်ဒဏ်ပေးသည့်အနေဖြင့် သော်လည်းကောင်း၊ ထိုသူ သို့မဟုတ် သက်ဆိုင်သူတစ်ဦးကို ခြိမ်းခြောက်ခြင်း သို့မဟုတ် အနိုင်အထက် ပြုခြင်းဖြင့်သော်လည်းကောင်း၊ ခွဲခြားဆက်ဆံခြင်း တစ်မျိုးမျိုးအပေါ် အခြေခံသော အကြောင်းတစ်စုံတစ်ရာ အတွက်သော်လည်းကောင်း၊ လူတစ်ဦးတစ်ယောက်ကို စိတ်ပိုင်းဆိုင်ရာ သို့မဟုတ် ရုပ်ပိုင်းဆိုင်ရာ အလွန်အမင်းနာကျင်



ခြင်း သို့မဟုတ် ခံစားရခြင်းဖြစ်စေသည့် ပြုလုပ်မှုတစ်ခုခုဖြစ်ပြီး ယင်းသို့ နာကျင်ခြင်း သို့မဟုတ် ခံစားရခြင်းသည် ပြည်သူ့ဝန်ထမ်းတစ်ဦး သို့မဟုတ် လုပ်ပိုင်ခွင့်ရှိသူနေရာတွင် တာဝန်ယူထားသူ အခြားပုဂ္ဂိုလ်တစ်ဦးကြောင့်ဖြစ်စေ၊ ထိုသူ၏ တိုက်တွန်းမှုကြောင့်ဖြစ်စေ၊ သဘောတူညီမှု သို့မဟုတ် ခွင့်ပြုချက်နှင့်ဖြစ်စေ နာကျင်ခံစားရခြင်းဖြစ်သည်" ဟု အဓိပ္ပာယ် ဖွင့်ဆိုထားပါသည်။

ဤသို့ဆိုလျှင် လူ့အခွင့်အရေး၏ သဘောသဘာဝနှင့် ညှဉ်းပန်းနှိပ်စက်မှုအကြောင်း အကျဉ်းမျှ သိရှိနိုင်ပါပြီ။ ဥပဒေအခွင့်အရေးနှင့် စပ်လျဉ်း၍ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ထုတ်ဝေသော "မျှတသော တရားစီရင်ရေးဆိုင်ရာစံနှုန်းများ" စာစောင်ကို ရည်ညွှန်းကိုးကားလျက် ဆက်လက် ဆွေးနွေးကြဦးစို့။

**ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)**

ပုဒ်မ ၄၄ တွင် " လူ့သိက္ခာညှိုးနွမ်းသေးသိမ်စေသည့်ပြစ်ဒဏ် ပြဋ္ဌာန်းခွင့်မရှိစေရ" ဟု ပြဋ္ဌာန်းထားပါသည်။

**ပြည်ထောင်စုတရားစီရင်ရေးဥပဒေ**

ပုဒ်မ ၃ တွင် တရားစီရင်ရာ၌ အောက်ပါတို့ကို အခြေခံရမည်–

(ဆ) ပြစ်မှုကျူးလွန်သူကို အရေးယူအပြစ်ပေးရာတွင် အကျင့်စာရိတ္တပြုပြင်မှုကို ဦးတည်ရေးဟု ဖော်ပြထားပါသည်။

**မြန်မာနိုင်ငံရဲတပ်ဖွဲ့ စည်းကမ်းထိန်းသိမ်းရေးဥပဒေ**

ပုဒ်မ ၁၇ တွင် ဤဥပဒေကို လိုက်နာရသူတစ်ဦးသည်–

(က) ဥပဒေအရ၊ ဖမ်းဆီးခွင့်မရှိသူအား အကြောင်းမဲ့ ဖမ်းဆီးထားလျှင်၊ ချုပ်နှောင်ထားလျှင် သို့မဟုတ် ထိုသူ၏ အမှုကို စုံစမ်းစစ်ဆေးရန်အတွက် ဆိုင်ရာအာဏာပိုင်ထံ တင်ပြရန် ပျက်ကွက်လျှင်၊

(ဂ) အကျဉ်းသား၊ အချုပ်သားတစ်ဦးက အခြားသူတစ်ဦးအား ရိုက်ပုတ်ရန် သို့မဟုတ် အခြားနည်းအားဖြင့် ညှဉ်းပန်းနှိပ်စက်ရန် ခိုင်းစေလျှင်၊ ထိုသို့ ပြုလုပ်နေသည်ကို သိလျက်နှင့် ဟန့်တားရန် သို့မဟုတ် အရေးယူရန် ပျက်ကွက်လျှင်၊

(ဆ) အကျဉ်းသား၊ အချုပ်သား သို့မဟုတ် ဖမ်းဆီးထားသူတစ်ဦးအား ရိုက်ပုတ်လျှင် သို့မဟုတ် အခြားနည်းဖြင့် ညှဉ်းပန်းနှိပ်စက်လျှင်၊ ရဲတရားရုံးက ပြစ်မှုထင်ရှား စီရင်သောအခါ ၃ နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ဤဥပဒေတွင် ဖော်ပြထားသည့် လျော့သော ပြစ်ဒဏ်ဖြစ်စေ ထိုက်သင့်စေရမည် ဟု ဖော်ပြထားသည်။

**ရာဇသတ်ကြီး**

ပုဒ်မ ၃၃၀ တွင် "အပြုခံရသူထံမှဖြစ်စေ၊ အပြုခံရသူနှင့် အကျိုးသက်ဆိုင်သောသူထံမှဖြစ်စေ၊ ပြစ်မှု သို့တည်းမဟုတ် အကျင့်ပျက်ပြားမှုပေါ်စေနိုင်သော ဖြောင့်ချက်ကို သို့တည်းမဟုတ် ထိုသို့သော သတင်းပေးချက်ကို ခြောက်လှန့်၍ တောင်းရန်သော်လည်းကောင်း၊ အပြုခံရသူအား သို့တည်းမဟုတ် အပြုခံရသူနှင့် အကျိုးသက်ဆိုင်သူအား ပစ္စည်းကိုဖြစ်စေ၊ အဖိုးတန်စာတမ်းအမှတ်အသားကိုဖြစ်စေ၊ ပြန်ပေးအောင် သို့တည်းမဟုတ် ပြန်ပေးစေအောင် သို့တည်းမဟုတ် တောင်းဆိုချက်ကို ဖြစ်စေ၊ လိုလားချက်ကိုဖြစ်စေ ပေးအောင် သို့တည်းမဟုတ် ပစ္စည်းကိုဖြစ်စေ အဖိုးတန်စာတမ်း အမှတ်အသားကိုဖြစ်စေ၊ ပြန်ရစေနိုင်သော သတင်းကိုပေးအောင် အတင်းအဓမ္မပြုစေရန်သော်လည်းကောင်း မည်သူမဆို မိမိအလိုအလျောက်နာကျင်စေမှုကိုပြုလျှင်" ဟုဖော်ပြပြီး။

ပုဒ်မ ၃၃၁ တွင် " အပြုခံရသူထံမှဖြစ်စေ၊ အပြုခံရသူနှင့် အကျိုးသက်ဆိုင်သောသူထံမှဖြစ်စေ ပြစ်မှု သို့တည်းမဟုတ် ကိုယ်ကျင့်ပျက်ပြားမှုပေါ်စေနိုင်သော ဖြောင့်ချက်ကို သို့တည်းမဟုတ် ထိုသို့သောသတင်းပေးချက်ကို ခြောက်လှန့်၍ တောင်းရန်သော်လည်းကောင်း၊ အပြုခံရသူအား သို့တည်းမဟုတ် အပြုခံရသူနှင့် အကျိုးသက်ဆိုင်သူအားပစ္စည်းကိုဖြစ်စေ၊ အဖိုးတန်စာတမ်းအမှတ်အသားကိုဖြစ်စေ ပြန်ပေးအောင် သို့တည်းမဟုတ် ပြန်ပေးစေအောင် သို့တည်းမဟုတ် တောင်းဆိုချက်ကိုဖြစ်စေ၊ လိုလားချက်ကိုဖြစ်စေ ပေးအပ်အောင် သို့တည်းမဟုတ် ပစ္စည်းကိုဖြစ်စေ၊ အဖိုးတန် စာတမ်း၊ အမှတ်အသားကိုဖြစ်စေ ပြန်ရစေနိုင်သော သတင်းကိုပေးအောင် အတင်းအဓမ္မပြုစေရန်သော်လည်းကောင်း မည်သူမဆို မိမိ အလိုအလျောက် အပြင်းအထန်နာကျင်စေမှုကို ပြုလျှင် ဟု ဖော်ပြထားပါသည်။

**ကလေးသူငယ်ဥပဒေ**

ပုဒ်မ ၃၇(ဂ) တွင် " ရဲအရာရှိ သို့မဟုတ် အရေးယူပိုင်ခွင့်ရှိသူသည် ပြစ်မှုကျူးလွန်ကြောင်း စွပ်စွဲခံရသော ကလေးသူငယ်ကို ဖမ်းဆီးလျှင် နှိပ်စက်ညှဉ်းပန်းခြင်း၊ ခြိမ်းခြောက်ခြင်းမပြုရ" ဟု လည်း ဖော်ပြထားပါသည်။

**စေတနာ**

ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် စပ်လျဉ်းသည့် ဥပဒေများအကြောင်း လက်လှမ်းမီသမျှ ရည်ညွှန်းကိုးကားပြီး တွေးခေါ်စဉ်းစားမိသော ကျွန်ုပ်တော်၏စေတနာ ဥပဒေအတွေးမျှသာပါ . . .။ ။

**"အပိုဒ်(၁) တွင် "လူသားအားလုံးသည် လွတ်လပ်သူများအဖြစ် မွေးဖွားလာကြပြီး ဂုဏ်သိက္ခာနှင့် အခွင့်အရေးများ တန်းတူရည်တူရှိကြသည်။ လူတို့၌ ဆင်ခြင်တုံတရားနှင့် အမှား အမှန်ဝေဖန် ပိုင်းခြားနိုင်သော အသိဉာဏ်ရှိကြ၍၊ တစ်ဦးကိုတစ်ဦး ညီရင်းအစ်ကို စိတ်ဓာတ်ဖြင့် ဆက်ဆံကျင့်သုံးသင့်သည်" ဟု ဖော်ပြထားသည်"**

# ကမ္ဘာ့မြေဆီလွှာနေ့အခမ်းအနားနှင့် မြေနှင့် ရေပြခန်းဖွင့်လှစ်ပွဲကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၆**

နှစ်စဉ် ဒီဇင်ဘာ ၅ ရက်တွင်ကျရောက်သော ကမ္ဘာ့မြေဆီလွှာနေ့ ဂုဏ်ပြုအခမ်းအနားကို ယမန်နေ့ကစိုက်ပျိုးရေးသုတေသနဦးစီးဌာန နဝရတ်ခန်းမ၌ Virtual Meeting စနစ်ဖြင့် ကျင်းပသည်။

စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာနိုင်ကြည်ဝင်းနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန့်လွင်ဦးက အမှာစကားပြောကြားကြသည်။ ယင်းနောက် မြေဆီလွှာ၊ ရေအသုံးချရေးနှင့် စိုက်ပျိုးရေးအင်ဂျင်နီယာဌာနခွဲ ညွှန်ကြားရေးမှူး ဒေါက်တာစုစုဝင်းက ကမ္ဘာ့မြေဆီလွှာနေ့ သမိုင်းကြောင်းနှင့် မြေနှင့် ရေပြခန်းထားရှိရခြင်းအကြောင်းတို့ကို ရှင်းလင်းပြောကြားသည်။

ကမ္ဘာ့မြေဆီလွှာနေ့ ဂုဏ်ပြုအခမ်းအနားတွင် မြေဆီလွှာဆိုင်ရာ Geographic Data Base အတွက် ဦးဆောင် ကြိုးပမ်းခဲ့မှုနှင့် Soil and Water Museum ဖွင့်လှစ်နိုင်ရေး စီစဉ်ဆောင်ရွက်ခဲ့မှု၊ Soil Profile များ မြန်မာနိုင်ငံအနှံ့ သွားရောက်ဆောင်ရွက်ခဲ့မှု၊ Soil and Water Museum အတွက် ပါဝင်ဆောင်ရွက်ခဲ့မှု၊ မြေနမူနာယူရန်နှင့် Soil and Water Museum အတွက် လိုအပ်သော ကိရိယာများ၊ ရေ၊ မီးနှင့် ပြခန်းပြင်ဆင်ပေးမှုနှင့် World Soil Day ပန်းချီကားနှင့် မှတ်တမ်းစာအုပ်များ ဖန်တီးမှုတို့အတွက် ဂုဏ်ပြုဆုများချီးမြှင့်သည်။

ထို့နောက် စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ မြေဆီလွှာ၊ ရေအသုံးချရေးနှင့် စိုက်ပျိုးရေးအင်ဂျင်နီယာဌာနခွဲရှိ မြေနှင့် ရေပြခန်းကို ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးနှင့် ညွှန်ကြားရေးမှူးများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြခန်းအတွင်း ခင်းကျင်းပြသထားသော မြေဆီလွှာနှင့် မြေနမူနာဆိုင်ရာ မြေပုံများ၊ ဓာတ်ပုံမှတ်တမ်းများ၊ မြေဆီလွှာတိုက်စားမှု လျော့နည်းရေးအတွက် ပညာပေးပုံစံငယ်များ၊ မြေဆီဓာတ်ခွဲသေတ္တာနှင့် ပညာပေးစာစောင်များ၊ စိုက်ပျိုးရေ၏ အရေးပါပုံ၊ စိုက်ပျိုးရေ အရည်အသွေးထိန်းသိမ်းခြင်းနှင့် ရေချွေတာသုံးစွဲခြင်းဆိုင်ရာ ပညာပေးမှတ်တမ်းနှင့် စာစောင်များအား ကြည့်ရှုအားပေးသည်။

ကမ္ဘာ့မြေဆီလွှာနေ့ကို နှစ်စဉ် ဒီဇင်ဘာ ၅ ရက်အဖြစ် ၂၀၁၂ ခုနှစ်က စတင်သတ်မှတ်ခဲ့ခြင်းဖြစ်ပြီး နှစ်အလိုက် မြေဆီလွှာနေ့ကို ဂုဏ်ပြုသည့် ဆောင်ပုဒ်များထားရှိကာ ကျင်းပခဲ့ခြင်းဖြစ်သည်။ ယခု ၂၀၂၀ ပြည့်နှစ်၊ ကမ္ဘာ့မြေဆီလွှာနေ့ အခမ်းအနား၏ ဆောင်ပုဒ်မှာ "မြေဆီလွှာရှိ ဇီဝမျိုးကွဲများကို ကာကွယ်ခြင်းဖြင့် မြေဆီလွှာရှင်သန်မှုကို ထိန်းသိမ်းပါ (Keep Soil Alive, Protect Soil Biodiversity)" ဖြစ်ပြီး စိုက်ပျိုးရေးသုတေသနဦးစီးဌာန၌ မြေနှင့် ရေပြခန်းကို ဂုဏ်ပြုဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

**မေမိုးသဲ**



# အခမဲ့ကုသနိုင်မည့်ဆေးရုံကို တောင်ဒဂုံ၌ တည်ဆောက်မည်

**ရန်ကုန် ဒီဇင်ဘာ ၆**

ပြည်သူများ အခမဲ့ ဆေးကုသနိုင်မည့် ဆေးရုံတစ်ရုံ ကို We Love Yangon အဖွဲ့က ဦးဆောင်၍ ဒဂုံမြို့သစ် တောင်ပိုင်းမြို့နယ်ရှိ မြေအကျယ် ခုနစ်ဧကခွဲပေါ်၌ တည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။

ဆေးရုံတည်ဆောက်မည့် ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်ရှိ မြေ ခုနစ်ဧကခွဲမှာ ရန်ကုန်မြို့တော် စည်ပင်သာယာပိုင်မြေဖြစ်ပြီး ပြည်သူလူထု အလှူငွေများဖြင့် We Love Yangon အဖွဲ့က ဦးဆောင် တည်ဆောက်မည်ဖြစ်ကာ လက်ရှိအချိန်တွင် တည်ဆောက်ရန်အတွက် ဒီဇိုင်းပိုင်း ထွက်ရှိထားပြီဖြစ်ပြီး အမြန်ဆုံး အကောင်အထည်ဖော်နိုင်ရန် ကြိုးစားနေကြောင်း၊ ထို့အပြင် ဆေးဘက်ဆိုင်ရာ ပညာရှင်များနှင့်လည်း ဆွေးနွေးလျက်ရှိကြောင်း သိရသည်။

အဖွဲ့၏ အထွေထွေအတွင်းရေးမှူး ဦးဇော်ဝင်းခိုင်က "အမြန်ဆုံး အကောင်အထည်ဖော်သွားဖို့ ရှိတယ်၊ အခု ကျွန်တော်တို့က ကော်မတီ စဖွဲ့ပြီ၊ ကော်မတီဖွဲ့ပြီးတော့ လုပ်ငန်းတွေစတင်ဖို့အတွက် ဒီဇိုင်းပိုင်းတွေ ကြည့်တယ်၊ တည်ဆောက်ရေးလုပ်ငန်းတွေကို ဒီဇင်ဘာ ၃ ရက်ကပဲ အစည်းအဝေး စလုပ်ကြတယ်"ဟု ပြောသည်။

**ငြိမ်းငြိမ်း**

# ကောလင်းမြို့နယ်မှ မိုးမိသောစပါးခင်းများအတွက် ရိတ်သိမ်းခများ ပုံမှန်ထက်မြင့်တက်ပြီး စက်ငှားရန်လည်း အခက်အခဲဖြစ်နေ

**ကောလင်း ဒီဇင်ဘာ ၆**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ကောလင်း၊ ဝန်းသိုနှင့် ပင်လည်ဘူးမြို့နယ်များ၌ မိုးစပါးများကို စတင်ရိတ်သိမ်းနေကြချိန်တွင် အောက်တိုဘာ ၂၂ ရက်မှ ၂၆ ရက်အထိ မိုးဆက်တိုက်ရွာသွန်းခဲ့မှုကြောင့် စိုက်ပျိုးထားသော ရေမင်းစပါး (ဒေသအခေါ် ကျောက်ဆည်စပါး) ပင်များ လဲကျကာ မြေပြင်သို့ကပ်နေသဖြင့် စပါးပင်များ ရိတ်သိမ်းရန်အတွက် ရိတ်သိမ်းခြွေလှေ့စက်များ ငှားရမ်းရာတွင် ပုံမှန်ငှားခဈေးနှုန်းထက် ထက်ဝက်ခန့် မြင့်တက်နေသလို ရိတ်သိမ်းခြွေလှေ့စက်များ ငှားရမ်းရန်လည်း အခက်အခဲဖြစ်နေကြောင်း သိရသည်။

**ကျောက်ဆည်စပါးများစိုက်ပျိုး**

"ကျွန်တော့် လယ် ကိုးကေလုံး ရေမင်း (ကျောက်ဆည်) စပါးစိုက်ပျိုးထားတာပါ။ စိုက်လာတာ ငါးနှစ်ရှိပြီ။ မနှစ်က ကျောက်ဆည်စပါးက ပေါ်ပေါ်ချင်းကို ငွေကျပ် ရှစ်သိန်း ဈေးရှိပြီး၊ တစ်နှစ်လုံး ထားနိုင်ရင် ငွေကျပ် ၁၃ သိန်း၊ ငွေကျပ် ၁၄ သိန်း ဈေးအထိ ရောင်းရလို့ ဒီနှစ် ကျွန်တော်တို့တိုက်နယ် တစ်ကွင်းလုံး ကျောက်ဆည်စပါးတွေချည်း စိုက်ပျိုးကြပါတယ်။ ဒီနှစ်မှ ဝါကထပ်၊ မိုးကကောင်းလို့ စိုက်ထားတဲ့ စပါးပင်တွေ ယိုင်လဲခဲ့တယ်။ အပင်တွေ ယိုင်လဲခဲ့တော့ အောက်ပိုင်းက စက်တွေကလည်း မရိတ်ချင်ကြတော့ဘူး။ ကျွန်တော်တို့ကတော့ တစ်ဧက ငွေကျပ် ၆၀၀၀၀၊ ငွေကျပ် ၇၀၀၀၀ လည်း ရိတ်ရမှာပါ။ အခုက စပါးရိတ်စက်ကို ငှားလို့မရသေးတာ။ ဘယ်အချိန်မှ ရိတ်ရ ရိတ်ရ စောင့်ရမှာပေါ့။ ကျွန်တော်တို့ဒေသမှာက ရိတ်ခြွေစက်တွေ အလုံအလောက်မရှိလို့ ဈေးပိုပေးတာတောင် ငှားရမ်းရာမှာ အခက်အခဲများဖြစ်နေပြီး စပါးတွေလေလွင့်ပျက်စီးမှုနှင့် ကြုံတွေ့နေရပါတယ်" ဟု အုပ်ဖို ကျေးရွာမှ တောင်သူ ဦးတင်အောင်က ပြောသည်။

စပါးရိတ်ခြွေစက် အငှားလိုက်သူတစ်ဦးဖြစ်သည့် ဦးဝင်းကျော်ကမူ "ကျွန်တော်ကတော့ ရိတ်သိမ်းခြွေလှေ့ခကို စပါးအထောင်ဆို တစ်ဧက ငွေကျပ် လေးသောင်း၊ အလဲဆို ငွေကျပ် ခြောက်သောင်းနဲ့ အငှားလိုက်ပါတယ်။ လယ်သမားတိုင်းကိုလည်း ရိတ်ပေးချင်ပါတယ်။ ဒီနှစ်မှာ စပါးက အလဲတွေ ချည်းဆိုတော့ တစ်ရက်လုံးရိတ်မှ ခြောက်ဧကလောက်ပဲ ပြီးတာဆိုတော့ လယ်သမားတွေကိုလည်း ရက်ချိန်းမပေးရဲဘူး" ဟု ပြောပြသည်။

**အလုအယက် ငှားရမ်းရ**

ဝန်းသိုမြို့နယ် အောင်းကုန်းကျေးရွာမှ တောင်သူ ဦးထွန်းအောင်ကလည်း "စပါးပင်တွေလဲတာက အတော်ဆိုးပါတယ်။ အခုက မြန်မြန်ရိတ်သိမ်းချင်လို့ စပါးရိတ်သိမ်းခြွေလှေ့စက် ငှားရတာ။ အခြားဒေသတွေက စက်တွေက ကိုဗစ်-၁၉ ကြောင့် အသွားအလာတွေ ကန့်သတ်ထားတဲ့အတွက် အလာနည်းသွားတော့ ပြီးခဲ့တဲ့ နှစ်တွေကလို ငှားချင်တိုင်း ငှားမရဘူး။ ဒေသထဲက စက်တွေပဲ ငှားရတာ။ လယ်သမားတိုင်းကလည်းမြန်မြန်ရိတ်သိမ်းချင်တော့ အလုအယက် ငှားရမ်းရသလို ဖြစ်နေတာ။ အခုဆိုရင် ငှားရမ်းသူတဲ့သူတွေများလို့ အရင်က တစ်ဧကမှ ငွေကျပ် ၄၀၀၀၀၊ အခု ငွေကျပ် ၆၀၀၀၀ ဖြစ်နေပြီ။ တချို့ကလည်း ငွေကျပ် ၇၀၀၀၀ ပေးပြီး ရိတ်ကုန်ကြတော့တာ။ တချို့ဆိုရင် စက်ငှားမရတဲ့အဆုံး လူတွေနဲ့ပဲ တစ်ဧက ငွေကျပ် ၅၀၀၀၀ နှုန်းနဲ့ ရိတ်ကုန်ကြပြီ" ဟု ပြောသည်။

လက်ရှိအချိန်တွင် စပါးရိတ်သိမ်းခြွေလှေ့စက်များ ငှားရမ်းရန် ရက်ချိန်းမရသော တောင်သူများအနေဖြင့် လုပ်သားများငှားရမ်း၍ လူအားဖြင့် ရိတ်သိမ်းနေကြကာ လူဖြင့်ရိတ်ခမှာ တစ်ဧကလျှင် ငွေကျပ် ၅၀၀၀၀ ကျသင့်ပြီး ကောက်လှိုင်းစည်းခက တစ်ဧကလျှင် ငွေကျပ် ၅၀၀၀၊ စပါးခြွေလှေ့စက်ငှားခက စပါးတင်း ၁၀၀ လျှင် နှစ်တင်းနှုန်း၊ လုပ်သားငှားရမ်းခက ငွေကျပ် ၁၅၀၀၀ ပေးရသည့်အတွက် ကုန်ကျစရိတ်များစွာ ရှိနေသလို လတ်တလောတွင် စပါး ကိုလည်း ဝယ်ယူမည့်သူမရှိသေး၍ အခက်တွေ့နေကြောင်း သိရသည်။

**မြင့်ထွန်းမင်း(ကောလင်း)**

# မြန်မာ့ဖရဲသီးကို UAE နိုင်ငံဈေးကွက်သို့ ပထမဆုံးအကြိမ် တင်ပို့ရောင်းချမည်

**ရန်ကုန် ဒီဇင်ဘာ ၆**

မြန်မာနိုင်ငံမှ စိုက်ပျိုးထွက်ရှိသည့် ဖရဲသီးကို အာရပ်စော်ဘွားများပြည်ထောင်စုနိုင်ငံ(ဒူဘိုင်း-UAE) သို့ ပထမဆုံးအကြိမ် တင်ပို့ရောင်းချမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဖရဲ၊ သခွားမွှေး စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း ဥက္ကဋ္ဌ ဦးနိုင်ဝင်းထံမှ သိရသည်။

"အခုလာမယ့် ဒီဇင်ဘာ ပထမအပတ်ကစပြီး မြန်မာ့ဖရဲသီးတွေကို ဒူဘိုင်းကို တင်ပို့မှာ ဖြစ်ပါတယ်။ ဒါက အရှေ့အလယ်ပိုင်းဈေးကွက်ကို ပထမဦးဆုံး တင်ပို့တာပါ။ တရုတ်ဈေးကွက်တစ်ခုတည်းကို အားကိုးနေမယ့်အစား ဈေးကွက်သစ်တွေ ဖော်ဆောင်ဖို့ အများကြီး မျှော်လင့်ထားခဲ့ပါတယ်။ မိတ်ဆွေတွေရဲ့ ဝိုင်းဝန်းကူညီမှုနဲ့ အသင်းရဲ့ ကြိုးပမ်းမှုတွေကြောင့် အခုတော့ ဈေးကွက်သစ် ရရှိခဲ့ပါပြီ" ဟု အသင်းဥက္ကဋ္ဌက ပြောသည်။

မြန်မာ့ဖရဲသီးများ ပြည်ပသို့ တင်ပို့ရောင်းချရာတွင် တရုတ်နိုင်ငံဈေးကွက်တစ်ခုတည်းကိုသာ အဓိကထား အမှီပြု ရောင်းချနေရသည့်အတွက် ယခု တင်ပို့မှုသည် မြန်မာ့ပထမဆုံး ဖရဲသခွားမွှေး ပို့ကုန်ဈေးကွက်သစ် ဖော်ဆောင်နိုင်မှုလည်း ဖြစ်သည်။ "မြန်မာနိုင်ငံကနေ ဖရဲသီးတွေ တင်ပို့တဲ့အခါ တစ်ပါတည်း သခွားမွှေးသီးတွေကိုလည်း အမြည်းအနေနဲ့ ထည့်ပို့ပေးလိုက်ဖို့ စီစဉ်ထားပါတယ်။ ဒီတစ်ကြိမ်မှာ ဒူဘိုင်းကိုတင်ပို့တာ အဆင်ပြေသွားတာနဲ့ ကာတာနိုင်ငံ၊ စင်ကာပူနိုင်ငံတွေကို ဆက်ပြီးတော့ တင်ပို့သွားဖို့ စီစဉ်မှာပါ" ဟု ဥက္ကဋ္ဌက ဆက်ပြောသည်။ ပထမဆုံးအနေဖြင့် ဒီဇင်ဘာ ၆ ရက်တွင် အစေ့မဲ့ဖရဲအမျိုးအစား ဖရဲသီး ၂၅ တန်ကို တင်ပို့မည်ဖြစ်သည်။ **နန်းထက်ထက်ချစ်**

# မကွေးတိုင်းဒေသကြီး၌ ဆောင်းမြေပဲများပေါ်ချိန် ကိုဗစ်-၁၉ ကာလဖြစ်သော်လည်း ဈေးကွက်တည်ငြိမ်နေ

**မကွေး ဒီဇင်ဘာ ၆**

မကွေးတိုင်းဒေသကြီး၌ ဆောင်းမြေပဲများ ပေါ်ချိန်ကာလဖြစ်၍ ကျေးလက်ဒေသများမှ ထွက်ကုန်များကို နီးစပ်ရာမြို့များသို့ တင်ပို့ရောင်းချနေကြပြီး သီးနှံဈေးကွက်မှာ ကိုဗစ်-၁၉ ရောဂါကာလ ဖြစ်သော်လည်း အတက်အကျ သိပ်မရှိဘဲ တည်ငြိမ်လျက်ရှိကြောင်း တိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း တာဝန်ရှိသူထံမှ သိရသည်။

မြေပဲဆံအနီ တစ်ပိဿာလျှင် ငွေကျပ် ၃၀၀၀ နှင့် ငွေကျပ် ၃၁၅၀ ကြား၊ ပဲဆံအဖြူ တစ်ပိဿာလျှင် ငွေကျပ် ၂၇၀၀ နှင့် ငွေကျပ် ၂၈၅၀ ကြား ရှိနေပြီး အတက်အကျမရှိဘဲ ဈေးကွက်၌ ပဲဆံအရည်အသွေးအပေါ်မူတည်၍ အရောင်းအဝယ် ဖြစ်နေကြသည်။

"အထွက်နှုန်းအနေနဲ့ ပြီးခဲ့နှစ်နဲ့ယှဉ်ရင် အနည်းငယ် လျော့နိုင်ပါတယ်။ ဈေးကွက်ကတော့ တရုတ်ဝယ်လိုအားအပေါ် မူတည်တာပါ။ တရုတ်ဘက်က ရသလောက် ဝယ်နေတဲ့အတွက် ဈေးကွက်ငြိမ်နေတာ" ဟု မကွေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးဖိုးနီက ပြောသည်။

ပြီးခဲ့သည့်နှစ် ဆောင်းမြေပဲရာသီက မြေပဲဆံတစ်တင်း စိုက်ပျိုးလျှင် မြေပဲတောင့် တင်း ၄၀ ခန့် အထွက်နှုန်းရှိခဲ့သော်လည်း ယခုနှစ် မိုးနှောင်းကာလ၊ ဆောင်းမြေပဲစိုက်ပျိုးချိန်တွင် မြေပဲပင်များ အစွယ်ချ၊ ဥဥချိန်က မိုးခေါင်ခဲ့ခြင်းကြောင့် တင်း ၂၀ နှင့်အောက်သာ အထွက်နှုန်းရှိခဲ့ကြောင်း အုန်းပင်စုကျေးရွာနေ ဒေါ်မိုးမိုးက ပြောသည်။

မကွေးတိုင်းဒေသကြီးတွင် ၂၀၂၀-၂၀၂၁ ခုနှစ်က ဆောင်းမြေပဲစိုက်ဧကတစ်သိန်းကျော် လျာထားစိုက်ပျိုးခဲ့ပြီး မြေပဲ၊ နှမ်း၊ နေကြာ၊ ပန်းနှမ်း၊ မုန်ညင်း စသည့် ဆီထွက်သီးနှံ စိုက်ဧကပေါင်း ၂၇၀၀၀၀ ကျော် စိုက်ပျိုးနိုင်ရန် လျာထားလုပ်ဆောင်လျက်ရှိကြောင်း တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန၏ မှတ်တမ်းအရ သိရသည်။

**ဇေယျတု(မကွေး)**

# ကြို့ပင်ကောက်မြို့၌ ကြံသကာဈေးကောင်းရ၍ ကြံစိုက်တောင်သူများ အဆင်ပြေလျက်ရှိ

**ကြို့ပင်ကောက် ဒီဇင်ဘာ ၆**

ယခုနှစ်တွင် ကြံသကာများ ဈေးကောင်းရနေ၍ ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့ မယင်းချောင်းခွ အုပ်စု ရန်ကြီးအောင်ကျေးရွာမှ ကြံစိုက်တောင်သူများအနေဖြင့် စီးပွားရေးအဆင်ပြေလျက်ရှိကြောင်း သိရသည်။

ကြံသည် တစ်နှစ်လျှင် တစ်ကြိမ်သာပေါ်သော သီးနှံဖြစ်သော်လည်း စပါးနှင့် ပဲစိုက်ပျိုးရေးလုပ်ငန်းများထက် အမြတ်ငွေ ပိုမိုရရှိကြောင်း၊ ကြံတစ်ဧကလျှင် အရင်း ငွေကျပ် ၁၁ သိန်းခန့် ကုန်ကျပြီး ကြံပေါ်ချိန်တွင် တစ်ဧကလျှင် ငွေကျပ် ၂၇ သိန်းခန့်အထိ ရရှိကြောင်း၊ အများဆုံးစိုက်ပျိုးသော ကြံအမျိုးအစားမှာ ကြံသကာချက်လုပ်သော ချက်ကြံဖြစ်ပြီး ကြံစိုက်တောင်သူများကိုယ်တိုင် ကြံသကာချက်၍ လက်လီလက်ကား ရောင်းချခြင်း၊ ဒိုင်သို့ပေးပို့ ရောင်းချခြင်းများကိုလည်း လုပ်ကိုင်နေကြကြောင်း၊ ကြံသကာတစ်ပိဿာလျှင် ငွေကျပ် ၁၃၀၀ ခန့်ဖြင့် ဒိုင်များက ကောက်ယူပြီး ချက်ဖိုများတွင် လက်လီရောင်းချပါက တစ်ပိဿာလျှင် ငွေကျပ် ၁၅၀၀ နှုန်း ရောင်းချရကြောင်း ကြံစိုက်တောင်သူ ဦးမင်းနိုင်က ပြောသည်။

ကြို့ပင်ကောက် တစ်မြို့နယ်လုံးတွင် ကြံစိုက်ဧက ၆၀ ခန့်သာရှိနေသေးကြောင်း၊ ကြံသီးနှံသည် အရင်းနည်း၍ အကျိုးအမြတ် ပိုမိုရရှိခြင်းကြောင့် တောင်သူများ စိုက်ပျိုးသင့်သော သီးနှံဖြစ်ကြောင်း၊ စိုက်ပျိုးလိုသော တောင်သူများကိုလည်း မျိုးကောင်းမျိုးသန့်ရရှိရေးနှင့် စိုက်ပျိုးနည်းပညာ ရရှိရေးတို့အတွက် ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးမောင်မောင်ဌေးက ပြောသည်။

**ဇေယျာထွန်း(ကြို့ပင်ကောက်)**



# မယ်စဲ့မြို့နယ်တွင် ကြက်သွန်ဖြူ ဈေးနှုန်းမကောင်း၍ ဆောင်းသီးနှံ နှမ်းကို စတင်စမ်းသပ်စိုက်ပျိုး

**မယ်စဲ့ ဒီဇင်ဘာ ၆**

ကယားပြည်နယ် မယ်စဲ့မြို့နယ်တွင် ကြက်သွန်ဖြူများ ဈေးနှုန်းမကောင်းသဖြင့် ဆောင်း သီးနှံနှမ်းကို စတင်စမ်းသပ်စိုက်ပျိုးရန်အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်း၍ နမ့်မန်းကျေးရွာအုပ်စုရှိ တောင်သူတစ်ဦး၏ လယ်မြေသုံးကေ၌ မြေပြုပြင်ခြင်းများ စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



"မယ်စဲ့မြို့နယ်မှာ ဆောင်းသီးနှံအဖြစ် အဓိကအားထား စိုက်ပျိုးလေ့ရှိတဲ့ ကြက်သွန်ဖြူဟာ ဒီနှစ်မှာ ကိုဗစ်-၁၉ ကြောင့် နယ်စပ်ဂိတ်တွေ ပိတ်ထားပြီး ဝယ်ယူသူမရှိတဲ့အတွက် ဈေးနှုန်းလည်းမရပါဘူး။ ဒါကြောင့် ပြည်တွင်းက ဝယ်လိုအားများတဲ့ ဆောင်းသီးနှံ နှမ်းကို စိုက်ပျိုးသွားနိုင်ဖို့ ရည်ရွယ်ပြီး စမ်းသပ်လုပ်ဆောင်တာပါ" ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ လက်ထောက်ဦးစီးမှူး ဦးဖြိုးဝေလွင်က ပြောသည်။

စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဆောင်းသီးနှံများဖြစ်သော နေကြာ၊ ပဲပုပ်၊ ကြက်သွန်ဖြူ စံပြကွက်များကို တောင်သူများနှင့် ချိတ်ဆက်စိုက်ပျိုးနိုင်ရေး ဆောင်ရွက်လျက်ရှိပြီး ဆောင်းသီးနှံ စံပြကွက်များ၊ စမ်းသပ်ကွက်များအတွက် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက နည်းပညာများ ပံ့ပိုးပေးသကဲ့သို့ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးနှင့် မှိုသတ်ဆေးများကိုလည်း အခမဲ့ ဖြန့်ဖြူး ထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။

**ဝတ်ရည်(ပြန်/ဆက်)**

# နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ ကျေးရွာများတွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ၄၆ ခု ဆောင်ရွက်မည်

**လဟယ် ဒီဇင်ဘာ ၆**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ လဟယ်၊ လေရှီး၊ နန်းယွန်းမြို့နယ်များအတွင်းရှိ ကျေးရွာများတွင် ၂၀၂၀ -၂၀၂၁ခု ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးအစိုးရ ခွင့်ပြုရန်ပုံငွေနှင့် ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေကျပ် ၇၈၄ ဒသမ ၀၁၂ သန်းကျော် အသုံးပြုကာ ကျေးရွာ ၄၆ ရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း နာဂဒေသကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ယခုဘဏ္ဍာနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေကျပ် ၅၅၃ ဒသမ ၈၄၅ သန်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေကျပ် ၂၃၀ဒသမ ၁၆၇ သန်းဖြင့် စိမ့်စမ်းရေးသွယ်တန်းခြင်းလုပ်ငန်း ၁၈ ခု၊ ကျေးလက်ကုန်ထုတ်လမ်းတစ်ခု၊ ကျေးလက်ရုံးအဆောက်အအုံတစ်ခု၊ ရုံးအဝင်လမ်းတစ်ခု၊ မြေထိန်းနံရံ တည်ဆောက်ခြင်းလုပ်ငန်း နှစ်ခု၊ ကျေးလက်စံပြအိမ်ရာ တည်ဆောက်ခြင်းလုပ်ငန်း ၂၃ ခုတို့ကို အကောင်အထည်ဖော်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ လက်ရှိအချိန်မှာတော့ လုပ်ငန်းများစတင်ဆောင်ရွက်နိုင်ရေး တင်ဒါအောင်မြင်ပြီးဖြစ်သောလုပ်ငန်းများကို ကုမ္ပဏီများဖြင့် စာချုပ်ချုပ်ဆိုပြီးဖြစ်ကြောင်း နာဂဒေသ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဒေသဦးစီးမှူး ဦးဝင်းနိုင် ပြောပြချက်အရ သိရသည်။

**စိုးမိုးကျော်**

# ကျွန်တော်နဲ့ နိုင်ငံရေးဘောဂဗေဒ



ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်

**ငယ်ငယ်ကတည်းက ကျွန်တော် လေ့လာဆည်းပူးချင်တဲ့ ဘာသာရပ်က နိုင်ငံရေးဘောဂဗေဒဖြစ်တယ်။ နိုင်ငံရေးနဲ့ စီးပွားရေး နယ်ပယ်နှစ်ခုကို ပေါင်းစပ်ပြီး ဆန်းသစ်တဲ့ ဘာသာရပ်။ နိုင်ငံရေးလို့ပြောရင် စီးပွားရေးကို စဉ်းစားဖို့ လိုအပ်သလို စီးပွားရေးကို နိုင်ငံရေးနဲ့ ခွဲခြားလို့ မရနိုင်ပါဘူး။ ကျွန်တော် ပထမနှစ်နဲ့ ဒုတိယနှစ် ဥပစာဝိဇ္ဇာတန်း တက်နေစဉ် ဘောဂဗေဒဘာသာကို သင်ကြားခွင့်ရခဲ့တယ်။ ခေတ်သစ် စီးပွားရေးပညာကို ဖော်ထုတ်တဲ့ ပညာရှင် အာဒမ်စမစ်ဟာ နိုင်ငံများ၏နိုင်ငံရေးဘောဂဗေဒ ခေါင်းစဉ်နဲ့ စာအုပ်ကို ရေးသားထုတ်ဝေခဲ့ပါတယ်။ သူ့ရဲ့စာအုပ်ဟာ စီးပွားရေးပညာသင်ယူတဲ့ ကျောင်းသားတွေအတွက် ကျမ်းကိုးဖြစ်ပြီး မဖတ်မနေရ စာအုပ်တစ်အုပ် ဖြစ်ပါတယ်။**

တစ်ဖက်မှာလည်း ဆိုရှယ်လစ်၊ ကွန်မြူနစ်စနစ်နဲ့ ပတ်သက်ပြီး နာမည်ကျော် ဂျာမန်ပညာရှင်ကြီး ကား(လ်) မတ်(စ်)က အရင်းအနှီးဆိုတဲ့အမည်နဲ့ သမိုင်းဦးဘုံမြေစနစ်မှ စက်မှုတော်လှန်ရေး ခေတ်ပြောင်းလဲမှုတွေကို နိုင်ငံရေးရှုထောင့်၊ စီးပွားရေးရှုထောင့်မှ လေ့လာသုတေသနလုပ်ပြီး စာအုပ်ထုတ်ဝေခဲ့ပါတယ်။ လက်ဝဲ နိုင်ငံရေးသမားတွေအတွက် လက်စွဲစာအုပ်တစ်အုပ် ဖြစ်ပါတယ်။ ကျွန်တော် တက္ကသိုလ်တက်နေတဲ့ အချိန်ကာလဟာ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီကာလ ဖြစ်တာကြောင့် "အညမည"နဲ့ ကြီးပြင်းလာခဲ့တယ်။ အမှန်တော့ ဒီသဘောတရားတွေဟာ လက်ဝဲဝါဒကို အခြေပြုခြင်းဖြစ်ပါတယ်။ အခြေခံတစ်ခု အနေနဲ့ အရင်းရှင်စီးပွားရေးစနစ်ကို လက်မခံဘဲ နိုင်ငံတစ်နိုင်ငံရဲ့ စီးပွားရေးကို အစိုးရက စီမံအုပ်ချုပ်ရမယ်ဆိုတဲ့ အယူအဆနဲ့ လှုပ်ရှားတာဖြစ်တယ်။ ဒါကြောင့်လည်း ပုဂ္ဂလိကလုပ်ငန်းတွေကို ပြည်သူပိုင် သိမ်းပိုက်ခဲ့တယ်။ ပြည်သူပိုင်ဆိုတာ အလွန်နှစ်သက်ဖွယ်ကောင်းတဲ့ အသုံးအနှုန်းဖြစ်ပါတယ်။ တကယ်စင်စစ်မှာတော့ စီးပွားရေးအဖွဲ့အစည်းတွေကို အုပ်ချုပ်ရေးပုံစံနဲ့ စီမံဆောင်ရွက်ခြင်းဖြစ်တယ်။ နိုင်ငံတော်ရဲ့ စီးပွားရေးယန္တရားကို အစိုးရက ချုပ်ကိုင်စီမံပြီး ရတဲ့ အကျိုးအမြတ်တွေကို ပြည်သူ့အကျိုးအတွက် မျှဝေသုံးစွဲခြင်းဖြစ်ပါတယ်။ အင်မတန်မှ သင့်မြတ်တဲ့အရာဖြစ်ပေမယ့် လက်တွေ့မှာ စီမံခန့်ခွဲမှု အားနည်းချက်တွေကြောင့် ပြည်သူပိုင်လုပ်ငန်းအားလုံး အရှုံးပေါ်ပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်စေခဲ့ပါတယ်။

### ကိုလိုနီခေတ် မြန်မာ့စီးပွားရေး

လွတ်လပ်ရေးမရမီ ကိုလိုနီခေတ်မှာ မြန်မာနိုင်ငံရဲ့ စီးပွားရေးကို နိုင်ငံခြားသားတွေဖြစ်တဲ့ အင်္ဂလိပ်တွေ၊ ပြင်သစ်တွေ၊ ဂျာမနီတွေက စိုးမိုးခဲ့ပါတယ်။ တစ်ဖက်မှာလည်း အိန္ဒိယနဲ့ တရုတ်နိုင်ငံသားတွေဟာ တွင်တွင်ကျယ်ကျယ် ပါဝင်ခဲ့တယ်။ ယခု မဟာဗန္ဓုလပန်းခြံအနီးမှာရှိတဲ့ ကိုလိုနီခေတ် အဆောက်အအုံတွေဟာ နိုင်ငံသားပိုင်တဲ့ ဘဏ်တွေဖြစ်တယ်။ ရန်ကုန်မြို့ဟာ တစ်ချိန်တုန်းက အရှေ့တောင်အာရှမှာ စီးပွားရေးအရ အထင်ရှားဆုံးမြို့တစ်မြို့ ဖြစ်ခဲ့တယ်။ ရန်ကုန်ဆိပ်ကမ်းက တစ်ဆင့် ခရီးသည် အဝင်အထွက် အရေအတွက်ဟာ အမေရိကန်နိုင်ငံ နယူးယောက်မြို့မှာရှိတဲ့ အရေအတွက်ထက် များကြောင်း သမိုင်းအထောက်ထားတွေ ရှိခဲ့တယ်။ ယခု ရောဝတီဘဏ်ရုံးချုပ် အဆောက်အအုံဟာ စစ်မဖြစ်မီကာလက အရှေ့တောင်အာရှမှာ အစောဆုံး ဖွင့်လှစ်ခဲ့တဲ့ ခေတ်မီကုန်စုံဆိုင် ရိုးကုမ္ပဏီ ဖြစ်ပါတယ်။

လယ်ယာစိုက်ပျိုးရေးကဏ္ဍမှာလည်း လယ်လုပ်သားတွေကို အိန္ဒိယနိုင်ငံမှတစ်ဆင့် ခေါ်ယူပြီး အလုပ်လုပ်စေခဲ့တယ်။ တောင်သူလယ်သမားများ လိုအပ်တဲ့ ချေးငွေတွေကိုလည်း အိန္ဒိယလူမျိုး ချစ်တီးတွေက လက်ဝါးကြီးအုပ်ခဲ့တာဖြစ်တယ်။ အခုလို စီးပွားရေး အဆောက်အအုံတွေဟာ နိုင်ငံခြားသားတွေလက်ထဲ ကျရောက်နေမှုကို နိုးကြားတဲ့ မြန်မာလူထုအနေနဲ့ ခံပြင်းပြီး မကျေနပ်ခဲ့တာကို တွေ့ခဲ့ရပါတယ်။ ဒါကြောင့်လည်း လွတ်လပ်ရေးတိုက်ပွဲဟာ နိုင်ငံရေးလှုပ်ရှား၊ စစ်ရေးလှုပ်ရှားတွေ ဖြစ်ပေမယ့် အခြေခံတစ်ခုကတော့ စီးပွားရေးနဲ့ပတ်သက်ပြီး မကျေနပ်ချက်တွေကြောင့် ဖြစ်တာကို တွေ့ရပါတယ်။

တက္ကသိုလ်ကျောင်းသားများအပါအဝင် လွတ်လပ်ရေးကိုရအောင် တိုက်ပွဲဝင်ဖို့ စဉ်းစားရာမှာ စီးပွားရေးကို မြန်မာလူမျိုးတွေလက်ထဲ ရောက်စေချင်တဲ့ ဆန္ဒဟာ ပြင်းပြလှပါတယ်။ ကိုလိုနီစီးပွားရေးစနစ်ကို တော်လှန်ရုံမက အရင်းရှင်စီးပွားရေးစနစ်ကို လက်မခံလိုတဲ့စိတ်ခံတော်တွေလည်း ရှိခဲ့တယ်။ အရင်းရှင်စနစ်ရဲ့ ဆန့်ကျင်ဘက်ဟာ ဆိုရှယ်လစ်စနစ်၊ ကွန်မြူနစ်စနစ် ဖြစ်ပါတယ်။

### ဖဆပလခေတ် မြန်မာ့စီးပွားရေး

ပညာတတ် လူငယ်တွေဟာ နဂါးနီ စာဖတ်အသင်းမှတစ်ဆင့် အင်္ဂလန်နိုင်ငံကို တော်လှန်တဲ့ အိုင်ယာလန် လှုပ်ရှားမှုတွေကို အားကျခဲ့ပါတယ်။ နိုင်ငံခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းဟာလည်း ကွန်မြူနစ်ပါတီကို တည်ထောင်ခဲ့သူတွေအနက် ပါဝင်ခဲ့သူဖြစ်ပါတယ်။ လွတ်လပ်ရေး ရပြီးချိန် စစ်ပြီးကာလ ပျက်စီးယိုယွင်းခဲ့တဲ့ စီးပွားရေးအဆောက်အအုံတွေကိုပြန်လည်ထူထောင်ရေးလုပ်ငန်းတွေ ဆောင်ရွက်ခဲ့တယ်။ ဝန်ကြီးချုပ် ဦးနု ဦးဆောင်တဲ့ ဖဆပလအစိုးရအနေနဲ့ (mixed economy) ရောမွှေတဲ့ စီးပွားရေးပုံစံကို ကျင့်သုံးခဲ့တယ်။ တစ်ဖက်က ပုဂ္ဂလိကကဏ္ဍကို အားပေးခဲ့သလို တစ်ဖက်မှာလည်း နိုင်ငံတော်အစိုးရအနေနဲ့ စီးပွားရေးကဏ္ဍမှာ တက်ကြွစွာ ပါဝင်ခဲ့တာတွေ့ရတယ်။

တိုင်းပြည် တိုးတက်ဖွံ့ဖြိုးမှုအတွက် ပြည်တော်သာ စီမံကိန်းကို ရေးဆွဲခဲ့ပြီး အကောင်အထည်ဖော်ဆောင် ကြိုးစားခဲ့တယ်။ အမှန်တော့ ဒုတိယကမ္ဘာစစ်ပြီးချိန်မှာ ကိုလိုနီလက်အောက်ခံ နိုင်ငံအများစုဟာ လွတ်လပ်ရေးတွေ ရခဲ့တယ်။ နယ်ချဲ့စနစ်ကို တော်လှန်ကြရာမှာ နိုင်ငံရေးဦးတည်ချက် ရှိရုံသာမက စီးပွားရေး ဦးတည်ချက်လည်း ပါရှိခဲ့တယ်။ ဗီယက်နမ်နိုင်ငံမှ ဟိုချီမင်း၊ အင်ဒိုနီးရှားနိုင်ငံမှ ဆူကာနိုတို့ဟာ လွတ်လပ်ရေးတိုက်ပွဲဝင်ခဲ့ကြပြီး ဆိုရှယ်လစ်၊ ကွန်မြူနစ်စနစ်တွေကို လက်ခံခဲ့ပြီး နိုင်ငံရေး၊ စီးပွားရေး ပုံစံတွေကို ဖော်ထုတ်ခဲ့တာဖြစ်တယ်။ စင်ကာပူနိုင်ငံခေါင်းဆောင် လီကွမ်ယူဟာလည်း ဆိုရှယ်လစ်ပါတီဝင်တစ်ဦးဖြစ်တာ တွေ့ရှိရပါတယ်။

၁၉၄၈ ခုနှစ်မှ ၁၉၅၈ ခုနှစ် ၁၀ နှစ်ကာလအတွင်း မြန်မာနိုင်ငံရဲ့စီးပွားရေးဟာ သိသိသာသာ တိုးမြင့်ခဲ့တယ်။ တစ်ဦးကျဝင်ငွေဟာ အင်ဒိုနီးရှားနိုင်ငံထက် လေးဆများခဲ့တယ်။ အမေရိကန် စီးပွားရေးပညာရှင်များရဲ့ သုံးသပ်ချက်အရ အရှေ့တောင်အာရှမှာ ဖွံ့ဖြိုးတိုးတက်မှု အလားအလာအကောင်းဆုံး နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း ကောက်ချက်ချခဲ့တယ်။ ၁၉၅၁ ခုနှစ် ကာလများအတွင်း မြန်မာနိုင်ငံဟာ စစ်ဖြစ်နေတဲ့ ကိုရီးယားနိုင်ငံကို ဆန်များလှူဒါန်းနိုင်ခဲ့တာဖြစ်တယ်။ ၁၉၅၃ ခုနှစ်က ရန်ကုန်မြို့ မင်္ဂလာဒုံ လေယာဉ်ကွင်းအသစ်ဟာ ထိုင်းနိုင်ငံ ဘန်ကောက်မြို့မှာရှိတဲ့ ဒွန်မောင်းလေယာဉ်ကွင်းထက် ထည်ဝါခမ်းနားတာကို တွေ့မြင်ခဲ့ရတယ်။

> **"အများစီးနိုင်တဲ့ ခေတ်မီဘတ်စ်ကားတစ်စီး တင်သွင်းမလား၊ ဇိမ်ခံကားဖြစ်တဲ့ မာစီးဒီးကားသွင်းမလား။ သူ့ရဲ့မေးခွန်းဟာ နိုင်ငံရေးဘောဂဗေဒမေးခွန်းဖြစ်တယ်။ အများပြည်သူတွေ သွားလာရေးအတွက် ဘတ်စ်ကားတွေကို ဦးစားပေးခြင်းမရှိဘဲ တစ်ပတ်နွမ်းကားတွေကို စည်းကမ်းမဲ့ တင်သွင်းခဲ့တာကြောင့် ရန်ကုန်မြို့နဲ့ အခြားမြို့ကြီးတွေမှာ ယာဉ်ကြောပိတ်ဆို့မှုတွေ ရင်ဆိုင်ခဲ့ရတယ်"**

### တော်လှန်ရေးကောင်စီခေတ်

၁၉၆၂ ခုနှစ် နောက်ပိုင်း တော်လှန်ရေးကောင်စီ အာဏာသိမ်းပြီးချိန်မှာ နိုင်ငံစီးပွားရေးနဲ့ ပတ်သက်ပြီး လက်ဝဲအစွန်းရောက် အတွေးအခေါ်နဲ့ စီးပွားရေးကိုဖွင့်ပြီး လှုပ်ရှားလိုတဲ့ အယူအဆ လွန်ဆွဲခဲ့ပြီး လက်ဝဲအစွန်းက အသာစီးရခဲ့တာဖြစ်တယ်။ ဒါကြောင့်လည်း နိုင်ငံရဲ့စီးပွားရေးအဆောက်အအုံများကို တင်းကျပ်စွာ ကိုင်တွယ်ခဲ့တယ်။ ပုဂ္ဂလိက စီးပွားရေးစနစ် ပပျောက်သွားအောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။

နောက်ဆက်တွဲပြဿနာကတော့ မှောင်ခိုစီးပွားရေးစနစ် ပေါ်ပေါက်လာမှုပဲဖြစ်တယ်။ ပြည်သူ့ရဲ့လိုအပ်ချက်တွေကို နိုင်ငံပိုင်လုပ်ငန်းတွေက ဆောင်ရွက်မပေးနိုင်တာမို့ ကွက်လပ်ကို မှောင်ခိုဈေးကွက်နဲ့ ဖြည့်ဆည်းခဲ့တာဖြစ်တယ်။ ဈေးနှုန်းတွေကိုလည်း စီးပွားရေးအခြေခံဖြစ်တဲ့ ရောင်းလိုအားနဲ့ ဝယ်လိုအားတို့ရဲ့ အားမျှခြေအပေါ် အခြေခံခြင်းမရှိဘဲ နိုင်ငံတော်မှာ ကန့်သတ်မှုတွေ ပြုလုပ်ခဲ့တာကြောင့် မှောင်ခိုစနစ်ဟာ ကြီးထွားလာခဲ့တာဖြစ်တယ်။ ၂၅ နှစ်ကျော် ကာလအတွင်း နိုင်ငံစီးပွားရေး အခြေအနေတွေဟာ တဖြည်းဖြည်း ယိုယွင်းလာပြီး ၁၉၈၇ ခုနှစ်မှာ ကမ္ဘာ့အဆင်းရဲဆုံး နိုင်ငံတစ်နိုင်ငံ ဖြစ်လာခဲ့တယ်။

၁၉၈၈ လူထုအုံကြွမှုဟာ နိုင်ငံရေးအပေါ် အခြေခံခဲ့တာ မှန်သော်လည်း စီးပွားရေးပြဿနာတွေ၊ စိန်ခေါ်မှုတွေကြောင့် အရေးအခင်းကြီး ဖြစ်ပေါ်ခဲ့တာ ဖြစ်ပါတယ်။ နိုင်ငံရေးဘောဂကို မျက်ဝါးထင်ထင် ဖော်ညွှန်းခြင်းဖြစ်ပါတယ်။ နိုင်ငံအာဏာကို ၁၉၈၈ ခုနှစ် နိုဝင်ဘာလမှာ သိမ်းပိုက်ပြီး တက်လာတဲ့ (နဝတ)အစိုးရအနေနဲ့ တံခါးဖွင့်စီးပွားရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ခဲ့ပါတယ်။ ဈေးကွက်စီးပွားရေးစနစ်ကို အားပေးခဲ့ပြီး ဆိုရှယ်လစ်စီးပွားရေးစနစ် အဆောက်အအုံတွေကို ရုပ်သိမ်းခဲ့တာတွေ့ရပါတယ်။

### နဝတအစိုးရခေတ်

နိုင်ငံတကာပိတ်ဆို့မှုတွေကြောင့် တစ်ဖက်မှာ စိန်ခေါ်မှုတွေ ကြုံတွေ့ရခဲ့တယ်။ ပြည်တွင်းငြိမ်းချမ်းရေးအတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနဲ့ နားလည်မှုယူပြီး စီးပွားရေးအခွင့်အလမ်းတွေ ပေးခဲ့တယ်။ တစ်ဖက်မှာလည်း ပြည်တွင်းလုပ်ငန်းရှင်များကို မွေးထုတ်ခဲ့တယ်။ အဆက်အသွယ် စီးပွားရေးစနစ်ကို ဖော်ထုတ်ခဲ့တယ်။ ဈေးနှုန်းထိန်းချုပ်တဲ့စနစ်ကို ဖျက်သိမ်းခဲ့ပြီး ဝယ်လိုအားနဲ့ ရောင်းလိုအား ယန္တရားကို အားကိုးခဲ့တယ်။ နိုင်ငံရဲ့ သဘာဝ သယံဇာတတွေကို ဖော်ထုတ်ခွင့်ပြုခဲ့တယ်။ အခုလို ပြောင်းလဲလာတဲ့ အခြေအနေကို အခွင့်အရေးယူပြီး စီးပွားရေးတွေ တည်ဆောက်လာခဲ့တယ်။ မြန်မာပြည်မှာ ကရိုနီစီးပွားရေးစနစ် ပေါ်ပေါက်လာခဲ့တယ်။

ကရိုနီဆိုတဲ့ဝေါဟာရ ခေတ်စားလာတာ ဖြစ်ပါတယ်။ နိုင်ငံတကာမှာ နိုင်ငံရေးဘောဂဗေဒ အမြင်အရ ကရိုနီစီးပွားရေးစနစ်ကို အသက်သွင်းကြတယ်။ ကရိုနီရဲ့ မူရင်းအဓိပ္ပာယ်က မိတ်ဆွေသူငယ်ချင်း။ စီးပွားရေးအခွင့်အလမ်းတွေကို မိမိရင်းနှီးတဲ့သူ၊ မိမိကို ချဉ်းကပ်တဲ့သူတွေကို မျက်နှာလိုက်ပြီး အသာစီးရအောင် ဆောင်ရွက်မှုဖြစ်တယ်။ ကိုယ်နဲ့ပတ်သက်ရာပတ်သက်ကြောင်းတွေကို လက်သိပ်ထိုးပြီး အခွင့်အရေးတွေပေးတာ ဖြစ်တယ်။ ပွင့်လင်းမြင်သာမှု အားနည်းခဲ့တယ်။ ယှဉ်ပြိုင်မှုမရှိသလို ပွင့်လင်းမြင်သာမှု မရှိတဲ့အတွက် "မြေညီကွင်း" မဖြစ်ခဲ့တာကိုလည်း မြင်တွေ့ရတယ်။ စီးပွားရေးသီအိုရီတစ်ခုဖြစ်တဲ့ (rent-seeking)ကို လက်တွေ့ကျင့်သုံးခဲ့တယ်။ ဒီအဖြစ်အပျက်ကို မိမိကိုယ်တွေ့နဲ့ယှဉ်ပြီး တင်ပြနိုင်တယ်။ ၂၀၀၈ ခုနှစ် မြန်မာပြန်ရောက်တဲ့အချိန် အိမ်စီးဖို့ မော်တော်ယာဉ်ဝယ်ဖို့ စဉ်းစားတဲ့အခါ ညီဖြစ်သူက ကားအသစ်ဝယ်ဖို့ တိုက်တွန်းအကြံပေးတယ်။ အစိုးရထုတ်တဲ့ဆူဇူကီး အာရ်ပလပ် အနီရောင်။ အရောင်းပြခန်းမှာ သိန်း ၆၅၀ နဲ့ ဝယ်ခဲ့ရတယ်။ ဒီကားကို ပါမစ်ရှိရင် သိန်း ၁၅၀ ပဲ ကျတာ။ ပါမစ်တွေကို ရောင်းချခွင့်ရှိသူတွေအတွက် အမြတ်အစွန်းက အများကြီး။ ဒါကြောင့်လည်း တစ်ချိန်က မော်တော်ယာဉ်ဈေးတွေဟာ အဆမတန် များခဲ့တာ။ တစ်ဖက်မှာလည်း သစ်တောတွေ၊ သဘာဝသယံဇာတ ပစ္စည်းတွေ အတားအဆီးမရှိ စီးပွားရေးလုပ်ကွက် ပေးခဲ့တယ်။ မြေကြီးတွေကိုလည်း အကွက်တွေရိုက်ပြီး ရောင်းချခဲ့တယ်။

သမ္မတဦးသိန်းစိန်လက်ထက်မှာ ပြုပြင်ပြောင်းလဲမှုတွေ လုပ်ခဲ့တယ်။ စီးပွားရေးနယ်ပယ်တွင်မက အုပ်ချုပ်ရေးနယ်ပယ်မှာလည်း ပြောင်းလဲအောင် ကြိုးစားခဲ့တယ်။ ဆက်သွယ်ရေးကဏ္ဍမှာ အခြေခံကျတဲ့ ခွင့်ပြုချက်တွေ ထုတ်ပေးခဲ့တယ်။ ဒါပေမယ့် စီးပွားရေးမူဝါဒတွေဟာ တည်ငြိမ်မှုမရှိဘဲ မကြာခဏ စိတ်ကူးပေါ်တိုင်း ပြောင်းလဲခဲ့တယ်။ မော်တော်ယာဉ်တင်သွင်းခွင့်ကို ခွင့်ပြုခဲ့တယ်။ ရုတ်တရက်ကြည့်ရင် ကြိုဆိုရမယ့်အရာ ဖြစ်ပေမယ့် မြန်မာပြည်ကိုရောက်လာတဲ့ နိုဘယ်ဆုရပါမောက္ခ စတီဂလစ် ပြောခဲ့တာကို မှတ်မိတယ်။ မော်တော်ယာဉ်တင်သွင်းမှုနဲ့ ပတ်သက်ပြီး ခင်ဗျားတို့မှာ အခြေခံရွေးချယ်မှု ရှိတယ်။ အများစီးနိုင်တဲ့ ခေတ်မီဘတ်စ်ကားတစ်စီး တင်သွင်းမလား၊ ဇိမ်ခံကားဖြစ်တဲ့ မာစီးဒီးကား သွင်းမလား။ သူ့ရဲ့မေးခွန်းဟာ နိုင်ငံရေးဘောဂဗေဒမေးခွန်းဖြစ်တယ်။ အများပြည်သူတွေ သွားလာရေးအတွက် ဘတ်စ်ကားတွေကို ဦးစားပေးခြင်းမရှိဘဲ တစ်ပတ်နွမ်းကားတွေကို စည်းကမ်းမဲ့ တင်သွင်းခဲ့တာကြောင့် ရန်ကုန်မြို့နဲ့ အခြားမြို့ကြီးတွေမှာ ယာဉ်ကြောပိတ်ဆို့မှုတွေ ရင်ဆိုင်ခဲ့ရတယ်။ ပတ်ဝန်းကျင်ညစ်ညမ်းမှုတွေ ဖြစ်ခဲ့ရတယ်။ အခုအချိန်မှာ ဒီကားတွေရဲ့သက်တမ်းဟာ ၁၀ နှစ်ရှိနေပြီး တစ်စတစ်စ ယိုယွင်းလာခဲ့ပြီ။ အမှန်တော့ ဂျပန်ပြည်က ကားအဟောင်းတွေရဲ့ အမှိုက်ပုံကြီးကို ငွေပေးပြီး ကိုယ့်နိုင်ငံကို ရွှေ့လိုက်သလို ဖြစ်နေတာ။

### လက်ရှိအစိုးရ၏ ဆောင်ရွက်ချက်များ

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ ၂၀၁၅ ခုနှစ်မှာ ရွေးကောက်ပွဲအနိုင်ရပြီး တိုင်းပြည်ကို စီမံအုပ်ချုပ်ခဲ့တယ်။ ပြည်တွင်းငြိမ်းချမ်းရေးကို ဦးစားပေး ဆောင်ရွက်ခဲ့တာတွေ့ရတယ်။ စီးပွားရေးကဏ္ဍမှာ ပုဂ္ဂလိကကဏ္ဍ တိုးတက်ဖွံ့ဖြိုးမှုကို ဦးစားပေးပြီး နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုတွေကို ကြိုဆိုခဲ့တယ်။ အောင်မြင်မှုတွေရရှိပေမယ့် ဆက်လုပ်စရာတွေ အများကြီးရှိသေးတယ်။ ရခိုင်ပြည်နယ်မှာ ဖြစ်ပေါ်ခဲ့တဲ့ အခက်အခဲတွေကြောင့် နိုင်ငံခြား ဖိအားပေးမှုတွေ ရင်ဆိုင်ခဲ့ရတယ်။ ခေတ်အဆက်ဆက်က ကိုင်တွယ်ဖြေရှင်းဖို့ ခက်ခဲတဲ့ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများရဲ့ ဝန်ထုပ်ဝန်ပိုးကို ဆက်ပြီး ထမ်းရွက်နေရတယ်။ ကြိုးနီစနစ်ကို လျော့ပါးအောင်လုပ်ဖို့ ကြိုးစားပေမယ့် အရိုးစွဲတဲ့ အလေ့အကျင့်တွေက အမြစ်တွယ်နေတယ်။ ဌာနအချင်းချင်း ညှိနှိုင်းဆောင်ရွက်မှုနဲ့ ဗဟိုနဲ့ ပြည်နယ်၊ တိုင်းဒေသကြီးအကြား ညှိနှိုင်းဆောင်ရွက်ရာမှာ စိန်ခေါ်မှုတွေ ကြုံခဲ့ရတယ်။

၂၀၂၀ ရွေးကောက်ပွဲရလဒ်က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပါတီအပေါ် ပြည်သူတွေရဲ့ ယုံကြည် အားကိုးမှုကို ထင်ရှားစွာပြသခြင်း ဖြစ်တယ်။ မျှော်လင့်ချက်ကြီးကြီးနဲ့ ရွေးချယ်ခဲ့တာဖြစ်တယ်။ နိုင်ငံရေးအရ အခုလို အပြည့်အဝထောက်ခံမှုတွေ ရရှိထားတဲ့အတွက် ဒုတိယသက်တမ်းမှာ ပိုပြီးတာဝန်ကြီးလာတယ်။ ထင်သာမြင်သာတဲ့ရလဒ်တွေ ဖော်ထုတ်နိုင်အောင် ကြိုးစားရမှာဖြစ်တယ်။

ကျွန်တော့်ရဲ့မျှော်လင့်ချက်က Smart Governance ဉာဏ်ရည်ထက်မြက်တဲ့စီမံအုပ်ချုပ်မှုကို ကျင့်သုံးပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး နယ်ပယ်တွေမှာ တွေ့ရတယ်။ ပြည်သူ့ရဲ့ထောက်ခံချက် အပြည့်အဝ ရထားတဲ့အတွက် ရဲရဲဝံ့ဝံ့ ပြတ်ပြတ်သားသား လုပ်နိုင်တဲ့ အခွင့်အရေးကောင်းတွေ ရှိပါတယ်။ ပုဂ္ဂလိက စီးပွားရေးကို လွှတ်ပေးပြီး မကြာမီမှာ အစိုးရအနေနဲ့ လက်မှတ်ထိုးခဲ့တဲ့(RCEP) အခွင့်အလမ်းတွေကို ရနိုင်အောင် ဖော်ထုတ်ရမှာဖြစ်တယ်။ သွက်လက်မြန်ဆန်ပြီး ရလဒ်ကိုအခြေခံတဲ့ စီမံခန့်ခွဲမှုကို ကျင့်သုံးရမှာဖြစ်တယ်။ တော်တဲ့သူ၊ တတ်တဲ့သူ၊ ထူးချွန်တဲ့သူတွေကို ရှေ့တန်းတင်ပြီး ယုံယုံကြည်ကြည်နဲ့ တာဝန်ပေးသွားနိုင်ဖို့ လိုအပ်ပါတယ်။

ကိုဗစ်-၁၉ ရဲ့ အန္တရာယ်ကြီးကိုတော့ လျှော့တွက်လို့ မဖြစ်ပါဘူး။ ကပ်ရောဂါကြီးကြောင့် စီးပွားရေးအခြေအနေတွေဟာ အခက်အခဲမျိုးစုံနဲ့ ရင်ဆိုင်နေကြရတယ်။ လုပ်ငန်းပမာဏ အကြီး၊ အလတ်၊ အသေး အားလုံး ခံစားနေရတယ်။ ဒီစီးပွားရေးလုပ်ငန်းတွေကို နာလန်ထအောင် ဆောင်ရွက်ရုံမက ယခင်ကထက် အောင်မြင်နိုင်ရန် ပံ့ပိုးဖို့ လိုအပ်မှာဖြစ်တယ်။ အထူးသဖြင့် ဒစ်ဂျစ်တယ် နည်းပညာကို အားကိုးတဲ့ စီးပွားရေး အဆောက်အအုံကို ဖော်ထုတ်ရမှာဖြစ်တယ်။

နိုင်ငံရေးဘောဂရှုထောင့်နဲ့ သုံးသပ်တဲ့အခါ မြန်မာနိုင်ငံဟာ အလွန် စိတ်ဝင်စားစရာကောင်းလှတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်တယ်။ ကိုလိုနီ စီးပွားရေးစနစ်၊ အရင်းရှင်စီးပွားရေး စနစ်၊ ဆိုရှယ်လစ် စီးပွားရေးစနစ်၊ တံခါးဖွင့်စီးပွားရေးစနစ် အမည်နာမမျိုးစုံနဲ့ နိုင်ငံ့စီးပွားရေးကို စီမံခဲ့ကြတယ်။ ဒီဆောင်ရွက်မှုတွေရဲ့ရလဒ်ဟာ တန်ဖိုးမဖြတ်နိုင်တဲ့ သင်ခန်းစာတွေ ဖြစ်တယ်။ ဒါကြောင့် ကျွန်တော်တို့အားလုံးဟာ သမိုင်းကို ဂရုစိုက်ဖို့ လိုတယ်။ အတိတ်က ကြုံတွေ့လာခဲ့တာတွေကို သင်ခန်းစာယူတတ်နိုင်ဖို့ လိုအပ်မှာဖြစ်တယ်။ သမိုင်းမသိတဲ့သူတွေမဖြစ်ဖို့ အရေးကြီးလှပါတယ်။ ။

# ရော်ဘာဈေးနှုန်းများ ကျဆင်းနေသဖြင့် မိုးညှင်းမြို့နယ်မှ တောင်သူများ အကျိုးအမြတ်ရရှိမှုနည်းနေ

**မိုးညှင်း ဒီဇင်ဘာ ၆**

ယခုနှစ်အတွင်း ရော်ဘာဈေးနှုန်း ကျဆင်းပြီး လုပ်အားခနှင့် သယ်ယူပို့ဆောင်စရိတ်များမှာမူ မြင့်မားနေသဖြင့် မိုးညှင်းမြို့နယ်အတွင်းရှိ ရော်ဘာစိုက်ပျိုးထုတ်လုပ်သော ခြံပိုင်ရှင် တောင်သူများအနေဖြင့် အကျိုးအမြတ် နည်းပါးနေသော်လည်း ရော်ဘာခြံ ရေရှည်ရပ်တည်နိုင်ရေးအတွက် ရည်ရွယ်လျက် စိုက်ပျိုးထုတ်လုပ်နေရကြောင်း မြို့နယ်အတွင်း ရော်ဘာ စိုက်ပျိုးထုတ်လုပ်နေကြသည့် တောင်သူများထံမှ သိရသည်။

လက်ရှိအချိန်တွင် ရော်ဘာ တစ်ပေါင် ပေါက်ဈေးသည် ကျပ် ၇၅၀ ဝန်းကျင်သာရှိပြီး အစေးခြစ်ထုတ်လုပ်သူ အလုပ်သမားခအတွက် ကျပ် ၃၀၀ ပေးရကာ မန္တလေးအဝယ်ဒိုင်သို့ ပို့ဆောင်စရိတ်များပါ ထည့်တွက်လျှင် ခြံပိုင်ရှင်အနေဖြင့် အကျိုးအမြတ်ရရှိမှု နည်းပါးကြောင်း မိုးညှင်းမြို့နယ် ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်း ဥက္ကဋ္ဌ ဦးဇော်ဘောမ်က ပြောကြားသည်။

"အဓိကကတော့ ကျွန်တော်တို့ဆီကထွက်တဲ့ ရော်ဘာတွေက တရုတ်ပြည်ကို တရားမဝင်လမ်းကြောင်းတွေကနေ သွားနေတော့ ပွဲစားတွေက ဈေးနှိမ်လို့ ဈေးမရတာလို့ ထင်ပါတယ်၊ မနှစ်ကလည်း ဒီလောက်ဈေးပဲ ရခဲ့တယ်၊ အရင် ၂၀၁၄၊ ၂၀၁၅ လောက်ကဆို တစ်ပေါင်ကို ကျပ် ၁၀၀၀ ကျော်လောက် ပေါက်ဈေးရှိခဲ့ဖူးတယ်"ဟု ရော်ဘာ ဧက ၁၀၀ ခန့် စိုက်ပျိုးထားရှိသူ ဦးဇော်ဘောမ်က လက်ရှိ ရော်ဘာဈေးနှုန်းများ ကျဆင်းနေခြင်းနှင့်ပတ်သက်၍ သူ၏အမြင်ကို ဆက်ပြောသည်။

ဒေသခံ ရော်ဘာစိုက်တောင်သူတစ်ဦးဖြစ်သည့် ဦးတိုက်စိန်ကလည်း မိုးညှင်းမြို့နယ်အတွင်း ရော်ဘာအဝယ်ဒိုင်မရှိသဖြင့် သယ်ယူပို့ဆောင်ခများ ကြီးမြင့်နေခြင်းဖြစ်ကြောင်း ပြောသည်။ "ဒီမှာက အဝယ်ဒိုင်မရှိတော့ မန္တလေးကို ပို့ပြီး ရောင်းရတယ်၊ အဲဒီအတွက် ကုန်ကျစရိတ်တွေ ပိုများလာတာပေါ့၊ ဒီခြံကနေ ကားဂိတ်နဲ့ ဘူတာတွေကိုပို့ရင် ရော်ဘာ ပေါင် ၁၁၀ ရှိတဲ့ အထုပ်တစ်ထုပ်ကို ၆၀၀ လောက် ကုန်တယ်၊ အဲဒါဆိုတော့ အခုလက်ရှိပေါက်ဈေးနဲ့ဆို အဆင်မပြေတော့ဘူး"ဟု ကြုံတွေ့နေရသည့် အခက်အခဲကို ဦးတိုက်စိန်က ပြောပြသည်။

လက်ရှိအချိန်တွင် မိုးညှင်းတစ်မြို့နယ်လုံး၌ ရော်ဘာစိုက်ဧကပေါင်း ၅၉၃၈ ဧကရှိပြီး ယမန်နှစ်ကထက် စိုက်ဧက ၄၀၀ ကျော် ပိုများလာကြောင်း မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ စာရင်းဇယားများအရ သိရှိရပြီး မြို့နယ်အတွင်း စိုက်ပျိုးမှုအများဆုံး ရော်ဘာအမျိုးအစားမှာ နောင်နန်း ရော်ဘာအမျိုးအစားဖြစ်ကြောင်း ရော်ဘာစိုက်တောင်သူများထံမှ သိရသည်။

**ကျော်ကျော်ထွေး(မိုးညှင်း)**


## အကြမ်းမဖက်ရ၊ မခြိမ်းခြောက်ရ။

လုံခြုံရေးသည် ကျွန်ုပ်တို့ Facebook ၏ အဓိကဦးစားပေးတာဝန် ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် ရုပ်ပိုင်းဆိုင်ရာ ထိခိုက်မှု သို့မဟုတ် အများပြည်သူ၏ လုံခြုံမှုကို ထိခိုက်နိုင်သည်ဟု ယူဆရသော အကြောင်းအရာကို ဖယ်ရှားပြီး လိုအပ်ပါက သက်ဆိုင်ရာမှ တာဝန်ရှိသူများနှင့် ပူးပေါင်း၍ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။




# မြစ်ကြီးနားမြို့မှ ရေကူးကန်နှင့် ဘက်စုံအားကစားရုပ်ဝန်း တည်ဆောက်ရေးလုပ်ငန်းကို ပြည်နယ်ဝန်ကြီးချုပ် ကွင်းဆင်းစစ်ဆေး

**မြစ်ကြီးနား ဒီဇင်ဘာ ၆**

ကချင်ပြည်နယ်၏မြို့တော် မြစ်ကြီးနားမြို့၌ အားကစားကဏ္ဍပေါင်းစုံ ပါဝင်ပြီး ခေတ်မီသည့် အားကစားရုပ်ဝန်း ပေါ်ပေါက်လာစေရေးအတွက် မြစ်ကြီးနားမြို့ သီတာရပ်ကွက်အတွင်းရှိ ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာနပိုင် ငြိမ်းချမ်းသာယာ အားကစားကွင်း(ကားကြီးကွင်းအဟောင်း)နေရာ၌ တည်ဆောက်မည့် ရေကူးလမ်း ၁၀ လမ်းပါ အလျား ပေ ၁၅၀၊ အနံ ၇၅ ပေရှိ ရေကူးကန် အပါအဝင် ဆက်စပ်လုပ်ငန်းများကို ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်နှင့် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ဒီဇင်ဘာ ၅ ရက်တွင် ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။ (ယာပုံ)



ရေကူးကန်အပါအဝင် သန့်စင်ခန်း၊ နားနေခန်းများ၊ ပွဲကြည့်စင်၊ ဆေးအဖွဲ့၊ ဒိုင်အဖွဲ့၊ ရုံးအဖွဲ့ အခန်းများ ပါဝင်ဖွဲ့စည်းထားသည့် မြန်မာနိုင်ငံ၏ အကြီးဆုံး ရေကူးကန် တည်ဆောက်မည့် အဆိုပါစီမံကိန်းနှင့်အတူ အားကစားနည်းပေါင်းစုံ ပါဝင်ပြီး အားကစားပစ္စည်းဆိုင်ခန်းများနှင့် ဈေးဆိုင်ခန်းများလည်း ပါဝင်မည့် ဘက်စုံ အားကစားရုပ်ဝန်း ဖြစ်လာရန် အကောင်အထည်ဖော် ဆောင်ရွက်မည့် စီမံကိန်း အစီအစဉ်များကို ပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာနမှူး ဦးအောင်သူနှင့် တာဝန်ရှိသူများက ပြည်နယ်ဝန်ကြီးချုပ်အား ရှင်းလင်းတင်ပြခဲ့ကြပြီး ဝန်ကြီးချုပ်က ခေတ်မီ အဆင့်မြင့်သည့် အားကစားရုပ်ဝန်းတစ်ခု အကောင်အထည်ဖော်နိုင်ရေးအတွက် ရှိသည့်မြေနေရာတွင် စနစ်တကျရေးဆွဲ၍ စီမံကိန်းဆောင်ရွက်ရန် ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် ညှိနှိုင်းပေးခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြစ်ကြီးနားမြို့ ကမ်းနားလမ်း၌ တည်ဆောက်လျက်ရှိသည့် ကချင်ပြည်နယ်အစိုးရအဖွဲ့၏ ဧည့်ရိပ်သာ ဆောက်လုပ်ရေးလုပ်ငန်းခွင်ကို သွားရောက်ကြည့်ရှုပြီး အဆောက်အအုံအတွင်း ပါဝင်သည့် အိပ်ခန်းများ၊ ဧည့်ခန်းများ၊ အစည်းအဝေးခန်းမ၊ ဧည့်တွေ့ခန်းမများ၊ ထိန်းချုပ်ခန်းများ၊ မြေယာရှုခင်း အလှဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေကို လိုက်လံကြည့်ရှု စစ်ဆေးခဲ့ကာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြ၍ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်ချက်များကို ညှိနှိုင်းမှာကြားခဲ့သည်။

**ပြည်နယ်(ပြန်/ဆက်)**

# မြေနုကျွန်းအငြင်းပွားမှုဆိုင်ရာ ကိစ္စနှင့်ပတ်သက်၍ ပဲခူးနှင့် ရောဝတီတိုင်းဒေသကြီးမှ ဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ ပြည်မြို့၌ တွေ့ဆုံဆွေးနွေး

**ပြည် ဒီဇင်ဘာ ၆**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်အတွင်း မြေနုကျွန်း အငြင်းပွားမှုဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပဲခူးတိုင်းဒေသကြီးအစိုးရနှင့် ရောဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့တို့မှ ဝန်ကြီးများသည် ပြည်မြို့ရှိ ဆည်မြောင်းတည်ဆောက်ရေး(၂)ရိပ်သာ၌ ဒီဇင်ဘာ ၅ ရက်က တွေ့ဆုံကာ ဆွေးနွေးညှိနှိုင်းမှုများ ဆောင်ရွက်ခဲ့ကြသည်။

မြေနုကျွန်းအငြင်းပွားမှု ကိစ္စရပ်များသည် ပြည်ခရိုင် ရွှေတောင်မြို့နယ်နှင့် ဟင်္သာတခရိုင် ကြံခင်းမြို့နယ်အကြား ရောဝတီမြစ်အတွင်း ပေါ်ထွန်းလေ့ရှိသော မြေနုကျွန်းများနှင့် ပတ်သက်၍ ဖြစ်ပွားခြင်းဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှစ်ခုအတွင်းရှိ ကျေးရွာအုပ်စုများမှ ပြည်သူအချင်းချင်းကြား အငြင်းပွားမှုများ ဖြစ်ပေါ်လေ့ရှိသဖြင့် တိုင်းဒေသကြီးနှစ်ခုမှ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ တွေ့ဆုံညှိနှိုင်း ဖြေရှင်းပေးရခြင်းဖြစ်ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူးနှင့် ရောဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် အုပ်ချုပ်ရေးမှူးတို့က ပြည်ခရိုင် ရွှေတောင်မြို့နယ်နှင့် ဟင်္သာတခရိုင် ကြံခင်းမြို့နယ်အကြား ရောဝတီမြစ်အတွင်း မြေနုကျွန်းများ ပေါ်ထွန်းလာမှု အခြေအနေ၊ အငြင်းပွားမှု ဖြစ်ပွားနေသည့် အခြေအနေများကို ရှင်းလင်းတင်ပြ၍ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တက်ရောက်လာကြသူများက ဆွေးနွေးညှိနှိုင်းကြပြီး ဝန်ကြီးများက ဆောင်ရွက်သွားသင့်သည်များကို ဆွေးနွေးမှာကြားခဲ့သည်။



မြေနုကျွန်းအငြင်းပွားမှုနှင့်ပတ်သက်၍ တိုင်းဒေသကြီးနှစ်ခုမှ ဝန်ကြီးများနှင့် တာဝန်ရှိသူများ တွေ့ဆုံဆွေးနွေးကြစဉ်။

အဆိုပါ ဆွေးနွေးပွဲသို့ ပဲခူးတိုင်းဒေသကြီးဘက်မှ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးအောင်ဇော်နိုင်၊ ရွှေတောင်မြို့နယ် လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူးများ၊ စိုက်ပျိုးရေးဦးစီးဌာနမှူးများ၊ ပြည်ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ခရိုင်/မြို့ နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး ရောဝတီတိုင်းဒေသကြီးဘက်မှ စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးတင်အောင်ဝင်း၊ တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန၊ ဟင်္သာတခရိုင် အုပ်ချုပ်ရေးမှူးနှင့် ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

# လှိုင်ကော်မြို့နယ် ဝါရီကောခူရွာမှ ယာယီ ကုန်တင်ယာဉ်ရပ်နားစခန်းကို လှိုင်ကော်သစ်ဆိပ်သို့ ပြောင်းရွှေ့

**လှိုင်ကော် ဒီဇင်ဘာ ၆**

ကယားပြည်နယ် လှိုင်ကော်မြို့နယ် ဝါရီကောခူကျေးရွာ အထကခွဲကျောင်းဝင်းထဲရှိ ယာယီကုန်တင်ယာဉ်ရပ်နားစခန်းသည် စာသင်ကျောင်းဝင်းအတွင်း ရှိနေသည့်အပြင် ရွာနှင့်ကပ်နေသဖြင့် ဒီဇင်ဘာ ၃ ရက်မှစ၍ လှိုင်ကော်သစ်ဆိပ်သို့ ရွှေ့ပြောင်းထားကြောင်း လှိုင်ကော်ခရိုင် ဒုတိယအုပ်ချုပ်ရေးမှူး ဦးဝင်းကိုကိုက ပြောသည်။

"လှိုင်ကော်သစ်ဆိပ်သို့ ရွှေ့ပြောင်းလိုက်တဲ့ ကုန်တင်ယာဉ်ရပ်နားစခန်းမှာ ၁၀ ပေ ပတ်လည်အကျယ်ရှိတဲ့ နှစ်ယောက်တစ်ခန်း ၂၄ ခန်း ပါတဲ့ အဆောင် သုံးဆောင် အခန်းပေါင်း ၇၂ ခန်း ပြင်ဆင်ထားပြီး လက်ဆေးဘေစင်၊ အိမ်သာ၊ ရေချိုးခန်းနဲ့ မီးအားသွင်းဖို့ အတွက်လည်း အသင့်ပြင်ဆင်ထားတယ်။ နေရာအသစ်မှာ ရွှေ့ပြောင်းလိုက်တာကြောင့် အစားအသောက်အတွက် အဆင်ပြေစေဖို့ သစ်ဆိပ်အပြင်ဘက်မှာ စားသောက်ဆိုင်တစ်ဆိုင်ထားရှိပြီး ဖုန်းဆက်မှာယူနိုင်ဖို့ စီစဉ်ထားတယ်"ဟု ဒုတိယခရိုင်အုပ်ချုပ်ရေးမှူးက ပြောသည်။ ကျောင်းဝင်းအတွင်း ယာယီ ကုန်တင်ယာဉ်ရပ်နားစခန်းအဖြစ် အသုံးပြုခဲ့စဉ် ပျက်စီးမှုအချို့ ရှိခဲ့ခြင်းအတွက်လည်း မူလအနေအထားအတိုင်းဖြစ်အောင် ပြန်လည်ပြုပြင်ပေးသွားမည်ဖြစ်ကြောင်း ၎င်းက ဆက်ပြောသည်။

လှိုင်ကော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးသန်းထွန်းကလည်း "ဟိုဘက်မှာလို ပုံစံအတိုင်းတော့ ဆောက်ထားတယ်။ နေရေးထိုင်ရေးကတော့ ဟိုမှာက ခုတင်တွေဘာတွေ ရှိတယ်။ ဒီမှာလည်း လုပ်ပေးမှာပါ။ ကားသမားတစ်ယောက်က အလွန်ဆုံးနေရတာ သုံးရက်ပဲ။ ခဏတဖြုတ်နေတဲ့ပုံစံမျိုးပဲ ဖြစ်မယ်။ ဟိုတယ်လိုမျိုးတော့ ကျွန်တော်တို့အစိုးရလည်း မတတ်နိုင်ဘူးလေ။ အဆောင်တွေရှေ့မှာ ၆၆၀ လီတာ အမှိုက်ပုံးနှစ်ပုံးစီ ထားရှိပေးမယ်။ အားလုံး ၁၀ ပုံးရှိတယ်။ တစ်ပတ်နှစ်ကြိမ် အမှိုက်သိမ်းတယ်။ ကားသမားတွေကလည်း အမှိုက်ပစ်ရာမှာ စည်းကမ်းလိုက်နာမှု အားနည်းတယ်"ဟု ပြောသည်။

ကယားပြည်နယ်သို့ ကုန်တင်ယာဉ်များ ဝင်ရောက်ရန်အတွက် ပီကင်းကောခူဂိတ်၊ ဆောင်ကန်းဂိတ်နှင့် ထီးစဲခါးဂိတ် သုံးနေရာတွင် အဝင်အထွက်ပေါက်များ ထားရှိပေးထားကာ ဝင်ထွက်သောယာဉ်များမှာ ရန်ကုန်မြို့နှင့် မန္တလေးမြို့မှ ပြေးဆွဲနေသော ကုန်တင်ယာဉ်များက အများဆုံးဖြစ်ကြောင်းနှင့် ပြည်နယ်အတွင်းရှိ ယာယီ ကုန်တင်ယာဉ်ရပ်နားစခန်းများတွင် ပြည်နယ်အစိုးရ အစီအစဉ်ဖြင့် ရေအရင်းအမြစ်က အဝီစိတွင်း တူးဖော်ပေးရန်လည်း စီစဉ်ဆောင်ရွက်ထားပြီးဖြစ်ကြောင်း သိရသည်။

**ကိုစိုင်း(လှိုင်ကော်)**

# ပွင့်ဖြူမြို့နယ် သစ်တောဦးစီးဌာနက ရေဝေရေလဲစိုက်ခင်း ဧက ၃၀ အကောင်အထည်ဖော် စိုက်ပျိုးသွားမည်

**ပွင့်ဖြူ ဒီဇင်ဘာ ၆**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် သစ်တောဦးစီးဌာနအနေဖြင့် မြို့နယ်အတွင်း သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်စေရန်နှင့် သဘာဝတောများ ကောင်းမွန်စေရေးအတွက် ပွင့်ဖြူမြို့နယ် ရွှေစက်တော်ကြိုးဝိုင်း၌ ရေဝေရေလဲစိုက်ခင်း ဧက ၃၀ ကို လာမည့် မိုးရာသီတွင် အကောင်အထည်ဖော် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြို့နယ် သစ်တောဦးစီးဌာနမှူးထံမှ သိရသည်။

ပွင့်ဖြူမြို့နယ် သစ်တောဦးစီးဌာနအနေဖြင့် နှစ်စဉ် မြို့နယ်အတွင်း သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်စေရန်နှင့် သစ်တောများပြုန်းတီးမှုကြောင့် ကြုံတွေ့နေရသည့် သဘာဝဘေးအန္တရာယ်များ လျော့နည်းပပျောက်ကာ သဘာဝသစ်တောများ ပြန်လည်ကောင်းမွန်စိမ်းလန်းစိုပြည်စေရန် ရည်ရွယ်၍ ယူကလစ်၊ ကျွန်း၊ ကံ့ကော် စသည့် အရိပ်ရ ပျိုးပင်များကို ပြည်သူလူထုထံ အခမဲ့ ဖြန့်ဝေပေးခြင်း၊ ရောဝတီမြစ်နှင့် မုန်းချောင်းဘေးအနီးမှ ကျေးရွာများတွင် ကမ်းပါးပြိုကျမှုအန္တရာယ် ကင်းဝေးစေရေးအတွက် ဗာတီဗာမြက် ပျိုးပင်များကို ပြုစုပျိုးထောင်၍ ကျေးရွာနေပြည်သူများနှင့် ပူးပေါင်းစိုက်ပျိုးခြင်း၊ ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောစိုက်ခင်းများ တည်ထောင် စိုက်ပျိုးခြင်းနှင့် သဘာဝဘေးကြောင့်ပျက်စီးသည့် သစ်တောသစ်ပင်များ ပြန်လည်ကောင်းမွန်လာစေရေးအတွက် ရေဝေရေလဲစိုက်ခင်းများ စိုက်ပျိုးခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ မြို့နယ်သစ်တောဦးစီးဌာနအနေနဲ့ လာမယ့် မိုးရာသီမှာ မြို့နယ်အတွင်း သဘာဝသစ်တောများ ပြန်လည် ကောင်းမွန်ရေးအတွက် ရေဝေရေလဲစိုက်ခင်း ဧက ၃၀ စိုက်ပျိုးသွားမှာ ဖြစ်ပါတယ်။ စိုက်ပျိုးမယ့် အရိပ်ရပင်တွေကိုလည်း မဲဇလီပျိုးဥယျာဉ်ခြံမှာ ပျိုးထောင်ထားရှိပြီး ဖြစ်ပါတယ်။ နောက်ပြီး သစ်တောပြုန်းတီးမှု လျော့နည်းစေရေးအတွက် ရွှေစက်တော်ဘေးမဲ့တောအတွင်း တောပျက်မြေကွက်လပ်များမှာ (၁/၂၀၁၅) ကျေးရွာ ထင်းစိုက်ခင်း ဧက ၅၀ နဲ့ (၁/၂၀၁၆) ကျေးရွာ ထင်းစိုက်ခင်း ၁၅ ဧကတို့ကို တည်ထောင်စိုက်ပျိုးနိုင်ခဲ့ပါတယ်။ လက်ရှိမှာ ကျေးရွာထင်းစိုက်ခင်းတွေဟာ အောင်မြင်ဖြစ်ထွန်းနေလို့ ကျေးလက်နေပြည်သူများရဲ့ လိုအပ်ချက်ဖြစ်တဲ့ ထင်းကို ဖြည့်ဆည်း ထောက်ပံ့ပေးနိုင်ပြီး သစ်တောပြုန်းတီးမှုကို လျှော့ချသွားနိုင်မှာဖြစ်ပါတယ်" ဟု ပွင့်ဖြူမြို့နယ် သစ်တောဦးစီးဌာနမှူးက ပြောကြားသည်။

ရွှေစက်တော်ကြိုးဝိုင်း အကွက်အမှတ် (၉)မှ ရေဝေရေလဲစိုက်ခင်း ဧက ၃၀ ၌ အရိပ်ရပင်များဖြစ်သော ယူကလစ်ပင် ၄၀၀၀ နှင့် ရှားပင် ၂၀၀၀ ကို စိုက်ပျိုးဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် လက်ရှိအချိန်တွင် အဆိုပါ ရေဝေရေလဲစိုက်ခင်းကို အောင်မြင်စွာ စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်သစ်တောဦးစီးအရာရှိ ဦးအောင်မော်ဦးဆောင်သည့် သစ်တောဝန်ထမ်းများအဖွဲ့က မြေကျင်းတူးခြင်းလုပ်ငန်းများကို ကြိုတင်ပြင်ဆင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရဲဝင်းနိုင်(ပြန်/ဆက်)**



ရေဝေရေလဲစိုက်ခင်းစိုက်ပျိုးရန် ကြိုတင်ပျိုးထောင်ထားသော ပျိုးပင်များ။

# သဖန်းဆိပ်ဆည် ရေသောက်ရေိယာအတွင်း နွေသီးနှံ ဧက ၇၀၀၀၀ ခန့်သာ စိုက်ပျိုးရေ ရရှိမည်

**မုံရွာ ဒီဇင်ဘာ ၆**

သဖန်းဆိပ်ဆည်၏ ဆည်ရေသောက် ဧရိယာအတွင်းမှ မြို့နယ် ငါးမြို့နယ်တွင် ယခုနှစ် နွေရာသီအတွင်း စိုက်ပျိုးရေလိုအပ်ချက် နည်းပါးသည့် နွေသီးနှံ ဧက ၇၀၀၀၀ ခန့်အတွက်သာ စိုက်ပျိုးရေရနိုင်မည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"ရာသီဥတုအခြေအနေအရ ဆည်အတွင်း ရေစီးဝင်မှုနည်းခဲ့တဲ့ အကျိုးဆက်ကြောင့် အခုနှစ်မှာလည်း နွေသီးနှံ ဧက ၇၀၀၀၀ လောက်ပဲ စိုက်ပျိုးရေ ရရှိမှာဖြစ်တယ်၊ အဲဒီအတွက် သီးနှံစိုက်ပျိုးမှုပုံစံတွေ ပြောင်းလဲစိုက်ပျိုးမှုအရ ရေလိုအပ်ချက်နည်းတဲ့ သီးနှံတွေကို ပြောင်းပြီး စိုက်ပျိုးရမှာဖြစ်တယ်၊ နွေနှမ်းနဲ့ နွေပဲတီစိမ်း သီးနှံတွေကို စိုက်ပျိုးနိုင်ဖို့ တောင်သူတွေနဲ့ ညှိနှိုင်းလုပ်ဆောင်သွားမှာ ဖြစ်ပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဝင်းလှိုင်ဦးက ပြောသည်။

ယခုနှစ် မိုးရာသီက သဖန်းဆိပ်ဆည်အတွင်းသို့ ရေစီးဝင်မှုနည်းခဲ့ပြီး နွေရာသီတွင် စိုက်ပျိုးရေ အလုံအလောက် ဖြန့်ဝေပေးနိုင်ခြင်းမရှိ၍ ရရှိသည့် စိုက်ပျိုးရေပမာဏနှင့် ကိုက်ညီမည့် ရေလိုအပ်ချက်နည်းပါးသော နွေသီးနှံများဖြစ်သည့် နွေနှမ်း ဧက ၃၂၃၀၀ နှင့် နွေပဲတီစိမ်း ဧက ၃၇၇၀၀၊ စုစုပေါင်း ဧက ၇၀၀၀၀ ကို စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

ယခုနှစ် နွေသီးနှံစိုက်ရာသီအတွင်း နွေနှမ်းနှင့် နွေပဲတီစိမ်းကို စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မြို့နယ်အလိုက် စိုက်ပျိုးမှုအနေဖြင့် ရွှေဘိုမြို့နယ်အတွင်း ဧက ၆၀၀၀၊ ခင်ဦးမြို့နယ်အတွင်း ဧက ၁၄၀၀၀၊ ရေဦးမြို့နယ်အတွင်း ဧက ၁၀၀၀၀၊ ဒီပဲယင်းမြို့နယ်အတွင်း ဧက ၂၅၀၀၀ နှင့် ကန့်ဘလူမြို့နယ်အတွင်း ဧက ၁၅၀၀၀ တို့ကို စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**



# စိုက်ပျိုးမြေဧက ၈၀၀ ကျော်ကို အကျိုးပြုမည့် ကျေးရွာကုန်ထုတ်လမ်းဖောက်လုပ်မှု ရာနှုန်းပြည့်ပြီးစီး

**အောင်လံ ဒီဇင်ဘာ ၆**

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ရာသီဥတုနှင့် လိုက်လျောညီထွေဖြစ်စေမည့် စိုက်ပျိုးစီးပွားရေးလုပ်ငန်းဆိုင်ရာ တန်ဖိုးကွင်းဆက်စီမံကိန်း(CFAVC)မှ ရန်ပုံငွေဖြင့် စိုက်ပျိုးမြေဧက ၈၀၀ ကျော်ကို အကျိုးပြုမည့် ကျေးလက်ကုန်ထုတ်လမ်းကို သံချိတ်ကျေးရွာ၌ ဇူလိုင်လမှ စတင်ဖောက်လုပ်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

သံချိတ်ကျေးရွာ ကုန်ထုတ်လမ်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အာရှဖွံ့ဖြိုးရေးဘဏ်(ADB)နှင့် ကမ္ဘာလုံးဆိုင်ရာ စိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာ ဖူလုံရေးအစီအစဉ်(GAFSP)တို့နှင့် ပူးပေါင်း၍ CFAVC စီမံကိန်းခွင့်ပြုရန်ပုံငွေ ကျပ် ၁၁၃ ဒသမ ၄၇၂ သန်းဖြင့် ဖောက်လုပ်ခြင်းဖြစ်ကာ လမ်းသည် အရှည် နှစ်မိုင်၊ အကျယ် ၁၂ ပေရှိပြီး အမြင့် ကျောက်ရောမြေ တစ်ပေထု၊ မြေနီကျောက်စရစ် ကိုးလက်မထု ခင်းခြင်းများ ဆောင်ရွက်၍ လမ်းပေါ်တွင် Box Culvert လေးစင်းနှင့် အရှည်ပေ ၅၀၊ အကျယ် ၁၈ ပေရှိ ရေကျော်တစ်စင်းလည်း ပါဝင်သည်။ လုပ်ငန်းများကို တင်ဒါအောင်မြင်သည့် မုဒုံမောင်မောင်ကုမ္ပဏီက တာဝန်ယူဆောင်ရွက်ခဲ့ပြီး ယခုအခါ လုပ်ငန်းအားလုံး ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်၍ သံချိတ်ကျေးရွာဝန်းကျင်ရှိ စိုက်ပျိုးမြေ ၈၈၇ ဧကမှ ထွက်ရှိသော လယ်ယာထုတ်ကုန်၊ ထွက်ကုန်များကို ဈေးကွက်အတွင်းသို့ ကုန်ကျစရိတ်သက်သာစွာ အလွယ်တကူ သယ်ယူပို့ဆောင်နိုင်ရန် အကျိုးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သန်းလွင်(မကွေး)**

# နေပြည်တော် မြို့မဈေးနှင့် သပြေကုန်းဈေးတွင် နှာခေါင်းစည်းတပ်ဆင်ရေး ပညာပေးလှုပ်ရှားမှုပြုလုပ်

**ဇမ္ဗူသီရိ ဒီဇင်ဘာ ၆**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်မှုအရ နေပြည်တော် အားကစားနှင့် ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသက်လွင်ဦးဦးဆောင်၍ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာဝန်ထမ်းများနှင့် အမျိုးသမီးရေးရာအဖွဲ့မှ တာဝန်ရှိသူများ၊ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ ပူးပေါင်းပါဝင်၍ နှာခေါင်းစည်းတပ်ဆင်ရေး အသိပညာပေးလှုပ်ရှားမှုကို မြို့မဈေးနှင့် သပြေကုန်းဈေးတို့၌ ဒီဇင်ဘာ ၅ ရက်က ပြုလုပ်ခဲ့သည်။

အဆိုပါဈေးများမှ ဈေးရောင်းသူ၊ ဈေးဝယ်သူများနှင့် လမ်းသွားလမ်းလာ ပြည်သူများအား နှာခေါင်းစည်း အခုရေ ၃၀၀၀ ကို အခမဲ့ဖြန့်ဝေပေး၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး သရုပ်ပြကပြဖျော်ဖြေခြင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ချမှတ်ပေးထားသည့် ဆောင်ရန်/ရှောင်ရန် စည်းကမ်းများကိုအသိပေး လှုံ့ဆော်ကြေညာခြင်းများကို ပူးပေါင်းဆောင်ရွက်ခဲ့ကြခြင်း ဖြစ်သည်။

နေပြည်တော်တွင် ယနေ့အချိန်အထိ ကိုဗစ်-၁၉ ရောဂါပိုး တွေ့ရှိသူ ၄၆၄ ဦး၊ ဆေးရုံဆင်းခွင့်ရသူ ၃၈၂ ဦးနှင့် သေဆုံးသူ ငါးဦးရှိကြောင်း နေပြည်တော်ကောင်စီမှ ထုတ်ပြန်ချက်အရ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဟိုပုံးမြို့နယ်အတွင်းမှ ဘိန်းစိုက်ခင်း ၂၃၂ ဧကကို ဖျက်ဆီး

**ဟိုပုံး ဒီဇင်ဘာ ၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်မှ ဘိန်းစိုက်ပျိုးမှုရှိသည့် ကျေးရွာဖြစ်သော စံဖူးကျေးရွာအုပ်စု ကျောက္ကချားကျေးရွာအတွင်းရှိ ဘိန်းခင်းများကို ဖျက်ဆီးလျက်ရှိရာ နိုဝင်ဘာ ၂၇ ရက်မှ ဒီဇင်ဘာ ၄ ရက်အတွင်း ဘိန်းစိုက်ခင်း ၂၃၂ ဧကကို ဖျက်ဆီးပြီးဖြစ်ကြောင်း ဟိုပုံးမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

အဆိုပါ ဘိန်းခင်းများကို ဖျက်ဆီးရာတွင် ဒုတိယ ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဇော်မင်းအောင်နှင့် တပ်ဖွဲ့ဝင်များ၊ ဟိုပုံးမြို့ နယ်မြေခံတပ်မှ တပ်မတော်သားများ၊ ဟိုပုံးမြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် တပ်ဖွဲ့ဝင်များ၊ မူးယစ်တပ်ဖွဲ့စု(၂၅) တောင်ကြီးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်း ဘိန်းဖျက်ဆီးရေးအဖွဲ့၊ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုနှင့် မြေစာရင်းဦးစီးဌာန၊ မြို့နယ်သစ်တောဦးစီးဌာန၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနတို့မှ ဝန်ထမ်းများ စုစုပေါင်း ၅၀ ပူးပေါင်းပါဝင်၍ ဖျက်ဆီးခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ချောက်မြို့နယ်၌ လက်ဖက်ရည်ဆိုင်နှင့် စားသောက်ဆိုင် ၅၀ ကို ဆိုင်ထိုင်ရောင်းချခွင့်ပြု

**ချောက် ဒီဇင်ဘာ ၆**

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်တွင် ကိုဗစ်-၁၉ ကာကွယ်ရေးဆိုင်ရာ (A)အဆင့် သတ်မှတ်စံနှုန်းများဖြင့် ကိုက်ညီသော လက်ဖက်ရည်ဆိုင်နှင့် စားသောက်ဆိုင် ၅၀ ကို ဒီဇင်ဘာ ၅ ရက်မှစ၍ ဆိုင်ထိုင်စားစနစ်ဖြင့် ရောင်းချရန် ပြန်လည်ခွင့်ပြုခဲ့ကြောင်း သိရသည်။

မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့တို့၏ ညွှန်ကြားချက်ဖြင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် သက်ဆိုင်သည့် ဌာနဆိုင်ရာတာဝန်ရှိသူများ ပူးပေါင်း၍ လက်ဖက်ရည်ဆိုင်၊ စားသောက်ဆိုင်များကို ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ကွင်းဆင်းစစ်ဆေးကြည့်ရှုခဲ့ရာ ချောက်မြို့နယ်တွင် ဆိုင်ပေါင်း ၁၃၀ ရှိသည့်အနက် ၇၇ ဆိုင်ကိုသာ စစ်ဆေးနိုင်ခဲ့ပြီး ဆိုင် ၅၀ ကသာ (A)အဆင့် သတ်မှတ်စံချိန်စံနှုန်းဖြင့် ကိုက်ညီ၍ ဖွင့်လှစ်ခွင့်ရခြင်းဖြစ်ကြောင်း သိရသည်။

စံနှုန်းများအနေဖြင့် ဆိုင်အဝင်ဝတွင် လက်ဆေးဘေစင်ထားရန်၊ ဆိုင်ဝန်ထမ်းများအနေဖြင့် ရင်ဘတ်အကာ၊ မျက်နှာအကာနှင့် နှာခေါင်းစည်းတို့ကို အမြဲတပ်ဆင်ထားရန်၊ အပူချိန်တိုင်းတာခြင်းများ ဆောင်ရွက်ရန်၊ ကိုဗစ်-၁၉ ရောဂါ အသိပညာပေး ပိုစတာများကို မြင်သာထင်သာသောနေရာများတွင် ကပ်ထားပေးရန်၊ ဆိုင်အတွင်း စားသောက်သူများကြား၌ ပလတ်စတစ်အကြည်/မှန်တို့ဖြင့် ကာရံပေးထားရန် စသော အချက်များကို ကွင်းဆင်းစစ်ဆေးမှုများ ပြုလုပ်ခဲ့ကြောင်း ကျန်ရှိနေသော ဆိုင်အရေအတွက် ၈၀ ခန့်ကိုလည်း ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ကွင်းဆင်းစစ်ဆေး အကြံပေးခြင်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်မိုး(ပြန်/ဆက်)**



# ကျေးရွာဘက်စုံကဏ္ဍဖွံ့ဖြိုးဖို့ အားလုံးပါဝင် အကောင်အထည်ဖော် ဆောင်ရွက်ကြပါစို့

သက်ရတနာထွန်း(ကျေးလက်ဦးစီး)

**ဘက်စုံကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး**

တိုင်းပြည်တစ်ပြည် ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဘက်စုံကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန် မလိုအပ်ပေဘူးလားဆိုတဲ့ မေးခွန်းဟာ ကျွန်မတို့ လူသားအားလုံးရဲ့ ခေါင်းထဲမှာ အမြဲတွေးတော စဉ်းစားနေတဲ့ ခေါင်းစဉ်ဆိုလည်း မမှားနိုင်ပါဘူး။ ကျွန်မတို့နေထိုင်ရာ မြန်မာနိုင်ငံဟာ ဖွံ့ဖြိုးဆဲနိုင်ငံများထဲမှာ ပါဝင်တဲ့ တိုင်းပြည်တစ်ခုဖြစ်တဲ့အတွက် ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ဖို့ အခြားသောတိုင်းပြည်များထက်ပို၍ လိုအပ်ပါတယ်။ ထိုသို့ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရန်အတွက် ကဏ္ဍစုံလို့ ပြောတဲ့အခါ ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်တဲ့ အဆင့်ဆင့်ကိုလည်း ချန်ထားခဲ့လို့ မရပါဘူး။ အဆင့်ဆင့်ဆိုရာမှာ တိုင်းပြည်တစ်ပြည် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကျေးရွာအဆင့်၊ ကျေးရွာအုပ်စုအဆင့်၊ မြို့နယ်အဆင့်၊ ခရိုင်အဆင့်၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့်၊ ပြည်ထောင်စုအဆင့်ဟူ၍ အဆင့်ဆင့် ရှိပါတယ်။ ထိုအဆင့်များထဲမှ ယခုအခါ နိုင်ငံတော်မှ မူဝါဒချမှတ်အကောင်အထည်ဖော်နေသည့် Bottom Up Planning စနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်တဲ့အခါမှာ ကျေးရွာအဆင့်ဟာ အဓိကကျတဲ့ အခန်းကဏ္ဍမှ ပါဝင်နေပါတယ်။

**ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း(VDP)**

၂၀၁၄ ခုနှစ်က အတည်ပြုချမှတ်ခဲ့တဲ့ ကျေးလက်ဖွံ့ဖြိုးရေး မဟာဗျူဟာမူဘောင်(RDSF)နှင့်အညီ ရေးဆွဲခဲ့တဲ့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရဲ့ ဘက်စုံ စွမ်းဆောင်ရည်မြှင့်တင်ရေး အစီအစဉ်(၂၀၁၄-၂၀၁၈) (Comprehensive Capacity Development Plan-2014-2018)ပါ လုပ်ငန်းစဉ်တစ်ခုဖြစ်တဲ့ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း(VDP)ကို ၂၀၁၅ ခုနှစ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါတယ်။

နိုင်ငံတော်၏ ရန်ပုံငွေလျာထားမှုဆိုင်ရာ မူဝါဒမှာ Top-down Budgeting and Bottom-up Planning စနစ်ကို လက်တွေ့ကျင့်သုံးဆောင်ရွက်လျက်ရှိရာ ပြည်သူလူထု ပူးပေါင်းပါဝင်ဆောင်ရွက်တဲ့ Bottom-up Planning Process ကို အလွှာအသီးသီး၌ လည်ပတ်ဆောင်ရွက်နိုင်ရေးအတွက် နည်းပညာပိုင်းဆိုင်ရာ၊ အဖွဲ့အစည်းဆိုင်ရာ စနစ်များ ထူထောင်ဆောင်ရွက်သွားရန် လိုအပ်လျက်ရှိပါတယ်။ ယင်းလိုအပ်ချက်ဖြစ်တဲ့ Bottom-up Planning and Budgeting Process ကို အထောက်အကူပြုနိုင်ရန် ရည်ရွယ်ပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP)ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းဟာ Bottom Up Planning စနစ်မှာ သိသာထင်ရှားသော စီမံကိန်းတစ်ခုဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုရင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း ရေးဆွဲ အကောင်အထည်ဖော်ရာမှာ ပါဝင်ပတ်သက်ကြသူ အားလုံးဟာ ကျေးရွာအဆင့်တွင် နေထိုင်တဲ့ အလွှာစုံမှ ကျေးရွာသူ ကျေးရွာသားများဖြစ်ပြီး မိမိကျေးရွာရဲ့ လိုအပ်ချက်တွေကို မိမိတို့ကိုယ်တိုင်ရေးဆွဲပြီး ကိုယ်တိုင်ကိုယ်ကျ အကောင်အထည်ဖော်ဆောင်ရွက်ရတဲ့အတွက် ဖြစ်ပါတယ်။

**ကျေးရွာသူ ကျေးရွာသားတို့ရဲ့ အသံ**

ကျေးရွာတစ်ရွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော ကဏ္ဍစုံ လိုအပ်ချက်တွေကို ကျေးရွာမှာ နေထိုင်လျက်ရှိတဲ့ ကျေးရွာသူ ကျေးရွာသားတွေက အသိရှိဆုံး ဖြစ်ပါတယ်။ သည့်အတွက် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး စီမံချက်တွေကို ရေးဆွဲရာမှာ ထိုကျေးရွာမှာ နေထိုင်တဲ့ ကျေးရွာသူ ကျေးရွာသားတို့ရဲ့ အသံဟာ အဓိကအကျဆုံးလည်း ဖြစ်ပါတယ်။

ကျေးရွာရဲ့လိုအပ်ချက်တွေကို ဖွံ့ဖြိုးရေးအစီအစဉ်တစ်ခုအနေနဲ့ ထွက်ရှိလာအောင် တစ်ရွာလုံးကို ဆော်ဩရတဲ့ ကျေးရွာစေတနာ့ဝန်ထမ်းတွေရဲ့ အခန်းကဏ္ဍသည်လည်း အရေးကြီးပါတယ်။ ထို စေတနာ့ဝန်ထမ်းတွေ၊ ကျေးရွာသူ ကျေးရွာသားတွေနဲ့ ဝိုင်းဝန်းဆွေးနွေးမှုတွေပြုလုပ်နိုင်အောင် ပံ့ပိုးပေးရတဲ့ မြို့နယ်အဆင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းတွေရဲ့ အခန်းကဏ္ဍဟာလည်း အရေးကြီးလှပါတယ်။

**စီမံကိန်းဆောင်ရွက်ရန် ရွေးချယ်ပုံ**

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းတွေ ဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာတွေ ရွေးချယ်တဲ့အခါ အိမ်ထောင်စုများသော ကျေးရွာများ၊ ကျေးရွာထည့်ဝင်ငွေဖြင့် ပေါင်းစပ်ဆောင်ရွက်လိုတဲ့ ရွာတွေနဲ့ ကျေးရွာသူ ကျေးရွာသားတွေရဲ့ စိတ်ပါဝင်စားမှုမြင့်မားတဲ့ ကျေးရွာတွေ၊ ကျေးရွာရဲ့ စည်းလုံးမှုနဲ့ စိတ်အားထက်သန်မှုရှိတဲ့ ကျေးရွာတွေ၊ လမ်းပန်းဆက်သွယ်ရေးနဲ့ နယ်မြေလုံခြုံရေးကောင်းမွန်သော ကျေးရွာတွေ၊ ဘယ်စီမံကိန်းမှ မရရှိသေးတဲ့ ကျေးရွာတွေကို ဦးစားပေး စဉ်းစားပြီးတော့ ရွေးချယ်ရပါတယ်။

> **“ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ရေးဆွဲအကောင်အထည်ဖော်ရာမှာ ပါဝင်ပတ်သက်ကြသူ အားလုံးဟာ ကျေးရွာအဆင့်တွင် နေထိုင်တဲ့ အလွှာစုံမှ ကျေးရွာသူ ကျေးရွာသားများဖြစ်ပြီး မိမိကျေးရွာရဲ့ လိုအပ်ချက်များကို မိမိတို့ကိုယ်တိုင်ရေးဆွဲပြီး ကိုယ်တိုင်ကိုယ်ကျ အကောင်အထည်ဖော် ဆောင်ရွက်ရတာ ဖြစ်ပါတယ်။ ကျေးရွာတစ်ရွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော ကဏ္ဍစုံ လိုအပ်ချက်များကို ကျေးရွာတွင်နေထိုင်လျက်ရှိတဲ့ ကျေးရွာသူ ကျေးရွာသားများက အသိရှိဆုံး ဖြစ်ပါတယ်။ သည့်အတွက် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး စီမံချက်များကို ရေးဆွဲရာမှာ ထိုကျေးရွာမှာ နေထိုင်တဲ့ ကျေးရွာသူ ကျေးရွာသားတို့ရဲ့ အသံဟာ အဓိကအကျဆုံးလည်း ဖြစ်ပါတယ်”**

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းကို ရရှိတဲ့ ကျေးရွာအနေနဲ့ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နိုင်ရန်အတွက် ပထမဦးစွာ ကျေးရွာမှာပဲ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစီမံကိန်းအကြောင်း မိတ်ဆက်ရှင်းလင်းခြင်းကို မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဦးဆောင်ဦးရွက်ပြု ဆောင်ရွက်ပေးပြီး အဆိုပါ မိတ်ဆက်ရှင်းလင်းတဲ့ အစည်းအဝေးမှာ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များ ရေးဆွဲဆောင်ရွက်တဲ့အခါ ကျေးရွာမှ ကူညီပေးနိုင်မယ့် စိတ်အားထက်သန်တဲ့ ကျေးရွာစေတနာ့ဝန်ထမ်း နှစ်ဦးကို ရွေးချယ်ရပါတယ်။

ရွေးချယ်ထားတဲ့ စေတနာ့ဝန်ထမ်းတွေကို ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာမှာ အဓိကကျတဲ့ လူမှုစီးပွားဆိုင်ရာ ကျေးရွာရဲ့ အခြေခံအချက်အလက်များ ကောက်ယူနိုင်ရန်အတွက် လိုအပ်သော သင်တန်းတွေပေးခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်မယ့် လုပ်ငန်းတွေအတွက် ရန်ပုံငွေပြင်ဆင်နိုင်ဖို့ သင်တန်းပေးခြင်းတို့ကို ဆောင်ရွက်ရပါတယ်။

**စီမံကိန်းဆောင်ရွက်ပုံအဆင့်ဆင့်**

သင်တန်းတက်ပြီးတဲ့ စေတနာ့ဝန်ထမ်း နှစ်ဦးနဲ့ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနတို့ ပူးပေါင်းပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်မယ့် ကျေးရွာမှာ ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု လုပ်ငန်းကော်မတီဖွဲ့စည်းခြင်း၊ ကျေးရွာအတွင်းရှိ ကျေးရွာသူ ကျေးရွာသားတွေနဲ့ ကျေးရွာရဲ့ ဖွံ့ဖြိုးရေးအတွက် လိုအပ်တဲ့ ကဏ္ဍအလိုက် ဦးစားပေးလုပ်ငန်းများအား ဖော်ထုတ်ခြင်းတို့ကို ဆောင်ရွက်ရပါတယ်။

ကျေးရွာဖွံ့ဖြိုးရေးလို့ ဆိုတဲ့အတိုင်း ကျေးရွာတွေရဲ့ လိုအပ်ချက်တွေဟာ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ လူမှုစီးပွားကဏ္ဍ၊ လမ်းပန်းဆက်သွယ်ရေးကဏ္ဍ၊ စိုက်ပျိုး/မွေးမြူရေးကဏ္ဍ၊ အသက်မွေးဝမ်းကျောင်းကဏ္ဍ အစရှိတဲ့ အမျိုးမျိုးအဖုံဖုံ စုံလင်လျက် ဦးစားပေးအစီအစဉ်အလိုက် ထွက်ရှိလာပါတယ်။ စီမံကိန်းရဲ့ ရည်ရွယ်ချက်အရ ကျေးရွာရဲ့ ဖွံ့ဖြိုးရေးအတွက် လိုအပ်လျက်ရှိတဲ့ ကဏ္ဍအသီးသီးမှလိုအပ်ချက်တွေကို ဖော်ထုတ်ပေးရုံသာမက ထိုကဏ္ဍတွေထဲမှ လုပ်ငန်းအချို့ကို စံနမူနာအနေနဲ့ ကျေးရွာသူ ကျေးရွာသားတွေ လုပ်တတ်ကိုင်တတ်ရှိလာစေဖို့ လေ့ကျင့်သင်ကြားပေးတဲ့အနေဖြင့် နိုင်ငံတော်ထောက်ပံ့ငွေ ကျပ်သိန်း ၁၀၀ နဲ့ ကျေးရွာနေပြည်သူတွေကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက်စေပါတယ်။

ကျေးရွာများမှ ဦးစားပေးတောင်းဆိုကြတဲ့ လုပ်ငန်းတွေအနက် စံနမူနာအနေနဲ့ လုပ်ဆောင်ပေးနိုင်တဲ့ လုပ်ငန်းတွေမှလွဲပြီး အခြားသော ကျန်ရှိနေတဲ့ ကျေးရွာရဲ့ လိုအပ်ချက်တွေကို မြို့နယ်အဆင့် သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ပြီး Township planning and budgeting ရေးဆွဲရာမှာ ထည့်သွင်းဆောင်ရွက်သွားနိုင်ဖို့ ရည်ရွယ်ပြီး အလုပ်ရုံဆွေးနွေးပွဲတွေ ကျင်းပသွားနိုင်ရန်လည်း စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

**နှစ်အလိုက် ဆောင်ရွက်နိုင်ခဲ့မှု**

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းကို ဆောင်ရွက်နိုင်ခဲ့မှု အတိုင်းအတာအနေနဲ့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှ ယခု ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အထိ နေပြည်တော်ကောင်စီနယ်မြေနဲ့ တိုင်းဒေသကြီး/ပြည်နယ် ၁၄ ခုက မြို့နယ်ပေါင်း ၂၅၈ မြို့နယ်မှ ကျေးရွာပေါင်း ၁၃၇၉၆ ရွာမှာ စီမံချက်လုပ်ငန်းပေါင်း ၁၁၇၆၃၅ ခုကို ရေးဆွဲနိုင်ခဲ့ပြီး စံနမူနာအနေဖြင့် ကျေးရွာတစ်ရွာကို နိုင်ငံတော်ထောက်ပံ့ငွေ ကျပ်သိန်း ၁၀၀ ရင်းနှီးမြှုပ်နှံမှုဖြင့် ကျေးရွာပေါင်း ၈၁၇၄ ရွာမှာ လုပ်ငန်းပေါင်း ၈၉၄၇ ခုကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါတယ်။

လုပ်ငန်းအမျိုးအစားတွေအနေနဲ့ လမ်း/တံတားလုပ်ငန်း ၆၁၆၂ ခု၊ ကျေးရွာရေရရှိရေးလုပ်ငန်း ၈၉၂ ခု၊ ကျေးရွာမီးလင်းရေးလုပ်ငန်း ၄၈၉ ခု၊ ပညာရေးဆိုင်ရာ အဆောက်အအုံ ပြုပြင်ထိန်းသိမ်းခြင်းနဲ့ တည်ဆောက်ခြင်းလုပ်ငန်း ၅၅၅ ခု၊ ကျန်းမာရေးဆိုင်ရာ အဆောက်အအုံ ပြုပြင်ထိန်းသိမ်းခြင်းနှင့် တည်ဆောက်ခြင်းလုပ်ငန်း ၇၂ ခု၊ ကျေးရွာဘက်စုံသုံးခန်းမ တည်ဆောက်ခြင်း ၄၉၁ ခု၊ ကျေးရွာစာကြည့်တိုက် တည်ဆောက်ခြင်း ၃၇ ခုနဲ့ အခြားသော ကျေးရွာရဲ့ ဖွံ့ဖြိုးရေးလုပ်ငန်း ၂၄၉ ခုတို့ကို ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ကျေးရွာများမှာ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းတွေ ဆောင်ရွက်တဲ့အခါ အဆင်ပြေချောမွေ့စေရန်နဲ့ စံနမူနာအနေနဲ့ ပြုလုပ်သောလုပ်ငန်းတွေ ရေရှည်တည်တံ့ဖို့အတွက် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲတဲ့ ကျေးရွာတိုင်းမှာ ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု လုပ်ငန်းကော်မတီကို ကျေးရွာနေပြည်သူ အမျိုးသား အမျိုးသမီးများ ပါဝင်ဖွဲ့စည်းထားရှိရာ ကော်မတီဝင် စုစုပေါင်း ၁၂၄၁၆၄ ဦး ရှိပါတယ်။

**စီမံကိန်းရဲ့ အကျိုးကျေးဇူးတွေ**

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်တဲ့ ကျေးရွာများမှ ကျေးရွာသူ ကျေးရွာသားတွေအနေနဲ့ စီမံကိန်းမှာ ပါဝင်ဆောင်ရွက်ခြင်းအားဖြင့် မိမိကျေးရွာရဲ့ လက်ရှိအခြေအနေကို သုံးသပ်လာနိုင်ခြင်း၊ မိမိကျေးရွာမှာ ဦးစားပေးလုပ်ဆောင်သင့်တဲ့ ကဏ္ဍကို သုံးသပ်လာနိုင်ခြင်း၊ ကျေးရွာတွင်းရှိ ပိုင်ဆိုင်သော သဘာဝရင်းမြစ်တွေကို တန်ဖိုးထားတတ်လာခြင်းနဲ့ နည်းစနစ်မှန်စွာ သုံးစွဲလာနိုင်ခြင်း၊ အမျိုးသမီးများရဲ့ အခန်းကဏ္ဍကို ထည့်သွင်းစဉ်းစားရမှာကို သိရှိလာခြင်း၊ ပူးပေါင်းဆောင်ရွက်တတ်တဲ့ အလေ့အကျင့်များ ရရှိလာခြင်း၊ စာရင်းဇယားတွေ ပြုစုထိန်းသိမ်းလာနိုင်ခြင်း၊ တာဝန်ယူမှု တာဝန်ခံမှု အားကောင်းလာခြင်းနဲ့ အခြေခံအဆောက်အအုံဆိုင်ရာ စံနမူနာ လုပ်ဆောင်ရတဲ့အတွက် နည်းပညာပိုင်းဆိုင်ရာ တိုးတက်လာခြင်းတို့ကို တွေ့ရှိရပါတယ်။

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းကို တစ်နိုင်ငံလုံး အတိုင်းအတာအနေနဲ့ ဆက်လက် တိုးချဲ့ဆောင်ရွက်သွားမှာဖြစ်တာကြောင့် ကျေးရွာတိုင်းမှာ ကျေးရွာသူ ကျေးရွာသားတွေကိုယ်တိုင် ဖော်ထုတ်ရေးဆွဲထားတဲ့၊ ကျေးရွာဖွံ့ဖြိုးရေးအတွက် ပကတိ လိုအပ်တဲ့ ကဏ္ဍအလိုက် ကျေးရွာဖွံ့ဖြိုးရေးအစီအမံများ ဖော်ထုတ်ပြီးသား ရှိလာမှာဖြစ်တဲ့အတွက် အကောင်အထည်ဖော်ဆောင်ရွက်ပေးမယ့်သူများအနေနဲ့ အလွယ်တကူ ရယူသုံးစွဲပြီး အထောက်အပံ့ပေးခြင်းတွေကို ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။

